LA PYI WUN Gold Mining Company Ltd.
No.(139/1), Thanthumar Road, Thuwunna, 11072, Yangon, Myanmar.
☎: (951) 570 890 Fax : (951) 572 588

Email - lpwgoldmining@gmail.com

ကချင်ပြည်နယ်၊ ဧခါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသ၊ လုပ်ကွက်အမှတ် (၁) တွင် ခဲနှင့်ရောရောသတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း

(INITIAL ENVIRONMENTAL EXAMINATION - IEE) အစီရင်ခံစာ



အေးမောင်

(ဘူမိဗေဒပညာရှင်)

Kalaw Citizen Mineral Exploration and Mining Co., Ltd

Certificate For Transitional Consultant

Registration No. 0022 (1.7.2017)

Ph. 09 - 254758230, 09 - 428325418

E-mail ; ayemaung.geol.klw@gmail.com

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၀) ရက်

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

LA PYI WUN GOLD MINING COMPANY LIMITED

No.(139/1), Thanthumar Road, Thuwunna, 11072, Yangon, Myanmar.

Phone : (951) 570 890 Fax : (951) 572 588

Email - lpwgoldmining@gmail.com

ကချင်ပြည်နယ်၊ ဓာတ်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသ၊ လုပ်ကွက်အမှတ် (၁) တွင် ခဲနှင့်ရောရောသတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း

(INITIAL ENVIRONMENTAL EXAMINATION - IEE) အစီရင်ခံစာ

အေးမောင်

(ဘူမိဗေဒပညာရှင်)

Kalaw Citizen Mineral Exploration and Mining Co., Ltd

Certificate For Transitional Consultant

Registration No. 0022 (1.7.2017)

Ph. 09 - 254758230, 09 - 428325418

E-mail ; ayemaung.geol.klw@gmail.com

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အကျဉ်းချုပ်အစီရင်ခံစာ	၁-၁၈
၂။	**နိဒါန်း**	၁၉
၃။	**ကတိကဝတ်များ**	၂၂
	၃.၁။ စီမံကိန်းပိုင်ရှင်၏ ကတိကဝတ်	၂၂
	၃.၂။ စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ	၂၃
	၃.၃။ တတိယအဖွဲ့အစည်း၏ ကတိကဝတ်	၂၅
၄။	**မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ**	၂၆
	၄.၁။ ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာ မူဝါဒများ	၂၆
	၄.၂။ လိုက်နာသွားမည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ	၂၇
	၄.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ	၂၉
၅။	**စီမံကိန်းအကြောင်းအရာဖော်ပြချက်များ**	၃၅
	၅.၁။ စီမံကိန်းတည်နေရာ	၃၅
	၅.၂။ စီမံကိန်းအရွယ်အစား	၃၅
	၅.၃။ လမ်းပန်းဆက်သွယ်ရေး	၃၅
	၅.၄။ စီမံကိန်းကာလ	၃၆
	၅.၅။ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအဆင့်များ	၃၆
	၅.၆။ ခဲသတ္တုတူးဖော်ထုတ်လုပ်သန့်စင်ပုံအဆင့်ဆင့်ပြဇယား	၃၈
	၅.၇။ သတ္တုသိုက်ဆိုင်ရာအချက်အလက်များ	၃၉
	၅.၈။ စီမံကိန်းတွင်ဆောက်လုပ်မည့်အဆောက်အဦးများ	၃၉
	၅.၉။ ဝန်ထမ်းအင်အား	၄၀
	ဝန်ထမ်းဖွဲ့စည်းပုံဇယား	၄၀
	၅.၁၀။ စက်ယန္တယားအင်အား	၄၁
	၅.၁၁။ တစ်ရက်အလုပ်လုပ်ချိန်	၄၁
	၅.၁၂။ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်	၄၂
	၅.၁၃။ လောင်စာဆီလိုအပ်ချက်	၄၂
	၅.၁၄။ ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှု	၄၄
	၅.၁၅။ သတ္တုသိုက်၏ ခန့်မှန်းပမာဏ	၄၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၅.၁၆။ တစ်နှစ်လျှင်မျော်မှန်းထွက်ရှိမှု	၄၄
	၅.၁၇။ မြေအောက်ရေအခြေအနေ	၄၄
	၅.၁၈။ ယမ်းအသုံးပြုမှု	၄၄
	၅.၁၉။ စွန့်ပစ်မြေစာ၊ ကျောက်စာများအား စုပုံထားရှိမည့်အခြေအနေ	၄၅
	၅.၂၀။ စွန့်ပစ်ပစ္စည်းထွက်ရှိမှု	၄၅
	၅.၂၁။ မြေပုံနှင့်ကားချပ်များ	၄၇
	ပုံ (၁) လုပ်ကွက်ဒေသကြီး၏ ကောင်းကင်ခါတ်ပုံ	၄၈
	ပုံ (၂) လုပ်ကွက်၏ တည်နေရာပြကောင်းကင်ခါတ်ပုံ	၄၉
	ပုံ (၃) လုပ်ကွက်၏ တည်နေရာပြမြေပုံ	၅၀
	ပုံ (၃-က) သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုတည်နေရာပြမြေပုံ	၅၁
	ပုံ (၃-ခ) သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုတည်နေရာပြမြေပုံ	၅၂
	ပုံ (၄) လုပ်ကွက်၏ ကောင်းကင်ခါတ်ပုံ Layout Plan Map	၅၃
	ပုံ (၅) လုပ်ကွက်၏ Layout Plan Map (One Inch Map)	၅၄
	ပုံ (၆) လုပ်ကွက်၏ Layout Plan Map (Skeleton Map)	၅၅
	ပုံ (၇) ထိခိုက်မှုများအား ဆန်းစစ်လေ့လာမည့်နယ်နိမိတ်ပြမြေပုံ	၅၆
	ပုံ (၈) စီမံကိန်းကြောင့် ထိခိုက်မှုရှိလာနိုင်သည့်ဧရိယာပြမြေပုံ	၅၇
	ပုံ (၉) Underground Mine Design	၅၈
	ပုံ (၁၀) Adit, Drift and Crosscut	၅၉
	ပုံ (၁၁) Forepoling (Spiling)	၆၀
	ပုံ (၁၂) Use of Stulls	၆၀
	ပုံ (၁၃) Methods of Timbering	၆၂
	ပုံ (၁၄) Shaft Set for Vertical Shaft	၆၃
	ပုံ (၁၅) Dumping Site Design	၆၄
	ပုံ (၁၆) Retaining Wall Design	၆၅
	ပုံ (၁၇) လုပ်ငန်းခွင်မှထွက်ရှိသည့် စွန့်ပစ်ရေအား စွန့်ထုတ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား	၆၆
၆။	**လက်ရှိပတ်ဝန်းကျင်အခြေအနေများ**	၆၇
	၆.၁။ Primary Data နှင့် Secondary Data များ	၆၇
	၆.၂။ နည်းစနစ်	၆၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၆.၃။ ဒေသ၏အုပ်ချုပ်ရေးယန္တယား	၆၇
	၆.၄။ ရွာပဆိုင်ရာဒေသန္တရအခြေအနေ	၆၇
	၆.၅။ ဒေသတွင်းရာသီဥတု	၆၉
	၆.၆။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်	၆၉
	၆.၇။ လက်ရှိပတ်ဝန်းကျင်အခြေအနေများအားဆန်းစစ်လေ့လာခြင်း	၇၀
	၆.၇.၁။ ဆူညံသံနှင့်တုန်ခါမှု	၇၀
	၆.၇.၂။ ရေအရည်အသွေး	၇၂
	၆.၇.၃။ လေအရည်အသွေး	၇၄
	၆.၇.၄။ မြေထုအခြေအနေ	၇၅
	၆.၈။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဖော်ပြချက်	၇၈
	၆.၈.၁။ စီမံကိန်းနှင့်အနီးဆုံးရှိလူမှုပတ်ဝန်းကျင်အခြေအနေ	၇၈
	၆.၈.၂။ ဒေသတွင်းလူနေထိုင်မှုအခြေအနေ	၇၉
	၆.၈.၃။ ဝင်ငွေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ	၇၉
	၆.၈.၄။ သဘာဝရေအရင်းအမြစ်ရရှိမှု	၈၀
	၆.၈.၅။ ဒေသတွင်းပညာရေး	၈၀
	၆.၈.၆။ ဒေသတွင်းကျန်းမာရေး	၈၀
	၆.၈.၇။ လူဦးရေတိုးပွားနှုန်း	၈၁
	၆.၈.၈။ ဂေဟစနစ်	၈၁
	၆.၈.၉။ ဇီဝမျိုးစိတ်များအခြေအနေနှင့် ပျက်သုဉ်းမှု	၈၁
	၆.၉။ အထွေထွေအချက်အလက်များ	၈၃
၇။	**ထိခိုက်မှုကိုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ**	၈၄
	၇.၁။ အကြိုတည်ဆောက်ရေးကာလထိခိုက်မှုများအားဆန်းစစ်ခြင်း	၈၄
	၇.၁.၁။ ဆူညံသံ	၈၄
	၇.၁.၂။ ရေအရည်အသွေး	၈၄
	၇.၁.၃။ လေအရည်အသွေး	၈၅
	၇.၁.၄။ မြေထုအခြေအနေ	၈၅
	၇.၁.၅။ စွန့်ပစ်ပစ္စည်း	၈၅
	၇.၁.၆။ လူမှုဝန်းကျင်ထိခိုက်မှု	၈၅
	၇.၁.၇။ ဂေဟစနစ်	၈၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၇.၁.၈။ လူမှုဝန်းကျင်ထိခိုက်မှု	၈၅
	၇.၁.၉။ ကျန်းမာရေးထိခိုက်မှု	၈၆
	၇.၁.၁၀။ ဇီဝမျိုးစုံမျိုးကွဲထိခိုက်မှု	၈၆
	၇.၁.၁၁။ အကြိုတည်ဆောက်ရေးကာလတွင် ဖြစ်ပေါ်လာနိုင်သည့် Impact များအား အဆင့်အတန်းပမာဏသတ်မှတ်ခြင်း	၈၆
	၇.၂။ တည်ဆောက်ရေးကာလတွင်ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများအား ဆန်းစစ်ခြင်း	၈၇
	၇.၃။ လုပ်ငန်းလည်ပတ်တူးဖော်ထုတ်လုပ်ခြင်းကာလ ထိခိုက်မှုများကို ဆန်းစစ်ခြင်း	၈၈
	၇.၄။ ခဲသတ္တုတူးဖော်မှုကြောင့် ထိခိုက်မှုများသက်ရောက်နိုင်မှု	၈၉
	၇.၅။ စီမံကိန်းဆောင်ရွက်မှုကြောင့် ဒေသအပေါ်သက်ရောက်မှုများနှင့် ထိခိုက်မှုများကို လျှော့ချမည့်နည်းလမ်းများ	၈၉
	၇.၆။ ထိခိုက်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ	၉၁
	၇.၆.၁။ ဆူညံသံနှင့်တုန်ခါမှု	၉၁
	၇.၆.၂။ ရေအရည်အသွေး	၉၃
	၇.၆.၃။ လေအရည်အသွေး	၉၅
	၇.၆.၄။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	၉၇
	၇.၆.၅။ မြေထုညစ်ညမ်းမှု	၁၀၀
	၇.၆.၆။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း	၁၀၂
	၇.၆.၇။ ဓါတုပစ္စည်း	၁၀၄
	၇.၆.၈။ ဂေဟစနစ်	၁၀၆
	၇.၆.၉။ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု	၁၀၇
	၇.၆.၁၀။ လူမှုဝန်းကျင်အပေါ်ထိခိုက်မှု	၁၀၈
	၇.၆.၁၁။ ခဲသတ္တုသန့်စင်ခြင်းလုပ်ငန်းမှ သက်ရောက်မှုများကို ဆန်းစစ်ခြင်း	၁၁၁
၈။	**အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်း**	၁၁၃
	၈.၁။ ဒါဘန်/ဒါလန်ကျေးရွာ ဒေသခံများ၏ ဆွေးနွေးမှုရလဒ်များ	၁၁၅
	ဒေသခံ (၂၀) ဦး၏ လက်မှတ်များ	၁၁၈
	၈.၂။ အများပြည်သူသို့ သတင်းအချက်အလက်များ ဖော်ပြမှု အစီအစဉ်များ	၁၁၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၈.၃။ လူမှုပတ်ဝန်းကျင်လူသားအကျိုးပြုမူဆောင်ရွက်ချက်	၁၁၉
	လူမှုကူညီရေး (CSR) လုပ်ငန်းများနှင့် ရန်ပုံငွေလျာထားချက်	၁၂၂
၉။	**မိုင်းပိတ်သိမ်းခြင်းအစီအစဉ်**	၁၂၃
	၉.၁။ မိုင်းပိတ်သိမ်းချိန်ဆောင်ရွက်မည့်အစီအစဉ်များ	၁၂၃
	၉.၂။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်	၁၂၅
	မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မည့်စီမံချက်ဇယား	၁၂၆
	Mine Closure Plan လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေခွဲဝေလျာထားချက်	၁၂၈
၁၀။	**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်**	၁၂၉
	၁၀.၁။ အကြိုတည်ဆောက်ခြင်းနှင့်တည်ဆောက်ခြင်းကာလ	၁၂၉
	၁၀.၂။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း	၁၃၀
	၁၀.၃။ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့်ပိတ်သိမ်းခြင်း	၁၃၁
	၁၀.၃.၁။ အပေါ်ယံမြေဆီလွှာများစုပုံထားရှိမည့်အခြေအနေ	၁၃၃
	၁၀.၃.၂။ စွန့်ပစ်မြေစာများ စုပုံထားရှိမည့်အခြေအနေ	၁၃၃
	၁၀.၃.၃။ သတ္တုတွင်းစိမ့်ထွက်ရေများ	၁၃၃
	၁၀.၃.၄။ လိုဏ်ဂူများ မြေပြန်လည်ဖို့မည့်အစီအစဉ်	၁၃၄
	၁၀.၃.၅။ အနည်ထိုင်ကန်များ မြေပြန်ဖို့မည့်အစီအစဉ်	၁၃၄
	၁၀.၃.၆။ ရေနှင့်မြေဆီလွှာအရည်အသွေးစစ်ဆေးခြင်း	၁၃၄
	၁၀.၃.၇။ မြေပေါ်ရေ (ချောင်းရေ) အား ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်များ	၁၃၄
	၁၀.၃.၈။ အက်ဆစ်ရေများဖြစ်သွားပါက ကာကွယ်တားဆီးမည့် အစီအစဉ်	၁၃၅
	၁၀.၃.၉။ အဆောက်အဦးများနှင့်စက်ပစ္စည်းများဖယ်ရှားမည့် အစီအစဉ်	၁၃၅
	၁၀.၃.၁၀။ ဒေသခံအလုပ်သမားများ ပြောင်းရွှေ့ခန့်ထားရေး	၁၃၆
	၁၀.၃.၁၁။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း	၁၃၆
	၁၀.၄။ စီမံခန့်ခွဲမှုအစီအစဉ်ခွဲများတင်ပြခြင်း	၁၃၇
	၁။ လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၃၇
	၂။ ဆူညံသံတုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၄၁

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃။ ရေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၄၅
	၄။ မြေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၅၀
	၁၀.၅။ လုပ်ငန်းဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး	၁၅၃
	၁၀.၆။ အလုပ်အကိုင်လေ့ကျင့်သင်ကြားပေးမှုနှင့် အရေးပေါ်တုန့်ပြန်မှုများ	၁၅၃
	၁၀.၇။ မြေအောက်မိုင်းလုပ်သားများ အလုပ်လုပ်ကိုင်စဉ် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့်စည်းကမ်းများ	၁၅၄
	၁၀.၈။ မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်	၁၅၅
	၁၀.၉။ မြေအောက်လေပြတ်တောက်ခြင်း	၁၅၇
	၁၀.၁၀။ အရေးပေါ်ထိခိုက်မှုများ ဆောင်ရွက်ပေးရေးအစီအစဉ်	၁၅၇
	၁၀.၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်	၁၆၀
	ပတ်ဝန်းကျင်ထိန်းသိမ်းမှုလျှော့ချမည့် လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေလျာထားချက်	၁၆၁
၁၁။	**စောင့်ကြပ်ကြည့်ရှုမည့်အသေးစိပ်အစီအစဉ်များ**	၁၆၂
	၁၁.၁။ စောင့်ကြပ်ကြည့်ရှုခြင်းအဖွဲ့ဖွဲ့စည်းခြင်း	၁၆၂
	၁၁.၂။ စောင့်ကြပ်ကြည့်ရှုမည့် ရန်ပုံငွေလျာထားချက်	၁၆၂
	၁၁.၃။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်	၁၆၂
	၁၁.၃.၁။ ရေအရင်းအမြစ်သုံးစွဲမှု	၁၆၃
	၁၁.၃.၂။ ဆူညံသံ	၁၆၄
	၁၁.၃.၃။ စွန့်ပစ်ရေစောင့်ကြည့်မည့်အစီအစဉ်	၁၆၅
	၁၁.၃.၄။ လေထုအရည်အသွေး	၁၆၆
	၁၁.၃.၅။ မြေထုအရည်အသွေး	၁၆၇
	၁၁.၃.၆။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု	၁၆၈
	၁၁.၃.၇။ ဂေဟစနစ်	၁၆၉
	၁၁.၃.၈။ လူမှုပတ်ဝန်းကျင်အခြေအနေ	၁၇၀
	Monitoring ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေလျာထားချက်	၁၇၂

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	**နိဂုံးနှင့် အကြံပြုချက်များ**	၁၇၃
	အထွေထွေ	၁၇၅
၁၃။	**ကျမ်းကိုးစာရင်း**	
၁၄။	**နောက်ဆက်တွဲများ**	
	နောက်ဆက်တွဲ (က)	
	- ခွင့်ပြုမိန့်များ	
	- စာချုပ်များ	
	နောက်ဆက်တွဲ (ခ)	
	- ကုမ္ပဏီအထောက်အထားများ	
	- ထောက်ခံချက်များ	
	နောက်ဆက်တွဲ (ဂ)	
	- ဆူညံသံတိုင်းတာမှုမှတ်တမ်း	
	- လေအရည်အသွေးဓါတ်ခွဲအဖြေများ	
	- ရေဓါတ်ခွဲအဖြေများ	
	- မြေထုဓါတ်ခွဲအဖြေ	
	နောက်ဆက်တွဲ (ဃ)	
	- IEE ရေးသားသည့် Third Party ၏ ကုမ္ပဏီဆိုင်ရာအထောက်အထားများ	
	နောက်ဆက်တွဲ (င)	
	- မှတ်တမ်းဓါတ်ပုံများ	

List of Abbereviation & Unit Expression

EMP = Environmental Management Plan

IEE = Initial Environmental Examination

EIA = Environmental Impact Assessment

SIA = Social Impact Assessment

HIA = Health Impact Assessment

CSR = Cooperate Social Responsible

dBA = (Equivalent continuous sound Level in decibles)
Decible Unit

CO = Carbon Monoxide

CO_2 = Carbon Dioxide

NO = Nitrogen Oxide

NO_2 = Nitrogen Dioxide

SO_2 = Sulphur Dioxide

PM_{10} = Particulate matter 10 micrometers or less in diameter

$PM_{2.5}$ = Particulate matter 2.5 micrometers or less in diameter

RH% = Relative Humidity Percent

SiO_2 = Silicon Dioxide

Fe_2O_3 = Iron Oxide

Al_2O_3 = Alluminium Oxide

Pb = Lead

Zn = Zinc

Cu = Copper

pH = (Chemistry) အရည်နှင့် ဖြပ်ဝတ္ထုများရှိ အက်ဆစ် (သို့) အယ်လ်ကာလီပါဝင်မှု
ကို ဖော်ပြသည့် အတိုင်းအတာအမှတ်။ အရည်၏ ချဉ်ဖန်ခါတ်။

As = Arsenic

Hg = Mercury

CN = Cyanide

MnO_2 = Manganese Dioxide

CaF_2 = Fluoride

mg/l = Miligram Per Liter

ug/m^3 = Microgram Per Meter Cube

ppm = Parts Per Million

ppb = Parts Per Billion

အကျဉ်းချုပ်အစီရင်ခံစာ

နိဒါန်း

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသတွင် (၄၉.၅) ဧကကျယ်ဝန်းသော ခဲနှင့်ရောရာသတ္တု လုပ်ကွက်အမှတ် (၁) အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံသို့ စမ်းသပ်တိုင်းတာရန် တင်ပြလျှောက်ထားခဲ့ရာ ဝန်ကြီးဌာနမှ (၇.၁၁.၂၀၁၅) နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် ၂၀၀၃/၂၀၁၅ ဖြင့် ခွင့်ပြုမိန့် ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ဘူမိဗေဒပညာရှင် ဦးကျော်လွင်ဦး အဖွဲ့မှ ကွင်းဆင်းစမ်းသပ်တိုင်းတာခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ဘူမိဗေဒပညာရှင် ဦးစန်းရွှင်မှ အသေးစိပ်စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းအစီရင်ခံစာ ရေးသားခဲ့ပြီး အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် သတ္တုတွင်းအင်ဂျင်နီယာ ဦးဇော်ဦးမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အား ရေးဆွဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ဒါဘန်ခဲလုပ်ကွက် (၁) အတွက် ကနဦးပတ်ဝန်းကျင်လေ့လာခြင်းအစီရင်ခံစာ (Initial Environmental Examination – IEE) အား Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining Company ဖြင့် ရေးဆွဲခွင့် တောင်းခံခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခွင့်ပြုကြောင်း၊ ကန့်ကွက်ရန်မရှိကြောင်းကို အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ တဆင့် (၂၈.၁၀.၂၀၂၀) နေ့စွဲပါ စာအမှတ် ၁၀၃၀၅/၁၄၂/လပြည့်ဝန်း/စီမံကိန်း(၁၆)/၂၀၂၀ ဖြင့် အကြောင်း ပြန်ကြားခဲ့ပါသည်။

စီမံကိန်းအား အကောင်အထည်ဖော်မည့်ပုဂ္ဂိုလ်မှာ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ဖြစ်ပြီး အမှတ် (၁၃၉/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ (၁၁၀၇၂)၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားရှိပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ ၉၅၁ -၅၇၀၈၉၀၊ ၀၉ - ၄၅၀၀၆၀၁၃၈ နှင့် Fax (၉၅၁) - ၅၇၂၅၈၈ တို့ဖြစ်ပါသည်။ အုပ်ချုပ်မှုဒါရိုက်တာမှာ RAY DAM TANG (1/MAKANA (N) 036870) ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များမှာ MANG JA TANG DEE (1/KHABADA(N) 006991), KHIN THU MAUNG (1/MAKANA(N) 064820), SOE KYI (5/TAHSANA(N) 079889), LWIN LWIN KYAW (12/MAYAKA(N) 070606), RAKWI PUNG (1/MAKANA(N) 014878) တို့ဖြစ်ကြပါသည်။ စီမံကိန်းတာဝန်ခံမှာ ဦးဆန်ဒေါင်ဂျူ ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉ - ၄၅၀၀၆၀၁၃၈ နှင့် E-mail မှာ lpwgoldmining@gmail.com ဖြစ်ပါသည်။

အစီရင်ခံစာအား ရေးသားပြုစုသည့် Third Party မှာ Kalaw Citizen Mineral Exploration and Mining Company Limited ဖြစ်ပြီး မန်နေးဂျင်းဒါရိုက်တာမှာ အကြီးတန်းဘူမိဗေဒပညာရှင် ဦးအေးမောင် ဖြစ်ပါသည်။ Third Party ၏ ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်အမှတ်မှာ ၀၀၂၂/၂၀၁၇ ဖြစ်ပြီး ပုံမှန်သက်တမ်းတိုးထားပြီး ယခုအခါ ဆဋ္ဌမသက်တမ်းတိုးကို တင်ပြထားပါသည်။

ကတိကဝတ်များ

စီမံကိန်းအဆိုပြုသူမှ အောက်ပါကတိကဝတ်များကို ဝန်ခံကတိပြု၍ လက်မှတ်ရေးထိုးထားပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၃၅) အရ -

- ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည် တိကျခိုင်မာမှုရှိကြောင်းနှင့် ပြည့်စုံမှုရှိကြောင်း၊
- လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ထားပါကြောင်း၊
- အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာမည်ဖြစ်ကြောင်း

စီမံကိန်းအဆိုပြုသူမှ လက်မှတ်ရေးထိုး ဝန်ခံကတိပြုထားပါသည်။ ထို့အပြင် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များကိုလည်း ဖော်ပြပြီး လက်မှတ်ရေးထိုးထားပါသည်။

IEE အစီရင်ခံစာအား တာဝန်ခံရေးသားပြုစုသူ Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining Company မှ မန်နေးဂျင်းဒါရိုက်တာ ဦးအေးမောင်မှလည်း ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်များနှင့် ရန်ပုံငွေလျာထား ဆောင်ရွက်နေသည့် အချက်အလက်များသည် ပြည့်စုံမှန်ကန်မှု ရှိပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတွင်း ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း လက်မှတ်ရေးထိုး ဝန်ခံကတိပြုထားပါသည်။

မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

ကုမ္ပဏီမှ လိုက်နာဆောင်ရွက်သွားမည့် မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်၊ ကတိကဝတ်များနှင့် စံချိန်စံညွှန်းများကို ဖော်ပြထားပါသည်။ ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာ မူဝါဒများ၊ လူမှုရေးဆိုင်ရာမူဝါဒများ၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများ၊ EMP ဆိုင်ရာ မူဝါဒများ၊ IEE ဆိုင်ရာ မူဝါဒများနှင့် ဥပဒေဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များကို ဖော်ပြထားပြီး လိုက်နာသွားမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ (၃၃) ခုအား ဖော်ပြထားပါသည်။ ထို့အပြင် ခဲသတ္တု တူးဖော်ရာတွင် လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံ ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) ဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ အပိုဒ် (၁.၁) ထုတ်လွှတ်အခိုးအငွေ့ (Air Emmisions) ၊ National Drinking Water Quality Standards.2014 MOH Myanmar၊ အပိုဒ် (၁.၂) စွန့်ပစ်ရေ၊ အပိုဒ် (၁.၃) ဆူညံသံ (Noise)၊ အပိုဒ် (၂.၇.၂) သတ္တုရိုင်းနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Ore and Mineral Extraction) စသည်တို့ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာကွန်ဗန်းရှင်းများနှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများကိုလည်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

စီမံကိန်းအကြောင်းအရာဖော်ပြချက်

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခဲနှင့်ရောရာသတ္တုတူးဖော်ထုတ်လုပ်မည့် စီမံကိန်း ဆောင်ရွက်မည့် လုပ်ကွက်(၁)သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသတွင် တည်ရှိပြီး တစ်လက်မတစ်မိုင် စကေး မြန်မာပြည်မြေပုံညွှန်းအမှတ် 92-I/7 အတွင်းတွင် တည်ရှိပါသည်။ လုပ်ကွက် (၁)၏ ထောင့်စွန်းမြေပုံညွှန်းများမှာ -

A. 92-I/7 (079986) (Latitude 27° 23' 57.725" N, Longitude 98° 24' 31.245" E)

B. 92-I/7 (084986) (Latitude 27° 23' 56.826" N, Longitude 98° 24' 48.12" E)

C. 92-I/7 (084981) (Latitude 27° 23' 42.349" N, Longitude 98° 24' 47.135" E)

D. 92-I/7 (079981) (Latitude 27° 23' 43.249" N, Longitude 98° 24' 30.217" E) တို့ဖြစ်ကြပါသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှ ပူတာအိုမြို့သို့ လေယာဉ်ဖြင့် လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ ပူတာအိုမှ မငွေဇ သို့ (၆၅) မိုင်၊ မငွေဇမှ ခေါင်လန်ဖူးသို့ (၆၅)မိုင် (၄) ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင် (၄) ဖာလုံ ခရီးစဉ်အား ယခုအခါ 4 Wheel ကားများဖြင့် သွားရောက်နိုင်ပြီ ဖြစ်ပါသည်။ ခေါင်လန်ဖူးမှ လုပ်ကွက်ရှိရာသို့ ခေါင်လန်ဖူး-ရှိန်းခေါင်

လမ်းအတိုင်း (၃၅) မိုင်ခန့်အား မော်တော်ဆိုင်ကယ် ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ပါသည်။

ဒုတိယတစ်နည်းမှာ မြစ်ကြီးနားမှ ကန်ပိုက်တည်ကိုဖြတ်၍ ဖီမော်အထိ မိုင် (၂၀၀) ခန့်၊ ထိုမှ ဖီမော်-လုခူး-ဟိုကုန်း လမ်းအတိုင်း မိုင် (၁၈၀) ခန့်၊ ဟိုကုန်း နယ်ခြားအမှတ် (၁) ရှိန်းခေါင်လမ်း (၄၅) မိုင်ခန့်၊ ရှိန်းခေါင် - မလိဝန် မြေသားလမ်း (၂၁) မိုင်ခန့်၊ မလိဝန် - အရိလိန် - ဒါဘန် မြေသားလမ်း (၅) မိုင်ခန့်အား ပွင့်လင်းရာသီတွင် ကားဖြင့် ဝင်ရောက်နိုင် ပါသည်။

စီမံကိန်းအရွယ်အစားမှာ (၄၉.၅) ဧက၊ (၀.၂၀၀၃) စတုရန်းကီလိုမီတာ ဖြစ်ပါသည်။ စီမံကိန်း ကာလမှာ (၁၅) နှစ်ခန့် ဖြစ်ပါသည်။ စီမံကိန်းတွင် အသုံးပြုမည့် စက်ပစ္စည်းများမှာ ၂၅ ကောင် အင်ဂျင် ၁ လုံး၊ ၁၅ ကောင် အင်ဂျင် ၁ လုံး၊ အဲယား ကွန်ပရက်ဆာ (Air Compressor) ၁ လုံး၊ မြေသယ်ယာဉ် ထရပ်ကား ၂ စီး၊ ရေဖြန်းယာဉ် ၁ စီး၊ အုပ်ချုပ်မှုယာဉ် ၁ စီး၊ ဆိုင်ကယ် ၃ စီးတို့ ဖြစ်ပါသည်။

တောင်စောင်းတွင် လိုဏ်ဂူတူး၍ ခဲသတ္တုတူးပါမည်။ ယမ်းဖောက်ခွဲ၍ ပေါက်ပြား၊ ဂေါ်ပြား၊ တူးရွင်းတို့ကိုသုံး၍ မြေအောက်တူးဖော်ပါမည်။ ထွက်လာသော ခဲသတ္တုရိုင်းများအား တွန်းလှည်း ဖြင့် အပြင်သို့ သယ်ထုတ်ပြီး စနစ်တကျစုပုံပါမည်။ သတ္တုမပါသည့် စွန့်ပစ်မြေစာများကို စွန့်ပစ်မြေ စာပုံများတွင် စနစ်တကျ စွန့်ပစ်ပါမည်။ စွန့်ပစ်မြေစာစုပုံကွင်းအား Latitude 27° 23' 52.704" N, Longitude 98° 24' 40.342" E တွင် ထားရှိပါမည်။ သတ္တုပါသော ဖြုံးများကို စနစ်တကျ စုပုံစေပါ မည်။ ထုတ်လုပ်ရေးလိုဏ်ဂူများအား ကျွမ်းကျင်သော သတ္တုတွင်းအင်ဂျင်နီယာ ဦးဆောင်စေပြီး ထောက်တိုင်များ၊ ဘေးကာများ၊ အမိုးများ စနစ်တကျပြုလုပ်၍ တူးဖော်ပါမည်။ သတ္တုပါဖြုံးများကို စုပုံကွင်းမှ ကြိတ်ခွဲစက်သို့ ပို့ဆောင်ရပါသည်။ စုပုံကွင်းများကို ရှုံ့စေးမြေ စနစ်တကျခင်းပြီး စုပုံကွင်း များကို ပြင်ဆင်ပါမည်။ လိုအပ်ပါက စုပုံကွင်းများကို မြေထိန်းနံရံများ တည်ဆောက်ပါမည်။

သတ္တုပါဖြုံးများအား သန့်စင်ခြင်းဆောင်ရွက်သွားပါမည်။ ဖြုံးကြိတ်စက်သို့ ရောက်လာသော သတ္တုပါဖြုံးများအား ကြိတ်ခွဲစက် (Crushing and Grinding) ဖြင့် ကြိတ်ခွဲပါမည်။ ထို့နောက် ကြိတ် ခွဲစာများအား မျောလောင်းပါမည်။ မျောလောင်းပြီး ဖြုံးသဲစာများအား လှုပ်ခါစက် (Shaking Table) ပေါ် ဖြတ်သန်းစေပြီး လှုပ်ခါခြင်းဖြင့် သန့်စင်ရပါသည်။ ရရှိလာသော ခဲသတ္တုများကို စနစ်တကျ ထုတ်ပိုးပြီး ဈေးကွက်ရှိရာသို့ တင်ပို့ပါမည်။

စီမံကိန်းရုံးနှင့် ဝန်ထမ်းနေအဆောင်များမှာ အလုပ်သမားဆောင် ၂ လုံး၊ ကြီးကြပ်ရေးအ ဆောင် ၁ လုံး၊ ရုံးအဆောက်အဦနှင့် ရှင်းလင်းဆောင်အပါအဝင် အဆောက်အဦပေါင်း ၉ လုံးရှိပါ

မည်။ ဒါရိုက်တာအဖွဲ့ဝင်နှင့် မန်နေဂျာ၊ အလုပ်သမားများ အပါအဝင် ဝန်ထမ်းအင်အား (၃၆) ဦး ရှိပါသည်။ တစ်ရက်အလုပ်လုပ်ချိန် (၈) နာရီဖြစ်ပါသည်။ ရေအရင်းအမြစ်မှာ လုပ်ကွက်အတွင်း ချောင်းမှ ရယူသုံးစွဲပြီး တစ်နှစ်လျှင် ရေဂါလံ (၅) သိန်းခန့် အသုံးပြုပါမည်။ တစ်နှစ်လျှင် လောင်စာဆီ ဒီဇယ်ဆီ ၂၆၀၀၀ ဂါလံခန့်နှင့် ဟိုက်ဒြောလစ်နှင့် အင်ဂျင်ဝိုင် ၁၀၀ ဂါလံခန့် လိုအပ်ပါသည်။ စွန့်ပစ်မြေစာများအား သင့်တော်သော နေရာတွင် စုပုံကွင်းလုပ်၍ အမြင့် ၂၅ ပေထက် မပိုစေဘဲ အစောင်း ၄၅°ခန့် ကုန်းစောင်းပြုလုပ်၍ စုပုံသွားပါမည်။ ရေဆင်းချောင်းများ၊ ခဲသတ္တုကြောများနှင့် ဝေးသော နေရာတွင် စုပုံပါမည်။ မြေထိန်းနံရံပါ ပြုလုပ်ထားပါမည်။ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန် ရည်ရွယ်ပါသည်။ တူးဖော်ရာမှ ထွက်လာသော မြေစာများကို တွင်းဟောင်းများ ပြန်လည်ဖြည့်တင်းရာတွင် လည်းကောင်း၊ တွင်းများတူးရာတွင် ရှေ့စားနောက်ပစ်နစ်ဖြင့် လည်းကောင်း တူးဖော်ပါမည်။ ခဲသတ္တုတူးဖော်ရာတွင် ထွက်ရှိသော စွန့်ပစ်ပစ္စည်းများမှာ မီးသင့်ကျောက်ဖြစ်သော နှမ်းဖတ်ကျောက် (Granite) နှင့် ထုံးကျောက် (Limestone) ကျောက်စကျောက်နများနှင့် မြေကြီးများ ထွက်ရှိပြီး ၎င်းတို့ကို စွန့်ပစ်မြေစာပုံတွင် စနစ်တကျ စွန့်ပစ်ပါမည်။ လိုဏ်ဂူများတူးရာတွင် ရေ အနည်းငယ် ထွက်နိုင်ပါသည်။ မြောင်းများတူး၍ ရေကို အပြင်ထွက်စေပြီး ရေစစ်ကန်အဆင့်ဆင့် ပြုလုပ်ကာ ရေသန့်စင်ပါမည်။ ထို့နောက် မီးသွေးကို ဖြတ်စီးဆင်းစေပြီး ထပ်မံသန့်စင်ပါမည်။ အသုံးပြုပြီးသော ရေများကို ရေစစ်ကန်အဆင့်ဆင့်ပြုလုပ်၍ ရေစစ်ပြီးမှသာ ပြန်လည်အသုံးပြုခြင်း၊ သစ်ပင်များ ရေလောင်းခြင်း၊ လမ်းများရေဖြန်းခြင်းနှင့် ပိုလျှံပါက ချောင်းများအတွင်း စီးဝင်စေမည် ဖြစ်ပါသည်။

လက်ရှိပတ်ဝန်းကျင်အခြေအနေများ

စီမံကိန်းဖော်ဆောင်ရာတွင် အောင်မြင်ရေးအတွက် အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ ဖြစ်နိုင်သော အကန့်အသတ်များ မရှိသေးသည်ကို တင်ပြထားပါသည်။ စီမံကိန်းသည် လူနေဒေသနှင့် (၅) မိုင်ခန့် ဝေးကွာသည့် အခြားမြေတွင် ကျရောက်နေသည့်အတွက် ဖယ်ရှားခံရနိုင်သည့် လူ့အဖွဲ့အစည်း မရှိသေးပါ။ ရှိလာပါက ဖယ်ရှားခံရသည့် အဖွဲ့အစည်းများ၏ နေရေး၊ စားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ကူညီပေးသွားပြီး ဝန်ကြီးဌာနမှ ချမှတ်ထားသော အမိန့်များ၊ ကြေငြာချက်များအတိုင်း လိုက်နာသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

စီမံကိန်းအနီးပတ်ဝန်းကျင် အကြောင်းအရာဖော်ပြချက်များ တင်ပြထားပါသည်။ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများအဖြစ် ခေါင်လန်ဖူးမြို့နယ်တွင် ရာသီဥတုမှာ တစ်နှစ်လျှင် မိုးရေချိန်ပျမ်းမျှ (၈၅) လက်မကျော်ခန့် ရွာသွန်းပါသည်။ အပူဆုံးအချိန်မှာ ၃၀° စင်တီဂရိတ်ခန့်ရှိပြီး အအေးဆုံးအ

ချိန်မှာ ၁.၅° စင်တီဂရိတ်ခန့် ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်မှာ ဒေသရှိတောင်တန်းများသည် မြောက် အနောက်မြောက်မှ တောင် အရှေ့တောင် (NNW-SSE) တူရူတန်းနေကြပါသည်။ တောင်တန်းများသည် ပေ (၁၂၀၀၀) ခန့်မြင့်၍ လုပ်ကွက်ရှိရာအရပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၉၂၀၀) ခန့်ထိ မြင့်မားပါသည်။

စီမံကိန်းဒေသသည် မိုးကုတ်ကျောက်ယူနစ်မှ နှမ်းဖတ်ကျောက်များ၊ စကျင်ကျောက်များ၊ လိပ်သည်းကျောက်များနှင့် သက်လယ်ကပ်မှ ထုံးကျောက်၊ သဲကျောက်၊ ယှေ့လကျောက်နှင့် နှမ်းဖတ်ကျောက်များ ဖြစ်တည်နေကြပါသည်။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စုသည် ခေါင်လန်ဖူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတိုင်းရင်းသား အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပါသည်။ ခေါင်လန်ဖူးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၆၈၀) ပေ မြင့်ပါသည်။ မေခမြစ်သည် ခေါင်လန်ဖူးမြို့၏ အနောက်ဘက်ဘေး မြောက်မှ တောင်သို့ စီးဆင်းသွားပါသည်။ အချန်ခချောင်းသည် မြောက်မှတောင်သို့ စီးဆင်းနေပြီး ခေါင်လန်ဖူးမြို့၏ တောင်ဘက် (၃) မိုင်ခန့်အကွာတွင် မေခမြစ်အတွင်းသို့ စီးဝင်သွားပါသည်။ ခေါင်လန်ဖူးမြို့နယ်တွင် ကျောက်ထင်းရူး၊ ထင်းရူး၊ ယမနေ၊ ကံ့ကော်၊ သစ်ယားပင်များ၊ ဝါးပင်များနှင့် ခြုံပုတ်ပင်များ ပေါက်ရောက်ကြပါသည်။ ဤဒေသတွင် ဝက်ဝံ၊ တောင်ဆိတ်၊ ချေ၊ တောဝက်၊ မျောက် စသော တိရိစ္ဆာန်များ၊ တောကြက်၊ ဇီးကွက်၊ လင်းယုန်၊ သိမ်းငှက်၊ ဂျိုးသိန်း၊ ငှက်ခါး၊ ချိုးငှက်၊ ယူနန်ရစ်ငှက်၊ ငှက်မြီးရှည်၊ စွန် စသော ငှက်မျိုးစိတ်များ တွေ့ရပါသည်။ ဒါဘန်ကျေးရွာတွင် ရဝမ်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး လီဆူ၊ လော်ဝေါ်နှင့် လချိတ် တိုင်းရင်းသားများလည်း အနည်းငယ် နေထိုင်ကြပါသည်။ အိမ်ထောင်စု (၃၅) စုခန့်ရှိပြီး လူဦးရေ (၂၀၀) ခန့် ရှိပါသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ ပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များ မရှိပါ။ တောင်ယာစိုက်ပျိုးခြင်းနှင့် အမဲလိုက်ခြင်း စသည်ဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။

ဒေသခံတိုင်းရင်းသားများသည် လူနေမှု အဆင့်အတန်း နိမ့်ပါးကြပြီး ဆင်းရဲကြပါသည်။ အမဲလိုက်ခြင်းနှင့် တောင်ယာစိုက်ပျိုးခြင်း လုပ်ကိုင်ကြပါသည်။ ယာစပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက် တို့ကို စိုက်ပျိုးကြပါသည်။ ရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ဆရာမ (၃) ဦးရှိပြီး ကျောင်းသားဦးရေ (၃၀) ခန့် ရှိပါသည်။ ကျေးလက်ဆေးပေးခန်း မရှိသေးပါ။ ဒါဘန်ကျေးရွာသည် စီမံကိန်းနှင့် (၅) မိုင်ခန့်ဝေးကွာပြီး ကြားတွင် တောင်တန်းကြီးများ ခြားနေပါသည်။

စီမံကိန်းဆောင်ရွက်မှုကြောင့် ရပ်ရွာလူထု၏ လူမှုပတ်ဝန်းကျင် ထိခိုက်မှုများ ဖြစ်နိုင်မှုနည်းပါးသည်ကို တင်ပြထားပါသည်။

လက်ရှိပတ်ဝန်းကျင်အခြေအနေများကို သိရှိနိုင်ရန်အတွက် Kalaw Citizen Mineral Exploration and Mining Company (Third Party) မှ လက်ရှိပတ်ဝန်းကျင်၏ ဆူညံသံ၊ တုန်ခါမှု၊ ရေအရည်အသွေး၊ လေအရည်အသွေး၊ မြေထုအခြေအနေများ သိရှိနိုင်ရန် Parameter များ၏ Base line Data များအား တိုင်းတာခဲ့ပါသည်။

ရေအရည်အသွေးတွင် ချောင်းရေအား မြေပုံညွှန်း Latitude 27° 23' 53.925" N, Longitude 98° 24' 45.203" E တွင် နမူနာရယူထားရာ pH = 7.1, Iron = 0.29 mg/l, Chloride = 3 mg/l, Sodium Chloride = 5 mg/l နှင့် Sulphate = Nil ပါရှိပြီး အာဆင်းနစ်ဓါတ် မပါသည်ကို တင်ပြထားပါသည်။

လေထုအား မြေပုံညွှန်း Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် တိုင်းတာခဲ့ပြီး CO = 13.74 µg/m^3, NO_2 = 38.9 µg/m^3 (1 Hour) နှင့် SO_2 = 2.82 µg/m^3 ရှိပါသည်။

မြေထုအား အခြေအနေသိရန် မြေပုံညွှန်း Latitude 27° 23' 53.839" N, Longitude 98° 24' 35.504" E မှ နမူနာရယူပြီး ဓါတ်ခွဲခဲ့ရာ As = 5.13 mg/kg, Pb = 28.47 mg/kg, Cr = 31.12 mg/kg, Zn = 22.48 mg/kg, Hg = Nil, Cd = Nil, Mo = Nil, Cu = Nil နှင့် pH = 6.9 ပါဝင်သည်ကို တွေ့ရပါသည်။

ထိခိုက်မှုများကို ဆန်းစစ်ခြင်နှင့် လျော့ပါးစေရေးနည်းလမ်းများ

ထိခိုက်မှုများကို ဆန်းစစ်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများကို Third Party မှ ပညာရှင်များသည် လေထုအရည်အသွေး၊ ဆူညံသံ၊ ရေအရည်အသွေးနှင့် မြေထုအရည်အသွေးများကို လက်တွေ့စမ်းသပ်တိုင်းတာသော နည်းစနစ်ကို အသုံးပြု၍လည်းကောင်း၊ ရူပအခြေအနေ၊ သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော Secondary Data များနှင့် တိုက်ဆိုင်စစ်ဆေးသော နည်းစနစ်ဖြင့်လည်းကောင်း ဆန်းစစ်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

တည်ဆောက်ရေးကာလတွင် ဆူညံသံ၊ လေအရည်အသွေးနှင့် ရေအရည်အသွေး အနည်းငယ် ထိခိုက်နိုင်ပါသည်။ လူနှင့်စက်သံများကြောင့် ဂေဟစနစ်ထိခိုက်မှု အသင့်အတင့်ရှိနိုင်ပါသည်။ လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိနိုင်ကြောင်း တင်ပြထားပါသည်။

လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်သောကာလ (Production) ကာလ ထိခိုက်မှုများကို ဖော်ပြထားပါသည်။ မီးစက်နှင့် စက်ယန္တယားအသံများ၊ လူသံများကြောင့် ဆူညံသံများ အသင့်အတင့် ရှိနိုင်ပါသည်။ ချောင်းရေထိခိုက်မှု အသင့်အတင့် ရှိနိုင်ပါသည်။ လေအရည်အသွေး အသင့်အတင့် ထိခိုက်နိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ကောင်းမွန်၍ ထိခိုက်မှုအနည်းငယ်သာ ရှိနိုင်ပါသည်။ မြေထုညစ်ညမ်းမှုမှာ မြေထုပြောင်းလဲမှုရှိ၍ ထိခိုက်နိုင်ပါသည်။ အသစ်ပြန်လည် တည်ဆောက်ရပါမည်။ လူနေဒေသနှင့် ဝေးကွာ၍ လူမှုဝန်းကျင်ထိခိုက်မှု မရှိနိုင်ဘဲ စီမံကိန်းဝန်ထမ်း လုပ်သား လူမှုဝန်းကျင်သာ ထိခိုက်မှုအနည်းငယ် ရှိနိုင်ပါသည်။ ဝန်ထမ်းနှင့်လုပ်သားများ ကျန်းမာရေး ထိခိုက်မှု တခါတရံဖြစ်နိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှု ရှိနိုင်ပြီး အသစ်ပြန်လည် တည်ဆောက်ရမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

လုပ်ငန်းများဆောင်ရွက်မှုကြောင့် ထိခိုက်မှုများ ရှိလာပါက ပြန်လည်ကုစားနိုင်ရန်အတွက် အခြေခံတန်ဘိုး (Background Value) များ ရယူခဲ့ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများ အတိုင်း ပြန်လည်ကုစားသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

ထိခိုက်မှုလျှော့ချစေရေးအစီအစဉ်များမှာ မြေပေါ်ရေ (ချောင်းရေ) အား ထိခိုက်မှု မရှိစေရန် ဆောင်ရွက်မည့် အစီအစဉ်များမှာ စီမံကိန်းမှ ထွက်ပေါ်လာမည့် အပေါ်ယံမြေနှင့် စွန့်ပစ်မြေစာများအား စုပုံကွင်း (Dumping Site) တွင် စနစ်တကျစုပုံထားရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး အတွက် ပြန်လည်အသုံးပြုသွားပါမည်။ တူးဖော်ထားသည့် သတ္တုပါဖြုံးများကိုလည်း စုပုံကွင်းစနစ်တကျ ပြုလုပ်၍ စုပုံမည်ဖြစ်ပါသည်။ စုပုံကွင်းများ ပြုလုပ်ရာတွင် အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေရှိသော ကွင်းများဖော်ပြီး အပေါ်ယံမျက်နှာပြင်အား ရှဲစေးဖြင့်မံပြီး ပြုလုပ်ပါမည်။ စုပုံကွင်းများကို လိုအပ်ပါက မြေထိန်းနံရံများ ပြုလုပ်ထားရှိပါမည်။ စုပုံကွင်းတွင် မိုးရေကြောင့်သော်လည်းကောင်း၊ မိုင်းတွင်းမြေစာများမှသော် လည်းကောင်း၊ စွန့်ပစ်ရေ (Waste Water) များ ထွက်ရှိနိုင်ပါသည်။ ထွက်လာသော စွန့်ပစ်ရေများကို ရေစစ်ကန်အဆင့်ဆင့်ပြုလုပ် စီးဆင်းစေပြီး စုဆောင်ပြီးပြန်လည် အသုံးပြုမည် ဖြစ်ပါသည်။ ကျန်ရှိသည့်ရေကို လိုအပ်ပါက ဓါတ်တိုးဓါတ်လျှော့ပြုလုပ်ပြီး ရေတွင်ပျော်ဝင်စေကာ ဓါတ်ပြယ်စေမည် ဖြစ်ပါသည်။ စုပုံကွင်းများကို ပိုမိုခိုင်ခန့်စေရန် မြေထိန်းနံရံများကို အုတ်၊ ကျောက်၊ သစ်သားတို့ဖြင့် ခိုင်ခန့်အောင်ပြုလုပ်ပြီး စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေများ ချောင်းအတွင်းသို့ တိုက်ရိုက်မကျရောက်စေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ထိခိုက်မှုများကို လျှော့ချမည့်နည်းလမ်းများ

ဆူညံသံလျှော့ချရေး ဆောင်ရွက်မည့်နည်းလမ်းများမှာ တူးဖော်မှုလုပ်ငန်းများအား နေ့ဆိုင်းတစ်ဆိုင်းဖြင့်သာ ဆောင်ရွက်ပါမည်။ ယာဉ်ယန္တယား၊ အင်ဂျင်စက်များအား ညပိုင်းတွင်အသုံးမပြုဘဲ မီးစက်များကိုလည်း ည (၉ : ၀၀) နာရီတွင် ရပ်နားပါမည်။ ဆူညံသံသက်သာသည့် ယာဉ်၊ ယန္တယားများ ဝယ်ယူသုံးစွဲပါမည်။ ယမ်းခွဲခြင်းများကို လိုဏ်ဂူအတွင်း၌သာ ပြုလုပ်ပါမည်။ အင်ဂျင်စက်နှင့် ပေါက်ကွဲအင်ဂျင်များအား အသံထိန်းကိရိယာ တပ်ဆင်အသုံးပြုပါမည်။ လုပ်ကွက်ဝန်းကျင်တွင် ဆူညံသံအကာအရံ (Sound Barrier) အဖြစ် သစ်ပင်ကြီးများ စိုက်ပျိုးပါမည်။ စီမံကိန်းဧရိယာဝန်းကျင်တွင် ဆူညံသံ၏ Baseline Data များ ရယူထားပြီး ဆူညံသံများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေအောင် ပြုပြင်လျှော့ချရေး ဆောင်ရွက်သွားပါမည်။

မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်မှာ မြေပေါ်ရေ၊ မြေအောက်စိမ့်ထွက်ရေများအား နမူနာများရယူထားပြီး အပတ်စဉ် ချဉ်ဖန်ဓါတ် (pH) တိုင်းတာစစ်ဆေးပါမည်။ (၆) လတစ်ကြိမ် ရေနမူနာရယူပြီး ရေ၏ Parameter များဖြစ်သော pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Manganese, Iron, Arsenic, Cu, Pb နှင့် Zn များအား ဓါတ်ခွဲစစ်ဆေးပါမည်။ မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက ၎င်းရေများကို အနည်ထိုင်ကန် (12'x12'x5') အရွယ်ရှိ ကန်များအတွင်း ဖြတ်သန်းစီးဆင်းစေပြီး စိုက်ခင်းများ ရေလောင်းရန်နှင့် သယ်ယူရေးလမ်းကြောင်းများ ရေဖြန်းရာတွင် အသုံးပြုပါမည်။ မိုးရာသီတွင် ချောင်းရေ အရည်အသွေးအား ပုံမှန်စစ်ဆေးသွားပါမည်။ တောင်ကျချောင်းရေများအတွင်း စွန့်ပစ်မြေစာများ မကျရောက်စေရေးအတွက် စွန့်ပစ်မြေစာပုံ (Waste Dumping Site) များအောက်ခြေတွင် အကျယ် ၃ ပေ၊ အနက် ၄ ပေရှိ မြောင်းများ တူးဖော်ထားပါမည်။ Ore Dumping Site အောက်ခြေတွင် ရေမစိမ့်စေရန် (Clay Layer) များပြုလုပ်ပြီး ပလတ်စတစ်အထူခင်း၍ သတ္တုရိုင်းစုပုံစေပါမည်။ Waste Water များ စိမ့်ထွက်ပါက Tailing Pond ရေစစ်ကန် ပြုလုပ်၍ စုဆောင်းထားပြီး ပြန်လည်အသုံးပြုသွားပါမည်။ ရေစစ်ကန်အဆင့်ဆင့်အား ရေစစ်ယူ၍ နောက်ဆုံးကန်ရှိရေအား Recycle ပြန်လည်အသုံးပြုပါမည်။ ပိုလျှံပါက သစ်ပင်များရေဖြန်းခြင်း၊ လမ်းများ ရေဖြန်းခြင်းများ ပြုလုပ်သွားပါမည်။

လေအရည်အသွေးတွင် လေထုညစ်ညမ်းမှု မရှိစေရေး လျှော့ချမည့်အစီအစဉ်များမှာ တူးဖော်ရရှိသည် သတ္တုရိုင်းများ၊ ဖြိုးကျောက်စာများအား စုပုံကွင်းတွင် စနစ်တကျစုပုံပါမည်။ ကုန်ပစ္စည်း၊ သတ္တုရိုင်းများ သယ်ယူရာတွင် လေတိုက်နှုန်းနည်းသော အချိန်များ၌သာ သယ်ယူပါမည်။

သတ္တုရိုင်းသယ်ဆောင်သည့် လမ်းများတွင် ဖုန်မှုန့်များ ပြန့်လွင့်မှုမရှိစေရေးအတွက် လမ်းများကို ရေဖြန်းခြင်းနှင့် လမ်းများတွင် အမှုန်အမွှားများ ပျံ့လွင့်မှုနည်းပါးစေရေးအတွက် ကျောက်ခင်းလမ်းများ ပြုလုပ်ပါမည်။ သတ္တုရိုင်းသယ်ယူသည့် လမ်းကြောင်းများနှင့် စီမံကိန်းရှိ စုပုံကွင်းတို့တွင် လေအရည်အသွေးအား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ လေအရည်အသွေး ထိခိုက်မှုများ ရှိလာပါက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေအောင် လျှော့ချပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်မြေစာများ ထိခိုက်မှုလျှော့ချရေး အစီအစဉ်များမှာ လုပ်ငန်းခွင်မှ ထွက်ရှိသော စွန့်ပစ်မြေစာများအား လိုဏ်ဂူနှင့် မလှမ်းမကမ်းရှိ Latitude 27° 23' 52.704" N, Longitude 98° 24' 40.342" E နေရာတွင် စွန့်ပစ်မြေစာပုံအား အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေ ဧရိယာ သတ်မှတ် စုပုံပါမည်။ စွန့်ပစ်မြေစာပုံ၏ အမြင့်အား ၁၀ ပေသတ်မှတ်ထားရှိပြီး စွန့်ပစ်မြေစာပုံ ဘေးနံရံများအား (၃၅°) လျှောစောက်များ ပြုလုပ်ထားမည် ဖြစ်ပါသည်။ မိုးရာသီကာလတွင် မိုးရေကြောင့် မြေစာများကိုတိုက်စားပြီး နုန်းအနည်အနှစ်များ စွန့်ပစ်မြေစာပုံအတွင်း မကျရောက်စေရန်အတွက် စွန့်ပစ်မြေစာပုံပတ်လည်တွင် အကျယ် ၃ ပေ အနက် ၄ ပေရှိ ရေနုတ်မြောင်းများ တူးဖော်ထားပါမည်။ စွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းချိန်တွင် တွင်းဟောင်းများအတွင်း ပြန်လည်ဖို့မည် ဖြစ်ပါသည်။ လိုဏ်ဂူတူးဖော်စဉ် လိုဏ်ဂူအတွင်း စွန့်ပစ်မြေစာများအား ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့မည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာများ အသုံးပြု၍ ဒေသတွင်းဖြစ်ထွန်းသော သစ်ပင်များအား စိုက်ပျိုးပါမည်။ စွန့်ပစ်မြေစာပုံ ဖယ်ရှားထားသည့် နေရာတွင်လည်း မြေဆွေးများ ဖုံးအုပ်ပြီး အစားထိုးသစ်ပင်များ စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

မြေထုညစ်ညမ်းမှု လျှော့ချရမည့်နည်းလမ်းများမှာ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရန် မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြုပါမည်။ တူးဖော်ရာမှ ထွက်ရှိသည့် စွန့်ပစ်မြေစာများအား သတ်မှတ်စုပုံကွင်းတွင် စနစ်တကျစုပုံပါမည်။ လိုဏ်ဂူအတွင်း တူးဖော်နေစဉ် စွန့်ပစ်မြေစာအချို့အား လိုဏ်ဂူအတွင်း တူးဖော်ပြီးခေါင်းသားများအတွင်း ပြန်လည်ဖို့ပါမည်။ မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာများအား ပင်မဆင်းတွင်းအတွင်း ပြန်လည်ဖြည့်ပါမည်။ မြေစာစုပုံထားသော နေရာများအား မြေဆွေးများဖုံးအုပ်ပြီး ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရန် ဝန်ထမ်းအိမ်ယာ အဆောက်အဦများ၊ စွန့်ပစ်မြေစာပုံ၊ စွန့်ပစ်ရေအနည်ထိုင်ကန်၊ သန့်စင်စက်ရုံနှင့် လမ်းများအား အနည်းဆုံးလိုအပ်သလောက်သာ အသုံးပြုမည်ဖြစ်ပါသည်။ မြေ (၂) ဧက ခန့်သာ အသုံးပြုသွားမည် ဖြစ်ပါသည်။ မြေယာအသုံးပြုခြင်းမရှိသော နေရာများမှ သဘာဝပေါက်ပင်များအား ကာကွယ်ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်း ဆောင်ရွက်သွားပါမည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများ လျော့ချရမည့် နည်းလမ်းများမှာ စက်ဆီ၊ ချောဆီ၊ အမဲဆီများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သောပစ္စည်းများဖြစ်သည့် လွှစာမှုန့်၊ သဲ အစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပါမည်။ စက်ဆီ၊ ချောဆီများကို သီးသန့်ပေပါများတွင် ထည့်ပြီး မြေကတုတ်များတွင် သစ်တုံးအခင်းများခံ၍ သိမ်းဆည်းပါမည်။ စက်ဆီ၊ ချောဆီ အမည်စာရင်းများကို ပေပါများတွင် မြင်သာအောင် ကပ်ထားပါမည်။ စက်ဆီ၊ ချောဆီများ ပြန်သုံးရန် မသင့်တော်ပါက မီးရှို့၍ဖျက်ဆီးပစ်ပါမည်။ ယိုဖိတ်မှုရှင်းလင်းသည့် ကိရိယာများနှင့် မီးသတ်ကိရိယာများကို အလွယ်တကူ ရယူနိုင်အောင် စီစဉ်ထားရှိပါမည်။ စက်ဆီ၊ ချောဆီ၊ စွန့်ပစ်အမှိုက်များအား စီမံကိန်းဒေသအတွင်းရှိ မြေဆီလွှာများနှင့် ရေတွင်းရေကန်များအတွင်း လုံးဝမစွန့်ပစ်ရန် သတ်မှတ်ဆောင်ရွက်ပါမည်။

ဂေဟစနစ်ထိခိုက်မှုများအတွက် လျော့ချမည့်နည်းလမ်းများမှာ သစ်တောပြုန်းတီးမှု နည်းပါးစေရန်အတွက် ဝန်ထမ်းအဆောက်အဦ၊ စက်ရုံမြေနေရာများအား (၂) ဧကခန့်သာ အသုံးပြုသွားပါမည်။ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြုသွားပါမည်။ မြေယာအသုံးချမှုများအတွက် အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများအား သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရေးအတွက် မြေထုညစ်ညမ်းမှု မရှိစေရေး၊ မြေပေါ်မြေအောက် ရေညစ်ညမ်းမှု မရှိစေရေးနှင့် အမှုန်အမွှားတို့ကြောင့် လေထုညစ်ညမ်းမှု မရှိစေရေးတို့အတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရေးအတွက် လျော့ချရမည့်နည်းလမ်းများမှာ စီမံကိန်းဧရိယာအတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။ ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်သွားပါမည်။ ဆူညံသံနှင့် တုန်ခါမှုများ အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက် သွားပါမည်။ စီမံကိန်းဧရိယာအတွင်း အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းအား တားမြစ်ပိတ်ပင်သွားပါမည်။ အသုံးပြုမြေနေရာများတွင် အစားထိုးဝင်ရောက် ပေါက်ရောက်နေသော အခြားမျိုးရင်းမျိုးစိတ်များအား ရှင်းလင်းဖယ်ရှား၍ ဒေသသဘာဝပေါက်ပင်များ ပြန်လည်စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့ချမည့်နည်းလမ်းများမှာ ဆူညံသံနှင့်တုန်ခါမှု လျော့နည်းစေရန် ဆောင်ရွက်သွားပါမည်။ လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်သွားပါမည်။ ဒေသတွင်း ချောင်းရေများအား ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်သွားပါမည်။ သဘာဝဘေးဒဏ်

များ ကာကွယ်ရေးအတွက် လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်သွားပါမည်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားပါမည်။

ခဲသတ္တုသန့်စင်စက်ရုံကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ လျှော့ချရေးဆောင်ရွက်မည့်အစီအစဉ်များမှာ ခဲသတ္တုပါကျောက်များ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ စုပုံခြင်းတို့မှ ဖုန်မှုန့်အနည်းငယ် ထွက်ရှိမှုကြောင့် လေထုညစ်ညမ်းမှုများကို သိရှိနိုင်ရန် လေအရည်အသွေးများကို HAZ Scanner Model – EPAS စက် အသုံးပြု၍ (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားပါမည်။ စက်ရုံလည်ပတ်မှုကြောင့် ထွက်ပေါ်လာသော ဆူညံသံနှင့်တုန်ခါမှုများကို Sound Level Meter စက်ဖြင့် (၃) လလျှင် တစ်ကြိမ် စစ်ဆေးတိုင်းတာသွားပါမည်။ စက်ရုံမှထွက်လာသော စွန့်ပစ်ရေများအား (၆) လလျှင်တစ်ကြိမ် နမူနာရယူပြီး Arsenic, Cadmium, Chemical Oxygen demand, Chromium, Hexavalent, Copper, Cyanide, Iron, Mercury, Nickel, pH, Temperature, Total Suspended Solid, Zinc များ စစ်ဆေးတိုင်းတာသွားပြီး ညစ်ညမ်းမှုများ ရှိနေပါက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေစေရန် ပြုပြင်လျှော့ချရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီနှင့် Kalaw Citizen Mineral Exploration and Mining Company (Third Party) မှ ပညာရှင်များပါဝင်သော အဖွဲ့သည် (၁၉.၁၂.၂၀၂၁) နေ့တွင် ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒေသခံ ရွာသား (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် (IEE) ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တို့အား ချပြရှင်းလင်းခြင်း၊ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဒေသခံများ ခန့်ထားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်မည့် အခြေအနေ၊ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးနှင့် လူမှုလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ စသော CSR လုပ်ငန်းများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ရပ်ရွာလူကြီး ဦးဆန်ခေါင်းဖုန် မှ ဒေသ၏ ပညာရေးကိစ္စ ဝင်ရောက်ဆွေးနွေးပါသည်။ ထို့အပြင် သတ္တုတူးသည့်အခါ အန္တရာယ်မဖြစ်စေရေးအတွက် စနစ်တကျတူးဖော်ကြပါရန် အကြံပေးပြောကြားပါသည်။ ဦးနန်တီးဖုန် မှ လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများ မထိခိုက်စေရန်နှင့် ချောင်းရေများကို ညစ်ညမ်းမှုမရှိစေရေး ဆွေးနွေးခဲ့ပါသည်။ ကုမ္ပဏီဘက်မှလည်း ဒေသခံအလုပ်သမားများ ခန့်ထားပေးမည့်ကိစ္စ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ဆရာမရရှိရေးကိစ္စ၊ မူလတန်းကျောင်း ပြုပြင်မွမ်းမံရေးကိစ္စ ရပ်များကိုလည်း လုပ်ငန်းအကောင်အထည်ဖော်သည့်အခါတွင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်

အကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီမှ လုပ်ငန်းအသားတင်အမြတ်၏ ၃% အား လူမှု အကျိုးပြု CSR လုပ်ငန်းများအတွက် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဒေသခံရွာသားများ၏ ခဲသတ္တုထုတ်လုပ်ရေးစီမံကိန်းအတွက် ဆန္ဒသဘောထားကောက်ယူခဲ့ရာတွင် ထောက်ခံမှု (၈၁.၄၃%) ရရှိခဲ့ပြီး ကန့်ကွက်မဲ (၁၈.၅၇%) ရရှိခဲ့ပါသည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း အစီအစဉ်အား အများပြည်သူ လေ့လာနိုင်ရန်၊ ဆွေးနွေးဝေဖန် အကြံပြုနိုင်ရန်အတွက် ဒါလန်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ရုံးတွင်လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်တွင် လည်းကောင်း၊ လုပ်ငန်းစီမံကိန်းရုံးတွင်လည်းကောင်း ထားရှိသွားမည်ဖြစ်ပြီး ကုမ္ပဏီဖုန်း ၀၉-၅၇၀၈၉၀၊ ၀၉-၅၇၂၅၈၈ နှင့် E-mail မှာ lpwgoldmining@gmail.com သို့ အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း တင်ပြထားပါသည်။

မိုင်းပိတ်သိမ်းခြင်း

မိုင်းပိတ်သိမ်းခြင်း အကြောင်းအရာဖော်ပြချက်များမှာ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု တူးဖော်သွားမည် ဖြစ်သောကြောင့် မြေအောက်တူးဖော်မှုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှု၊ ထိခိုက်မှုများကို ထိန်းချုပ်ပြုပြင်ပေးသွားမည် ဖြစ်ပါသည်။ အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာပုံများတွင် စနစ်တကျ စွန့်ပစ်ပါမည်။ မြေအောက်တူးဖော်မှုဖြစ်၍ ပြုပြင်ထိန်းသိမ်းမည့် နည်းလမ်းများအား တင်ပြထားပါသည်။ လိုဏ်ဂူများမှ ထွက်ရှိလာမည့် စိမ့်ထွက်ရေ Perched Water နှင့် မိုးရေများအား ခါတ်ခွဲစမ်းသပ်ရန်၊ လိုအပ်ပါက ပြုပြင်ပြီး ပြန်လည်အသုံးပြုသွားပါမည်။ စွန့်ပစ်မြေစာများအား စနစ်တကျဖြန့်ခင်းခြင်း၊ စုပုံခြင်းပြုလုပ်၍ နောင်တွင် သစ်တောသစ်ပင် စိုက်ပျိုးရာတွင်လည်းကောင်း၊ ချိုင့်ကျင်း၊ ချိုင့်ခွက်များ မြေဖို့ရာတွင်လည်းကောင်း အသုံးပြုသွားမည် ဖြစ်ပါသည်။ ကျွမ်းကျင်သော သစ်တောပညာရှင်များ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးသွားပါမည်။ မြေမပြိုကျစေရန် တောင်စောင်းများ၊ နံရံများအား သစ်ပင်များ၊ မြက်များ စိုက်ပျိုး၍ မြေထိန်းခြင်းပြုလုပ်မည်ဖြစ်ပြီး လိုအပ်ပါက Retaining Wall မြေထိန်းနံရံများ ပြုလုပ်သွားပါမည်။ မြေပေါ်ရေ၊ မြေအောက်ရေများအား နမူနာများရယူပြီး မူရင်းတန်ဘိုး (Background Value) နှင့် နှိုင်းယှဉ်ပြီး ကျွမ်းကျင်သော ပညာရှင်များဖြင့် စစ်ဆေးပြုပြင်ပေးသွားပါမည်။ ပိတ်သိမ်းချိန်တွင် အဆောက်အဦများအား စနစ်တကျ ဖြုတ်သိမ်းပါမည်။ လူ့အသုံးအဆောင်ပစ္စည်းအဟောင်းအချို့အား တွင်းတူးမြေမြှုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်သွားပါမည်။ အသုံးပြုခဲ့သော လမ်းများအား ပြန်လည်ပြုပြင်ခြင်းနှင့် မြေပြန်ဖို့ခြင်းများ လုပ်ဆောင်မည် ဖြစ်ပါသည်။ ခန့်ထားသော ဝန်ထမ်းလုပ်သားများ အလုပ်အကိုင်ရရှိစေရေး ကူညီဖြေရှင်းပေးသွားမည် ဖြစ်ပါသည်။

သတ္တုတွင်းပိတ်သိမ်းပြီး (၅) နှစ်ကြာသည်အထိ ပြုပြင်ထိန်းသိမ်းသည့် အခြေအနေများအား စောင့်ကြည့်သွားမည် ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်ကုစားခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြအစီရင်ခံသွားမည် ဖြစ်ပါသည်။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်ကိုလည်း တင်ပြထားပါသည်။ မိုင်းပိတ်သိမ်းခြင်း အစီအစဉ်များကို မြန်မာ့သတ္တုတွင်း ဥပဒေများ၊ နည်းဥပဒေ ၁၈၆၊ နည်းဥပဒေခွဲ (ဃ) အရ ဓါတ်သတ္တုလုပ်ငန်း မပြီးဆုံးမီ (၁) နှစ် ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို ဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တင်ပြပြီး အတည်ပြုချက် ရယူပြီးမှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အကြိုတည်ဆောက်ခြင်းကာလ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကာလ၊ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းကာလဟူ၍ ခွဲခြားပြီး အစီအစဉ်များ ရေးဆွဲထားပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၃)၊ အပိုဒ်ခွဲ (၈) အပိုဒ်ခွဲငယ် (၆) အရ ပါဝင်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Management Sub-plan) များကို တင်ပြထားပါသည်။

(က) လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီမံကိန်းဧရိယာ၏ လေအရည်အသွေးအပေါ် ထိခိုက်မှု၊ သက်ရောက်မှုများ ရှိ/မရှိ စစ်ဆေးနိုင်ရန်နှင့် လုပ်ကွက်၏ လေအရည်အသွေး Baseline Data များ နှိုင်းယှဉ်စစ်ဆေးပြီး ထိခိုက်မှုများ လျှော့ချနိုင်ရန်အတွက် လေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လေအရည်အသွေးအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်ပိတ်သိမ်းခြင်းကာလတို့တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အသုံးပြုသော မြေသားလမ်းများအား နံနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် ရေကာဖြင့် တစ်ရက်လျှင် (၂) ကြိမ် ရေဖြန်းပါမည်။ ယာဉ်များ၊ ကားများကို တစ်နာရီလျှင် မိုင် (၂၀) နှုန်းအောက်သာ မောင်းနှင်စေပါမည်။ ထွက်ရှိသည့် မြေစာပုံများအား ဝင်း/ခြံ အကာအရံ (Fencing and Green Belts) များ ခတ်ခြင်း ဆောင်ရွက်ပါမည်။ လေထုအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုမည့်နေရာမှာ Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ CO_2, NO, NO_2, SO_2, PM_{10}, $PM_{2.5}$ နှင့် O_2 တို့ ဖြစ်ပါသည်။ (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်

ဆေးပါမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ ခန့်မှန်းကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ကျပ် (၁၀) သိန်းခန့် ဖြစ်ပါသည်။ ကုမ္ပဏီ၏ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ ဦးဆောင်သော လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ လေအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

(ခ) ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာသည့် ဆူညံသံနှင့် တုန်ခါမှုများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ထိခိုက်မှုမား ရှိလာပါက သိရှိနိုင်ရန်နှင့် Baseline Data များ ရယူထားပြီး ဆူညံသံအဆင့် (Noise Level) လမ်းညွှန်ချက်ထက် ကျော်လွန်နေပါက ဆူညံသံတားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်းပြုလုပ်နိုင်ရန် ရည်ရွယ်ပြီး ဤဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲခြင်းအစီအစဉ်အား ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဆူညံသံများနှင့် ပတ်သက်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဆူညံသံအား စောင့်ကြပ်ကြည့်ရှု တိုင်းတာမည့်နေရာမှာ Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ dBA (Equivalent continuous sound level in Decibels) ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေမှာ (၃) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးပါမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် (၅) သိန်းခန့် ဖြစ်ပါသည်။ ကုမ္ပဏီ၏ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးဖြင့် လေ့လာစောင့်ကြည့်စစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဂ) ရေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

မြေပေါ်မြေအောက် ရေအရည်အသွေးများကို သိရှိထားရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရေအရည်အသွေးအပေါ် ထိခိုက်မှုများ ရှိလာပါက Baseline Data များနှင့် တိုက်ဆိုင်စစ်ဆေးပြီး ထိခိုက်မှုများ လျော့ချနိုင်ရန် ရေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂.၇.၂) ပါ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာမည့် အစိုင်အခဲ၊ စွန့်ပစ်ပစ္စည်းနှင့် သတ္တုဓါတ်ပြုခြင်းများကြောင့် မူလရေလမ်းကြောင်းမှ တဆင့် လူတို့အသုံးပြုသော ချောင်း၊ ကန်၊ ရေတွင်းများသို့ ရောက်ရှိပြီး ရေအရည်အသွေးနိမ့်ကျမှု၊ လူနှင့်ရေနေသတ္တဝါများအား ထိခိုက်မှု၊ pH Level နိမ့်ကျလာနိုင်မှုကြောင့် လူ/လူနေအိမ်နှင့် သီးနှံစိုက်ခင်းများအပေါ် ထိခိုက်မှုများ ရှိလာနိုင်ပြီး လျော့ချရေးနည်းလမ်းအဖြစ် လုပ်ကွက်နှင့် ရေသွားလမ်း၊ ချောင်း/မြောင်းတို့အကြား ကြားခံနယ်မြေ (Buffer Zone) များ ဆောင်ရွက်ခြင်း၊ ရေလွှဲမြောင်း၊ ရေနုတ်မြောင်းစနစ် (Drainage System) များ ထားရှိခြင်း၊ ရေပြုပြင်သန့်စင်ခြင်းလုပ်ငန်းများမှ (Dense Plantation and Wet Land Area) များ တည်ဆောက်ခြင်း၊ Acid Drianage များကို လျော့ချရန် ဓါတ်ပြယ်မှုစနစ်များမှ (Lime Neutralization) များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို ရေသွားလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှုအား ရှောင်ကြဉ်ခြင်းနှင့် တိုက်စားမှု/အနည်နှစ်ကျမှု (Erosion and Sedimentation) မဖြစ်စေရန် လုပ်ငန်းအသုံးပြု ဆက်သွယ်ရေးလမ်းများမှအစ ချောင်းနှင့်ရေသွားလမ်းအား ရှောင်ကြဉ်စေပါမည်။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များမှာ တည်နေရာ Latitude 27° 23' 55.831" N, Longitude 98° 24' 43.811" E တွင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားမည် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ Arsenic, Cadmium, Chemical Oxygen demand, Chromium, Hexavalent, Copper, Cyanide, Iron, Mercury, Nickel, pH, Temperature, Total Suspended Solid, Zinc တို့ ဖြစ်ပါသည်။ (ဖ) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားပါမည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (ဖ) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ တစ်နှစ်လျှင် ကုန်ကျစရိတ်မှာ (၁၀) သိန်းကျပ်ခန့်ဖြစ်ပါသည်။ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျုံနှင့် အဖွဲ့ဝင် (၅) ဦးပါသောအဖွဲ့မှ စောင့်ကြပ်စစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဃ) မြေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

လုပ်ငန်းများ ဆောင်ရွက်နေစဉ် မြေထုထိခိုက်မှုများ ရှိလာပါက ထိခိုက်မှုများ လျှော့ချနိုင်ရန် နှင့် Baseline Data များအတိုင်း ပြန်လည်ပြုပြင်သွားနိုင်ရန် မြေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။ လုပ်ငန်းလည်ပတ်ခြင်းကာလ နှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာပုံများ တိုက်စားပြိုကျမှု မရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေးနှင့် ဘေးနံရံများ တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားမှုများ၊ မြေစာများ၏ ဘူမိဆိုင်ရာအချက်အလက်များ၊ အသုံးပြုပြီးသော မြေနေရာများအား အစားထိုးစိုက်ပျိုးမှု အခြေအနေများအား စစ်ဆေးသွားမည် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် တည်နေရာမှာ Latitude 27° 23' 55.703" N, Longitude 98° 24' 40.899" E တွင် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် Parameter များမှာ As, Pb, Cr, Zn, Hg, Cd, Mo, Cu, pH တို့ဖြစ်ပါသည်။ (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးပါမည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံသွားပါမည်။ တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၅) သိန်းကျပ်ခန့် ဖြစ်ပါသည်။ ဒါရိုက်တာ MANG JA TANG DEE ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးပါအဖွဲ့မှ မြေထုအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်နေသော လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားချက်မှာ ကျပ်သိန်း (၂၄၀) ခန့် လျာထားပါသည်။ လိုအပ်ပါက ထပ်မံစိုက်ထုတ်သုံးစွဲသွားမည် ဖြစ်ပါသည်။

- ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချမည့်လုပ်ငန်းအစီအစဉ် - (၁၀၀) သိန်း
- Mine Closure Plan အတွက် လျာထားချက်ရန်ပုံငွေ - (၄၀) သိန်း
- Monitoring လုပ်ငန်းဆောင်ရွက်ရန် လျာထားချက်ရန်ပုံငွေ - (၅၀) သိန်း
- လူမှုကူညီရေး (CSR) လုပ်ငန်းများအတွက် လျာထားရန်ပုံငွေ - (၅၀) သိန်း

စုစုပေါင်း ကျပ်သိန်း (၂၄၀) ခန့်ဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်သည့်အချိန်တွင် လိုအပ်ပါက ထပ်မံစိုက်ထုတ် ထည့်ဝင်သွားမည် ဖြစ်ပါသည်။

နိဂုံးနှင့် သုံးသပ်ချက်

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသရှိ ခဲသတ္တုလုပ်ကွက် အမှတ် (၁) သည် (၄၉.၅) ဧက ကျယ်ဝန်းပြီး (24.62% Pb) ပါဝင်သော ခဲသတ္တုရိုင်း သ-၂ အဆင့် (၂၀၈၇၀) မက်ထရစ်တန်ခန့် ရှိပါသည်။ တတိယပါတီဖြစ်သော Kalaw Citizen Mineral Exploration and Mining Company မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အား ရေးသားပြုစုခဲ့ပါသည်။ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ခဲသတ္တုရိုင်း ထုတ်လုပ်ရန် ကျပ်သိန်းပေါင်း (၃၀၀၀) ခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း (၂၄၀) ခန့် သုံးစွဲသွားမည်ဟု တင်ပြထားပါသည်။ စီမံကိန်းဆောင်ရွက်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နိုင်မှုများကို အဖွဲ့များဖြင့် စနစ်တကျစောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ လုပ်ဆောင်သွားမည်ဟု တင်ပြထားပါသည်။ မိုင်းပိတ်သိမ်းချိန်တွင်လည်း စနစ်တကျဖြုတ်သိမ်းစောင့်ကြည့် စစ်ဆေးပြီး (၅) နှစ်တိတိ စောင့်ကြည့်သွားကာ ပြုပြင်ပေးသွားပါမည်။ စီမံကိန်းသည် လူနေဒေသနှင့် (၅) မိုင်ခန့် ကွာဝေးပြီး လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်ပါ။ စီမံကိန်းကာလဖြစ်သော အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ မိုင်းပိတ်သိမ်းခြင်းနှင့် စောင့်ကြည့်ကာလများတွင် သက်ရောက်နိုင်သော ထိခိုက်မှုများကို အနည်းဆုံးဖြစ်စေရန် လျှော့ချရေးနည်းလမ်းများအတိုင်း စနစ်တကျကုစားခြင်း၊ အစားထိုးစိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးပေးသွားမည်ဆိုပါက ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသ ခဲနှင့်ရောရာသတ္တုတူးဖော်ရေးစီမံကိန်းသည် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး၊ ကုမ္ပဏီအကျိုးရှိစေမည် ဖြစ်၍ ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြထားပါသည်။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသရှိ လုပ်ကွက်အမှတ် (၁) တွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခဲနှင့်ရောရာသတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း (INITIAL ENVIRONMENTAL EXAMINATION) အစီရင်ခံစာ

အခန်း(၂)

၂။ စီမံကိန်းအကြောင်းအရာဖော်ပြချက်(Project Description)

နိဒါန်း(Introduction)

စီမံကိန်းဖော်ဆောင်မည့် လုပ်ကွက်ဧရိယာအတွင်းရှိ ဆူညံသံနှင့် တုန်ခါမှုသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ ဆူညံသံသတ်မှတ်စံချိန်စံညွှန်းအတွင်း ရှိ/မရှိ သိရှိစေရန် ရည်ရွယ်ချက်ဖြင့် တိုင်းတာစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးရာတွင် ရရှိခဲ့သော တိုင်းတာမှုများမှာ နေ့အချိန်တွင် ပျမ်းမျှ 48.93 dBA နှင့် ညအချိန်တွင်ပျမ်းမျှ 35.20 dBA ဖြစ်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်အတွင်း ရှိနေသည်ကိုတွေ့ရပါသည်။

တိုင်းတာရရှိသော ဆူညံသံအား လိုက်နာရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် နှိုင်းယှဉ်တင်ပြအပ်ပါသည်။

ဆူညံသံအား စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်ဖော်ပြချက်ဇယား

Receptor	**One Hour LAeq(DBA)[a]**	
	Daytime 07:00 - 22:00 (10:00 - 22:00 for Public holidays)	Nighttime 22:00 - 07:00 (22:00 - 10:00 for Public holidays
Result	48.93	35.20
Residential, institutional, educational	55	45
Industrial, commercial	70	70

[a] Equivalent Continous Sound Level in decibels.

(ဆူညံသံတိုင်းတာမှုရလာဒ်များအား နောက်ဆက်တွဲ (ဂ) ဆူညံသံတိုင်းတာမှုမှတ်တမ်းတွင် တင်ပြထားပါသည်။)

၆.၇.၂။ ရေအရည်အသွေး

စီမံကိန်းဧရိယာအတွင်းရှိ မြေပေါ်ရေ၏ အရည်အသွေးကို သိရှိထားရန်ဖြစ်ပါသည်။ ခဲနှင့်ရောရာသတ္တု မထုတ်လုပ်မီရှိသော မြေပေါ်ရေ (ချောင်းရေ) ၏ အရည်အသွေးအား သိရှိထားခြင်းဖြင့် ခဲသတ္တု ထုတ်လုပ်နေစဉ်နှင့် တူးဖော်ထုတ်လုပ်ပြီးသောအခါ ရှိနေမည့် မြေပေါ်ရေ၏ အရည်အသွေးများကို နှိုင်းယှဉ် စစ်ဆေးနိုင်ရန် Baseline Data အဖြစ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ စစ်ဆေးခြင်းဖြစ်ပါသည်။

မြေပေါ်ရေ (ချောင်းရေ) နမူနာရယူသော တည်နေရာမြေပုံညွှန်းမှာ (Latitude 27° 23' 53.925" N, Longitude 98° 24' 45.203" E) တွင်ဖြစ်ပါသည်။

ဤနေရာကိုရွေးချယ်၍ ရေနမူနာရယူရခြင်းမှာ ဤနေရာသည် စီမံကိန်းဧရိယာအတွင်းရှိ ခဲသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက်တစ်ခုလုံးအား လွှမ်းခြုံ သက်ရောက်မှုရှိပြီး လုပ်ကွက်၏ အလယ်တွင် တည်ရှိကာ ကျင်းများအနီးမှ ရေဆင်းအတိုင်းအောက်ဘက်တွင် ကပ်၍ တည်ရှိသောကြောင့် Construction ကာလနှင့် Monitoring ကာလများတွင် ရေအရည်အသွေးထိခိုက်မှု ရှိ/မရှိ သေချာစွာသိရှိနိုင်ရန်အတွက် နှိုင်းယှဉ် စစ်ဆေးနိုင်မည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

နမူနာရယူထားသော ချောင်းရေနမူနာများအား ရန်ကုန်မြို့ရှိ ISO လက်မှတ်ရ ISO Tech Laboratory တွင် ဓါတ်ခွဲစမ်းသပ်ခဲ့ပါသည်။

ဓါတ်ခွဲအဖြေများအရ ချောင်းရေသည် pH = 7.1, Turbidity = 3, Total Hardness = 20 mg/l as $CaCO_3$, Calcium Hardness = 14 mg/l as $CaCO_3$, Magnesium Hardness = 6 mg/l as $CaCO_3$, Total Alkalinity = 36 mg/l as $CaCO_3$, Iron = 0.29 mg/l, Chloride (as Cl) = 3 mg/l, Sodium Chloride (as NaCl) = 5 mg/l, Sulphate (as SO_4) = Nil mg/l, Total Solids = 57 mg/l, Total Dissolved Solids = 37 mg/l ရှိပြီး Lead (Pb) = Nil, Arsenic (As) = Nil နှင့် Cyanide (CN) လုံးဝမပါရှိပါ။ ထို့ကြောင့် လုပ်ကွက်များ မစတင်မီ လုပ်ကွက်အတွင်းရှိ ချောင်းရေသည် သုံးရေအဖြစ်အသုံးပြုရန် သင့်တော်ပါသည်။ ချောင်းရေ၏ ဓါတ်ခွဲအဖြေများအား နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားပါသည်။

ရေအရည်အသွေး တိုင်းတာနှိုင်းယှဉ်မှုပြဇယား

No.	Parameter	Result of WS-1	WHO Standard	National Water Quality
1	pH	7.1	6.5-8.5	6.5-8.5
2	Colour(True)	Nil	15 TCU	15 TCU
3	Turbidity	3 NTU	5 NTU	5 NTU
4	Total Hardness	20 mg/l	500 mg/l	
5	Calcium Hardness	14 mg/l	-	200 mg/l
6	Magnesium Hardness	6 mg/l	-	150 mg/l
7	Carbonate($CaCO_3$)	Nil	-	-
8	BiCarbonate (HCO_3)	36 mg/l	-	-
9	Iron	0.29 mg/l	0.3 mg/l	1 mg/l
10	Chloride (as Cl)	3 mg/l	250 mg/L	250 mg/l
11	Sodium Chloride (NaCl)	5 mg/l	-	-
12	Sulphate (as SO_4)	Nil	200 mg/L	-
13	Phosphate	Nil	-	-
14	Total Solids	57 mg/l	1500mg/L	-
15	Dissolved Solids	13 mg/l	1000mg/L	1000mg/l
16	Manganese	Nil	0.05mg/L	0.4mg/l
17	Lead	Nil	0.01mg/L	0.01mg/l
18	Arsenic	Nil	0.01mg/L	0.05mg/l
19	Cyanide (CN)	Nil	0.07mg/L	0.07mg/l
20	Zinc (Zn)	Nil	3 mg/l	-

၆.၇.၃။ လေအရည်အသွေး

စီမံကိန်းသည် ခဲနှင့်ရောရာသတ္တုတူးဖော်ရေး စီမံကိန်းဖြစ်ပါသည်။ ဒါဘန်ဒေသ လုပ်ကွက် (၁) အတွင်း ခဲနှင့်ရောရာသတ္တု တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် လည်းကောင်း၊ ယာဉ်ယန္တယားများ၊ စက်များ၊ မောင်းနှင်မှုကြောင့်လည်းကောင်း စီမံကိန်း၏ လေအရည်အသွေးအပေါ် ထိခိုက်မှုများ၊ သက်ရောက်မှုများ ရှိ/မရှိ စစ်ဆေးနိုင်းယှဉ်နိုင်ရန် အတွက် လုပ်ကွက်၏ လေအရည် အသွေး Baseline Data အား တိုင်းတာစစ်ဆေးထားခြင်း ဖြစ်ပါသည်။

လေအရည်အသွေးအား Geo Applied Company မှ HAZ-Scanner Model – EPAS စက်ကို အသုံးပြုတိုင်းတာခဲ့ပါသည်။ အဓိကထား တိုင်းတာခဲ့သော Parameter များမှာ CO, NO, NO_2, SO_2, PM_{10}, $PM_{2.5}$ နှင့် RH% တို့ဖြစ်ပါသည်။

HAZ-Scanner စက်ဖြင့် လေထုညစ်ညမ်းမှု ဖြစ်နိုင်သောနေရာတွင် ၂၄ နာရီ (24 Hours) တိုင်းတာခြင်းဖြင့် နေ့နှင့်ညတွင် ဖြစ်ပေါ်သော လေထုမှ Parameter တို့၏ ပျမ်းမျှ အရည်အသွေးအား သိရှိနိုင်မည်ဖြစ်ပါသည်။ ရရှိသော Parameter များ၏ အရည်အသွေး များအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများနှင့် တိုက်ဆိုင်၍ နှိုင်းယှဉ်စစ်ဆေးသွားမည် ဖြစ်ပါသည်။

လေအရည်အသွေးကို တိုင်းတာခဲ့သည် တည်နေရာမှာ (Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E) တွင် ဖြစ်ပါသည်။

ဒါဘန်ဒေသလုပ်ကွက်(၁)အတွင်းတွင် လေအရည်အသွေးကို တိုင်းတာခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းနေရာကို ရွေးချယ်၍ လေအရည်အသွေးတိုင်းတာရခြင်းမှာ လုပ်ကွက်အား ခြံဝိုင်းမိပြီး ခဲနှင့်ရောရာသတ္တု တူးဖော်နေသည့်ကာလနှင့် စောင့်ကြည့်ကာလများတွင် လေ အရည်အသွေး ပြောင်းလဲမှု၊ ထိခိုက်မှုများ ရှိလာနိုင်သောနေရာများနှင့် ကပ်၍တည်ရှိသော ကြောင့် ဖြစ်ပါသည်။

လေအရည်အသွေးတိုင်းတာရာတွင် ရရှိသော Parameter များ၏ Baseline Data များမှာ CO = 13.74 $\mu g/m^3$, NO = 11.41 $\mu g/m^3$, NO_2 = 38.9 $\mu g/m^3$(1 Hour), SO_2 = 2.82 $\mu g/m^3$, PM_{10} = 8.82 $\mu g/m^3$, $PM_{2.5}$ = 7.70 $\mu g/m^3$, RH% = 49.34% (Relative Humidity), Temperature = 10.55°C တို့ဖြစ်ကြပါသည်။

နောက်ဆက်တွဲ (၈) တွင် လေထုအခြေအနေတိုင်းတာမှုမှတ်တမ်းအား ပူးတွဲတင်ပြထားပါသည်။

Sr	Parameter	Result	Standard	Remark
1	CO	13.74 $\mu g/m^3$(24 Hour)	-	
2	NO	11.41 $\mu g/m^3$(24 Hour)	-	
3	NO_2	38.90 $\mu g/m^3$(1 Hour)	200 $\mu g/m^3$	Normal
4	SO2	2.82 $\mu g/m^3$(24 Hour)	20 $\mu g/m^3$	Normal
5	PM_{10}[a]	8.82 $\mu g/m^3$(24 Hour)	50 $\mu g/m^3$	Normal
6	$PM_{2.5}$[a]	7.70 $\mu g/m^3$(24 Hour)	25 $\mu g/m^3$	Normal
7	RH%(Relative Humidity)	49.34%	-	
8	Temperature	10.55°C	-	Normal

[a] = Particulate matter 10 micrometers or less in diameter

[b] = Paticulate matter 2.5 micrometers or less in diametr

၆.၇.၄။ မြေထုအခြေအနေ

စီမံကိန်းလုပ်ကွက်သည် မြေထုပြောင်းလဲမှု ကြီးကြီးမားမား မရှိသေးပါ။ မြေထု၏ အရည်အသွေး Baseline Data များရရှိနိုင်ရန်အတွက် မြေနမူနာအား ရယူခဲ့ခြင်းဖြစ်ပါသည်။ နောင်တွင် မြေထုထိခိုက်မှုရှိလာပါက နှိုင်းယှဉ်ပြီး ပြန်လည်ကုစားနိုင်ရန်အတွက် ရည်ရွယ်၍ မြေနမူနာရယူခဲ့ခြင်းဖြစ်ပါသည်။

မြေနမူနာအား တည်နေရာ (Latitude 27° 23' 53.839" N, Longitude 98° 24' 32.504" E) ခန့်တွင် ဖြစ်ပါသည်။ ဤနေရာတွင် ရွေးချယ်၍ နမူနာရယူရခြင်းမှာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန်တွင် ထိခိုက်မှုများ၊ သက်ရောက်မှုများ ရှိလာနိုင်သော နေရာဖြစ်၍ နမူနာရယူခြင်း ဖြစ်ပါသည်။

မြေနမူနာအား မန္တလေးမြို့ရှိ MGA PETRO CHEMICAL LAB တွင် ဓါတ်ခွဲစမ်းသပ်ခဲ့ရာ As = 5.13 mg/kg, Pb = 28.47 mg/kg, Cr = 31.12 mg/kg, Zn = 22.48 mg/kg, Hg = Nil, Cd = Nil, Mo = Nil, Cu = Nil နှင့် pH = 6.9 ဖြစ်သည်ကို တွေ့ရပါသည်။

ယခုတိုင်းတာစမ်းသပ်ရရှိသော မြေထု၏ Parameter များအား Baseline Data များအဖြစ် ရယူပြီး စီမံကိန်းအကောင်အထည်ဖော်စဉ် သက်ရောက်မှုများရှိလာပါက နှိုင်းယှဉ်နိုင်ရန် အသုံးပြုသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြေထု၏ ဓါတ်ခွဲစမ်းသပ်အဖြေများနှင့် အရည်အသွေးကို နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားပါသည်။

လုပ်ကွက်နှင့်ဝန်းကျင်ရှိ Base Line Data ရယူနေသည့် မှတ်တမ်းဓါတ်ပုံများ



အသံတုန်ခါမှုအား လေ့လာမှတ်တမ်းယူနေကြစဉ်



လေအရည်အသွေးအား လေ့လာမှတ်တမ်းယူနေကြစဉ်



ဓါတ်ခွဲစမ်းသပ်ရန် ရေနမူနာရယူနေစဉ်



ဓါတ်ခွဲစမ်းသပ်ရန် မြေနမူနာရယူနေစဉ်

၆.၈။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဖော်ပြချက်

၆.၈.၁။ စီမံကိန်းနှင့်အနီးဆုံးရှိ လူမှုပတ်ဝန်းကျင်အခြေအနေ

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲသတ္တုတူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၁) သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသတွင် တည်ရှိပါသည်။ လုပ်ကွက်သည် ဒါလန်ကျေးရွာမှ (၅) မိုင်ခန့်ကွာ ဝေးပါသည်။

စီမံကိန်းမှလေ့လာမည့် မြေပြင်နယ်နိမိတ်အား အောက်ပါအတိုင်းသတ်မှတ် ဖော်ပြအပ်ပါသည်။ လေ့လာမည့် နယ်နိမိတ်ဧရိယာ၏ ထောင့်စွန်းမှတ်များမှာ -

A. Latitude 27° 23' 57.725" N, Longitude 98° 24' 21.245" E

X. Latitude 27° 23' 56.674" N, Longitude 98° 24' 47.00" E

Y. Latitude 27° 23' 42.519" N, Longitude 98° 24' 44.269" E

D. Latitude 27° 23' 43.249" N, Longitude 98° 24' 30.217" E

ဤလေ့လာမည့် မြေပြင်နယ်နိမိတ်ဧရိယာ (AXYD) သည် ခဲနှင့်ရောရာသတ္တု တူးဖော်မှုကြောင့် တိုက်ရိုက်ထိခိုက်ခံစားနိုင်သည့် ဧရိယာဖြစ်ပါသည်။

စီမံကိန်းသည် လူနေထိုင်ရာ ဒါလန်ကျေးရွာနှင့် (၅) မိုင်ခန့်ဝေးကွာပြီး တောင်တန်းများ ခြားနေသည့်အတွက် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှု အလွန်နည်းပါးနိုင်ပါသည်။

လေ့လာမည့်ဧရိယာအတွင်း Latitude 27° 23' 50.113"N, Longitude 98° 24' 38.672" E နေရာမှာ ဆူညံသံနှင့် တုန်ခါမှုများအား Sound Level Meter (Renetech GM-1356) အမျိုးအစားစက်ကို အသုံးပြု၍ ကျွမ်းကျင်ပညာရှင်များဖြင့် လေ့လာတိုင်းတာသွားပါမည်။

လေ့လာမည့်ဧရိယာအတွင်းမှ Latitude 27° 23' 53.925" N, Longitude 98° 24' 45.203" E နေရာတွင် ချောင်းရေနမူနာရယူပြီး ရန်ကုန်မြို့ရှိ ISO လက်မှတ်ရ ISO Tech Laboratory တွင် ရေအရည်အသွေးအား ခါတ်ခွဲစမ်းသပ်သွားပါမည်။

Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E နေရာတွင် HAZ-Scanner Model EPAS စက်ဖြင့် လေအရည်အသွေးအား တိုင်းတာပါမည်။

Latitude 27° 23' 53.839" N, Longitude 98° 24' 32.504" E နေရာမှ မြေနမူနာရယူပြီး မန္တလေးမြို့ရှိ MGA Petro Chemical Lab သို့ ပေးပို့ပြီး ခါတ်ခွဲစမ်းသပ်လေ့လာပါမည်။

၆.၈.၂။ ဒေသတွင်းလူနေထိုင်မှုအခြေအနေ

စီမံကိန်းအကောင်အထည်ဖော်မည့် ဒါဘန်ဒေသသည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်တွင် တည်ရှိပါသည်။ ခေါင်လန်ဖူးမြို့နယ်တွင် ကချင်၊ ချင်း၊ ဗမာနှင့် ရှမ်းတိုင်းရင်းသား လူမျိုးစုများ နေထိုင်ကြပါသည်။ ကျား (၇၂၆၉) ဦးနှင့် မ (၇၀၃၉) ဦးရှိပြီး စုစုပေါင်း လူဦးရေ (၁၄၃၀၄) ဦးရှိပါသည်။ ကချင်တိုင်းရင်းသားဖြစ်သော ရဝမ်တိုင်းရင်းသားများ အများဆုံးဖြစ်ပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ (၁၄၂၃၈) ဦးနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူ (၆၆) ဦးရှိပါသည်။ မြို့နယ်အတွင်း စိုက်ပျိုးမြေ (၆၀၁၁) ဧကနှင့် လှပ်ထားသော လယ်ယာမြေ (၅၁၃) ဧကရှိပြီး ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော (၆၁၉၇၉) ဧကနှင့် အသုံးပြုခြင်းမရှိသော အခြားမြေ (၁၀၅၆၁၆၈) ဧက ရှိပါသည်။ ခေါင်လန်ဖူးမြို့နယ်တွင် စပါး၊ မြေပဲနှင့် နှမ်းအနည်းငယ်ကိုသာ စိုက်ပျိုးကြသည်ကို တွေ့ရပါသည်။ နှစ်ရှည်သီးနှံပင်အဖြစ် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သော ဆာကော်သီးပင်ကို အဓိကစိုက်ပျိုးကြပါသည်။ ဒေသတွင်း ဝမ်းစာဖူလုံမှု (၅၃.၆၅%) ရှိပြီး (၄၆.၃၅%) ခန့် လိုအပ်နေသော ဒေသဖြစ်ပါသည်။ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်နှင့် ကြက်များ မွေးမြူကြပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲသတ္တုတူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၁) သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသတွင် တည်ရှိပါသည်။ လုပ်ကွက်သည် ဒါလန်ကျေးရွာမှ မျဉ်းဖြောင့်အတိုင်း (၄) မိုင်ခန့်ကွာဝေးပါသည်။ အနီးဆုံးကျေးရွာနှင့် တောင်တန်းများ ခြားနေပါသည်။ ဒါလန်ကျေးရွာတွင် ကချင်တိုင်းရင်းသားဖြစ်သော ရဝမ်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ အိမ်ထောင်စု (၃၅) စုခန့်ရှိပြီး လူဦးရေ (၂၀၀) ခန့် ရှိပါသည်။

၆.၈.၃။ ဝင်ငွေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ဒါလန်ကျေးရွာရှိ ဒေသခံများသည် တောင်ယာနှင့် လှေကားထစ်တောင်ယာ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ဒေသခံအနည်းငယ်တို့သည် အမဲလိုက်ခြင်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သော ဆာကော်သီးပင် စိုက်ပျိုးကြသည်ကိုလည်း တွေ့ရှိရပါသည်။ တောင်ယာစိုက်ပျိုးရေးရာသီအချိန်တွင် လုပ်ငန်းရှိကြပြီး ကျန်အချိန်များတွင် လုပ်ငန်းမရှိကြပါ။ အများအားဖြင့် စီးပွားရေး ကြပ်တည်းကြပါသည်။ ထို့ကြောင့် ကုမ္ပဏီမှ ခဲထုတ်လုပ်မှုများ အမြန်ဆုံးလာရောက်လုပ်ကိုင်ပါရန်နှင့် ဒေသခံအလုပ်သမားများ ခန့်ထားပေးပါရန် တောင်းဆိုကြပါသည်။

၆.၈.၄။ သဘာဝရေအရင်းအမြစ်ရရှိမှု

သဘာဝရေအရင်းအမြစ်ပေါများသော ဒေသဖြစ်ပါသည်။ ဒါဘန်ဒေသသည် တောင်ပေါ်ဒေသဖြစ်ပြီး လျှိုမြောင်များတွင် အရည်အသွေးကောင်းသော မြေပေါ်ရေများ ရှိပါသည်။ တောင်ပေါ်တောင်စောင်းများတွင် မြေအောက်ရေမရှိဘဲ တောင်ကြား၊ ချောင်းများအနီးတွင် မြေအောက်စိမ့်ထွက်ရေ ရှိပါသည်။ လုပ်ကွက်အနီးတွင် ချောင်းရေနှင့် ချောင်းဘေးမြေအောက်ရေ ရရှိပါသည်။

လုပ်ကွက်တွင် သဘာဝရေအရင်းအမြစ် ချောင်းရေများ ရှိပါသည်။ ချောင်းရေအား နမူနာရယူပြီး ရန်ကုန်မြို့ရှိ ISO ဓါတ်ခွဲခန်းတွင် ဓါတ်ခွဲစမ်းသပ်ကြည့်ရာ pH = 7.1 ရှိပါသည်။ သောက်ရေအဖြစ် အသုံးပြုရန် အထူးသင့်တော်ပါသည်။ လုပ်ကွက်ဝန်းကျင်တွင် ချောင်းရေ (မြေပေါ်ရေ) ကို ရာသီမရွေး ပေါများစွာ ရရှိနိုင်ပါသည်။

၆.၈.၅။ ဒေသတွင်းပညာရေး

ဒါလန်ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းရှိပါသည်။ ကျောင်းသား/ကျောင်းသူ (၃၀) ဦးခန့် ရှိပြီး ဆရာမ (၃) ဦးရှိပါသည်။ အလယ်တန်းနှင့် အထက်တန်း အခြေခံပညာရေးအတွက် ခေါင်လန်ဖူး၊ ပူတာအို၊ မြစ်ကြီးနားမြို့များနှင့် တရုတ်နိုင်ငံများသို့ သွားရောက်သင်ယူကြကြောင်း သိရှိရပါသည်။ အထက်တန်းပညာ တတ်မြောက်မှုနည်းပါးသည်ကို လေ့လာ သိရှိရပါသည်။

၆.၈.၆။ ဒေသတွင်းကျန်းမာရေး

ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာတွင် နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသော ဒေသန္တရ ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ အဖြစ်များသော ရောဂါများမှာ ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါနှင့် မိုးဦးကျတွင် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်တတ်ပါသည်။ မိုင် (၃၅) ခန့် ဝေးသော ခေါင်လန်ဖူးမြို့သို့ တက်ရောက် ဆေးကုသကြရပါသည်။ ခေါင်လန်ဖူးမြို့တွင် ကုတင် (၂၀) ဆန့် အစိုးရဆေးရုံ တည်ရှိပြီး ဆရာဝန် (၁) ဦးသာ ရှိပါသည်။ ဇန်ယော့ရွာနှင့် ခေါ်ဘူဒဲကျေးရွာတို့တွင် အစိုးရဆေးပေးခန်း (၁) ခုစီ ရှိပါသည်။ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲသတ္တုထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဒေသတွင်း ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများအား ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆.၈.၇။ လူဦးရေတိုးပွားနှုန်း

ဒါလန်ကျေးရွာ၏ လူဦးရေတိုးပွားနှုန်းမှာ စစ်တမ်းကောက်ယူမှုများအရ တစ်နှစ်လျှင် ကျေးရွာလူဦးရေ၏ (၂%) ခန့် ရှိကြောင်း သိရှိရပါသည်။

၆.၈.၈။ ဂေဟစနစ်

စီမံကိန်းတွင် သဘာဝဂေဟစနစ် (Natural Eco System) သည် အများအားဖြင့် မပျက်စီးသေးသည်ကို တွေ့ရပါသည်။ လူနေရွာများနှင့် ဝေးကွာသဖြင့်လည်း ဤသို့ဖြစ်နိုင်ပါသည်။ သို့သော် နွေရာသီတွင် တောမီးလောင်လေ့ရှိကြောင်း သိရှိရပါသည်။ သစ်ကြီး၊ ဝါးကြီးများမှာ သိပ်မရှိတော့ပါ။ အပင်ငယ်၊ အပင်လတ်များသာ အဓိကတွေ့ရပါသည်။ သစ်၊ ဝါးထုတ်ယူမှုနှင့် တောမီးလောင်မှုများကြောင့် ဂေဟစနစ်မှာ အနည်းငယ်ထိခိုက်မှု ရှိနေသည်ကို တွေ့ရပါသည်။ ကျောက်ထင်းရူးကဲ့သို့သော သစ်ပင်ကြီးများကို အပင်ငယ်များအဖြစ်သာ အတွေ့ရများပါသည်။ လက်ရှိကျန်ရှိနေသော သစ်ဝါးတောများထဲတွင် ဝံ၊ တောဝက်၊ မျောက်၊ တောင်ဆိတ်၊ ချေနှင့် တောကြောင်ကဲ့သို့သော တောကောင်မျိုးစိတ်များ ရှိနေပါသေးသည်။ တောကြက်၊ ဇီးကွက်၊ လင်းယုန်၊ သိမ်းငှက်၊ ချိုး၊ ငှက်ခါး၊ သစ်တောက်ငှက်၊ ဂျိုးသိန်း စသော ငှက်မျိုးစိတ် (၈) မျိုးခန့် တွေ့ရပါသည်။ ရေချောင်းများတွင် ငါးမျိုးစိတ်အနည်းငယ်ကိုလည်း တွေ့ရပါသည်။ ဤသို့ဖြင့် ဒါဘန်ဒေသတွင် သစ်ပင်၊ သစ်တောများ၊ တောရိုင်းတိရိစ္ဆာန်များ၊ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များနှင့် လိပ်ပြာမျိုးစိတ်များကို တွေ့ရသော သဘာဝဂေဟစနစ် (Natural Eco System) ကို တွေ့ရပါသည်။ လက်ရှိမြင်တွေ့ရသော သဘာဝဂေဟစနစ်ကို မပျက်စီးအောင် စောင့်ရှောက်ကြရမည့် ဖြစ်ပါသည်။

၆.၈.၉။ ဇီဝမျိုးစိတ်များ အခြေအနေနှင့် ပျက်သုဉ်းမှု

လူအချို့၏ မဆင်မခြင် အမဲလိုက်မှုများကြောင့်လည်းကောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့်လည်းကောင်း တောရိုင်းတိရိစ္ဆာန်များ၊ ငှက်မျိုးစိတ်များ၊ ငါးမျိုးစိတ်များ လျော့နည်းလာသည်ဟု လေ့လာစုံစမ်းသိရှိရပါသည်။ ယခင်ကရှိခဲ့ဖူးသော ကျားမျိုးစိတ်များ ပျောက်ကွယ်သွားခဲ့ပြီး ဖြစ်ပါသည်။ ထို့အတူ ဝက်ဝံ၊ တောဝက်၊ ချေ၊ တောင်ဆိတ်၊ မျောက်၊ ယုန်၊ တောကြောင် စသောမျိုးစိတ်များလည်း လျော့နည်းလာသည်ဟု သိရပါသည်။ ငှက်မျိုးစိတ်များ နည်းပါးလာသည်ဟု သိရှိရပါသည်။ လူနေထူထပ်လာပြီး လူတို့၏ နယ်မြေဒေသ ချဲ့ထွင်မှုများ၊ လယ်ယာမြေချဲ့ထွင်မှုများ၊ အမဲလိုက်ခြင်းများ၊ ငါးရှော့တိုက်ခြင်းများ မပြုလုပ်ကြပါရန် စနစ်တကျ ကြပ်မတ်ရပါမည်။ ခဲသတ္တုတူးဖော်မှု ပြုလုပ်နေစဉ် ဝန်ထမ်းနှင့် အလုပ်သမားများအား သစ်ဝါးများ စည်းကမ်းမဲ့ခုတ်ခြင်း မပြုလုပ်ရန် တားမြစ်ရပါမည်။ တောရိုင်း

တိရိစ္ဆာန်များအား အမဲလိုက်သတ်ဖြတ်ခြင်း မပြုလုပ်ရန် တားမြစ်ရပါမည်။ ငါးရှော့တိုက်ဖမ်းဆီးခြင်းများ မပြုလုပ်ရန်နှင့် တောမီးရှို့ခြင်းများ မပြုလုပ်ရန် တားမြစ်ပြီး သဘာဝဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်စေရပါမည်။ ဤနည်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ပြီး သဘာဝဂေဟစနစ် (Natural Eco System) အား ဆက်လက်ထိန်းသိမ်းသွားရပါမည်။

ဂေဟစနစ်အား ကောက်ယူရရှိသည့် ရလာဒ်များအား ရှားပါးသော/ မျိုးသုဉ်းမည့် အန္တရာယ်ရှိသော/ ထိခိုက်လွယ်သော မျိုးစိတ်များအား တင်ပြခြင်း

ဤဇယားသည် နယ်မြေလုံခြုံရေးအခြေအနေများနှင့် ဒေသ၏ ပထဝီဝင်အနေအထားများအရ အစီရင်ခံစာရေးသားပြုစုသူကိုယ်တိုင် ကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။ မြို့နယ်ဆိုင်ရာအချက်အလက်များစာတမ်းမှ ရယူခဲ့သော Data များနှင့် လမ်းပြထံမှ ရယူခဲ့သော Data များဖြစ်ပြီး လမ်းပြအကူအညီဖြင့် စီမံကိန်းဧရိယာအတွင်း ရနိုင်သမျှ တိုက်ဆိုင်စစ်ဆေးထားပြီး ICUN Red List စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးဖော်ပြခဲ့သော Secondary Data များ ဖြစ်ပါသည်။

စဉ်	တိရိစ္ဆာန်အမည်	Common Name	Scientific Name	IUCN Red List Status	Remark
၁	ဝက်ဝံ	Bear	Ursidae		အသင့်အတင့်
၂	တောဝက်	Wild Boar	Sus Scrofa		အတွေ့များ
၃	မျောက်	Monkey	Simian		″
၄	ချေ	Barking Deer	Muntiacus muntjak		″
၅	တောင်ဆိတ်	Chinese Goral	Naemorhedus griseus		″
၆	တောကြောင်	Jungle cat	Felis Chaus		″
၇	တောကြက်	Red Jungle fowl	Gallus Gallus		″
၈	ယူနန်ရစ်ငှက်	Yunnan Silver Pheasant	Gennaeus Nyethemerus		ရှားပါး
၉	သိန်းငှက်	Hawk	Buteo		အတွေ့များ
၁၀	ချိုးငှက်	Dove	Columbidae		″
၁၁	ဇီးကွက်	Owl	Strigiformes		″
၁၂	ခါငှက်	Hill Partridge	Arborophila torqueola		အသင့်အတင့်တွေ့
၁၃	ဖယ်လ်ကွန်သိန်းငှက်	Peregrime Falcon	Falcoprorgrinus		ရှားပါး
၁၄	ငှက်မြီးရှည်	Long-tail Minivet	Pericrocotus ethologus		ရှားပါး

၁၅	စွန်	Black-shouldered Kite	Elanus caeruleus		အသင်အတင့်တွေ့ရ
၁၆	စာကလေး	House Sparrow	Passer Domesticus		အတွေ့ရများ

နံပါတ် (၇) မှ (၁၆) အထိသည် ငှက်မျိုးနွယ် (၁၀) မျိုး ဖြစ်ပါသည်။

စီမံကိန်းဝန်းကျင်၌ ပေါက်ရောက်နေသော သစ်တောသစ်ပင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	**အမည်**	**Common Name**	**Scientific Name**
၁။	ကျောက်ထင်းရှူး	Kyauktin yu	Cephalotaxus griffithit Hook
၂။	ထင်းရှူး	Tin Shu	Pinus Insularis
၃။	ယမနေ	Ya-ma-nae	Gmelina arborea Roxb
၄။	ကံ့ကော်	Gangaw	Mesua ferreal
၅။	သစ်ယား	Thit-Yar	Schima wallichii (DC)

၆.၉။ အထွေထွေအချက်အလက်များ

ခေါင်လန်ဖူးမြို့နယ်တွင် သမိုင်းဝင်ထင်ရှားသော နေရာများနှင့် အဆောက်အဦများ မရှိပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းနယ်မြေ၏ အနီးဆုံးကျေးရွာဖြစ်သော ဒါလန်ကျေးရွာနှင့် မျဉ်းဖြောင့်အတိုင်း (၄) မိုင်ခန့် ဝေးကွာသည့်အတွက် စီမံကိန်းကြောင့် ထိခိုက်မှုခံရနိုင်ခြင်း နည်းပါးကြောင်း တင်ပြအပ်ပါသည်။

ဤလေ့လာတင်ပြချက်များအား ဖော်ပြရာတွင် စီမံကိန်းလုပ်ငန်းများ မစတင်မီ ဖြစ်နိုင်သည့် ပြောင်းလဲမှုများ ရှိလာပါက ဖြည့်စွက်ဖော်ပြသွားမည် ဖြစ်ပါသည်။

ဤဒေသတွင်းဆိုင်ရာ အချက်အလက်အားလုံးသည် ဒုတိယတစ်ဆင့်ခံအချက်အလက် (Secondary Data) များဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ယူထားသော အချက်အလက်များ ဖြစ်ပါသည်။

စီမံကိန်းအနီးပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းသုတေသနနေရာများ၊ သမိုင်းဝင်နေရာများ၊ ထူးခြားသော မြေယာရှုခင်းများ ရှိမနေပါ။

အခန်း (၇)

၇။ ထိခိုက်နိုင်မှုများကိုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ

ထိခိုက်မှုများကို ဆန်းစစ်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို Third Party မှ ပညာရှင်များသည် လေထုအရည်အသွေး၊ ဆူညံသံ၊ ရေထုအရည်အသွေးနှင့် မြေထုအရည်အသွေးများကို လက်တွေ့စမ်းသပ်တိုင်းတာသော နည်းစနစ် (Method) ကို အသုံးပြု၍လည်းကောင်း၊ ရုပအခြေအနေ၊ သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော Secondary Data များနှင့် တိုက်ဆိုင်စစ်ဆေးသော နည်းစနစ်ဖြင့်လည်းကောင်း ဆန်းစစ်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

စီမံကိန်းဆောင်ရွက်မှုကြောင့် ထိခိုက်မှုများသည် အဆင့်တိုင်းတွင် ရှိနိုင်ပါသည်။ ထိခိုက်မှုဆန်းစစ်မည့် အဆင့်များမှာ -

(၁) အကြိုတည်ဆောက်ခြင်းကာလ၊

(၂) တည်ဆောက်ခြင်းကာလ၊

(၃) လုပ်ငန်းလည်ပတ်ခြင်းကာလနှင့်

(၄) လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့ ဖြစ်ပါသည်။

၇.၁။ အကြိုတည်ဆောက်ရေး (Pre Construction) ကာလ ထိခိုက်မှုများအား ဆန်းစစ်ခြင်း

၇.၁.၁။ ဆူညံသံ

အကြိုတည်ဆောက်ရေးကာလများတွင် စမ်းသပ်တိုင်းတာသည့် ပညာရှင်များ ကနဦးပတ်ဝန်းကျင် ဆန်းစစ်သူ ပညာရှင်များ ဝင်ထွက်၍ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်သဖြင့် ဆူညံသံထိခိုက်မှု အနည်းငယ်မျှသာ ထိခိုက်နိုင်ပါသည်။ မီးစက်နှင့် အင်ဂျင်စက်များ မောင်းနှင်မှုကြောင့် အနည်းငယ်ထိခိုက်နိုင်ပါသည်။ ဆူညံသံထိခိုက်မှုအား ဆန်းစစ်ရန် Sound Level Meter ဖြင့် Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် စမ်းသပ်စစ်ဆေးခဲ့ရာ နေ့အချိန်တွင် ပျမ်းမျှ 48.93 dBA နှင့် ညအချိန်တွင် ပျမ်းမျှ 35.20 dBA ရှိသဖြင့် ထိခိုက်မှု မရှိကြောင်း သိရှိရပါသည်။

၇.၁.၂။ ရေအရည်အသွေး

အကြိုတည်ဆောက်ရေးကာလတွင် လုပ်ကွက်အတွင်းရှိ ချောင်းရေအား အနည်းငယ်မျှသာ ထိခိုက်နိုင်ပါသည်။ လုပ်ကွက်ရှိ ချောင်းရေအား Latitude 27° 23' 53.925" N, Longitude 98° 24' 45.203" E တွင် နမူနာရယူပြီး ဓါတ်ခွဲစမ်းသပ်ခဲ့ရာ pH = 7.1, Iron = 0.29 mg/l, Chloride = 3 mg/l, Sodium Chloride = 5 mg/l, Sulphate = Nil ပါရှိပြီး အာဆင်းနစ် လုံးဝမပါရှိကြောင်း တွေ့ရပါသည်။

၇.၁.၃။ လေအရည်အသွေး

အကြိုတည်ဆောက်ရေးကာလတွင် စမ်းသပ်တိုင်းတာမှုလုပ်ငန်းနှင့် လူအဝင်အထွက် အနည်းငယ်သာရှိ၍ လေထုအတွင်း အမှုန်အမွှားများ ရှိနိုင်ပြီး လေအရည်အသွေးအား အနည်းငယ် ထိခိုက်နိုင်ပါသည်။ လေအရည်အသွေးအား HAZ – Scanner Model EPAS စက်ကို အ သုံးပြု၍ လုပ်ကွက်အတွင်း Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် တိုင်းတာစစ်ဆေးခဲ့ပါသည်။ တိုင်းတာရရှိသော လေအရည်အသွေး Parameter များ၏ Baseline Data များမှာ CO = 13.74 μg/m^3, NO = 11.41 μg/m^3, NO_2 = 38.9 μg/m^3(1 Hour), SO_2 = 2.82 μg/m^3, PM_{10} = 8.82 μg/m^3, $PM_{2.5}$ = 7.70 μg/m^3, RH% = 49.34% (Relative Humidity), Temperature = 10.55°C တို့ဖြစ်ပါသည်။

၇.၁.၄။ မြေထုအခြေအနေ

အကြိုတည်ဆောက်ခြင်းကာလတွင် မြေထုညစ်ညမ်းမှု မရှိသေးသဖြင့် ထိခိုက်မှု မရှိနိုင်သေးကြောင်း တွေ့ရပါသည်။ လုပ်ကွက်အတွင်း Latitude 27° 23' 53.839" N, Longitude 98° 24' 32.504" E နေရာမှ မြေနမူနာရယူပြီး ဓါတ်ခွဲစမ်းသပ်ခဲ့ရာ As = 5.13 mg/kg, Pb = 28.47 mg/kg, Cr = 31.12 mg/kg, Zn = 22.48 mg/kg, Hg = Nil, Cd = Nil, Mo = Nil, Cu = Nil နှင့် pH = 6.9 ပါဝင်သည်ကို တွေ့ရပါသည်။

၇.၁.၅။ စွန့်ပစ်ပစ္စည်း

အကြိုတည်ဆောက်ရေးကာလတွင် စွန့်ပစ်ပစ္စည်းများ နည်းပါးနေသေးသည့်အတွက် ထိခိုက်မှု မရှိနိုင်သေးပါ။

၇.၁.၆။ လူမှုဝန်းကျင်ထိခိုက်မှု

အကြိုတည်ဆောက်ရေးကာလတွင် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ မရှိသေး၍ ထိခိုက်မှုများ မရှိသေးသည်ကို တွေ့ရပါသည်။

၇.၁.၇။ ဂေဟစနစ်

အကြိုတည်ဆောက်ရေးကာလတွင် ပညာရှင်များ ဝင်ထွက်သွားလာမှုနှင့် မီးစက်၊ အင်ဂျင်တို့၏ အသံတို့ကြောင့် ဂေဟစနစ်အား အနည်းငယ်ထိခိုက်နိုင်ပါသည်။ ထိခိုက်နိုင်မှု ပမာဏမှာ အနည်းငယ်မှ အသင့်အတင့်သာ ရှိနိုင်ပါသည်။

၇.၁.၈။ လူမှုဝန်းကျင်ထိခိုက်မှု

စီမံကိန်းသည် လူမှုဝန်းကျင်နှင့် (၅) မိုင်ခန့် ကွာဝေးသဖြင့် အကြိုတည်ဆောက်ရေးကာလတွင် လူမှုဝန်းကျင်ထိခိုက်မှု မရှိနိုင်ပါ။ ထိခိုက်မှုဖြစ်ရန် ရာခိုင်နှုန်း အလွန်နည်းပါသည်။

၇.၁.၉။ ကျန်းမာရေးထိခိုက်မှု

အကြိုတည်ဆောက်ရေးကာလတွင် ပညာရှင်များနှင့် ဝန်ထမ်းများ တောတောင်များအတွင် နေထိုင်ရမှုကြောင့် ဖျားနာမှုအနည်းငယ် ရှိနိုင်ပါသည်။ တခါတရံမှဖြစ်တတ်သော ထိခိုက်မှု ဖြစ်ပါသည်။

၇.၁.၁၀။ ဇီဝမျိုးစုံမျိုးကွဲထိခိုက်မှု

အကြိုတည်ဆောက်ရေးကာလတွင် ပညာရှင်များနှင့်ဝန်ထမ်းများ သွားလာဝင်ထွက်မှုများ၊ မီးစက်သံ၊ အင်ဂျင်သံတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲ ထိခိုက်မှု အနည်းငယ်ရှိနိုင်ပါသည်။

၇.၁.၁၁။ အကြိုတည်ဆောက်ရေးကာလတွင် ဖြစ်ပေါ်လာနိုင်သည့် Impact များအား အဆင့်အတန်းပမာဏ သတ်မှတ်ခြင်း

စဉ်	ထိခိုက်မှုအမျိုးအစား	ထိခိုက်နိုင်မှုအဆင့်အတန်း	ထိခိုက်နိုင်မှုပမာဏ
၁	ဆူညံသံ	မီးစက်နှင့်အင်ဂျင်များ မောင်းနှင်ခြင်းကြောင့် အနည်းငယ်ထိခိုက်	အသင့်အတင့်
၂	ရေအရည်အသွေး	ချောင်းရေအား အနည်းငယ်ထိခိုက်	အနည်းငယ်
၃	လေအရည်အသွေး	ဖုန်မှုန့်များရှိနိုင်၍ ထိခိုက်နိုင်	အနည်းငယ်သာ
၄	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	ကောင်းမွန်သည်	မရှိပါ
၅	မြေထုညစ်ညမ်းမှု	လုပ်ကွက်ဧရိယာအတွင်း ကောင်းမွန်ပါသည်	မရှိပါ
၆	ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း	ကောင်းမွန်ပါသည်	မရှိပါ
၇	ဂေဟစနစ်	လူသံများကြောင့် အနည်းငယ်ထိခိုက်	အနည်းငယ်သာ
၈	လူမှုဝန်းကျင်ထိခိုက်မှု	(၅) မိုင်ခန့်ဝေးကွာ၍ ထိခိုက်မှု မရှိပါ	ဖြစ်ရန်ခက်ခဲ
၉	ကျန်းမာရေးထိခိုက်မှု	ဝန်ထမ်းများသာ ဖျားနာမှု ရှိနိုင်ပါသည်	တခါတရံဖြစ်
၁၀	ဇီဝမျိုးစုံမျိုးကွဲထိခိုက်နိုင်မှု	လူသံများကြောင့် ထိခိုက်နိုင်ပါသည်	အနည်းငယ်သာ

၇.၂။ တည်ဆောက်ရေးကာလတွင်ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများအားဆန်းစစ်ခြင်း

တည်ဆောက်ရေးကာလတွင် သတ္တုတွင်းတည်ထောင်ခြင်းလုပ်ငန်းများ ဖြစ်သော လမ်းများဖောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ယာများ တည်ဆောက်ခြင်း၊ သတ္တုတူးဖော်မည့်နေရာများအား ရှင်းလင်းခြင်းများ ဆောင်ရွက်နေသဖြင့် ထိခိုက်မှုများ အသင့်အတင့်ရှိနိုင်ပါသည်။ တည်ဆောက်ခြင်းကာလတွင် ကြုံတွေ့နိုင်မည့် ထိခိုက်မှုများအား အဆင့်အတန်းပမာဏ သတ်မှတ်ခြင်းများအား ဇယားဖြင့် ဖော်ပြအပ်ပါသည်။

စဉ်	ထိခိုက်မှုအမျိုးအစား	ထိခိုက်နိုင်မှုအဆင့်အတန်း	ထိခိုက်နိုင်မှုပမာဏ
၁	ဆူညံသံ	မီးစက်နှင့်အင်ဂျင်များ မောင်းနှင်ခြင်းကြောင့် အနည်းငယ်ထိခိုက်	အသင့်အတင့်
၂	ရေအရည်အသွေး	ချောင်းရေအား အနည်းငယ်ထိခိုက်	အနည်းငယ်
၃	လေအရည်အသွေး	ဖုန်မှုန့်များရှိနိုင်၍ ထိခိုက်နိုင်	အနည်းငယ်သာ
၄	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	ကောင်းမွန်သည်	မရှိပါ
၅	မြေထုညစ်ညမ်းမှု	လုပ်ကွက်ဧရိယာအတွင်း ကောင်းမွန်ပါသည်	မြေထုအနည်းငယ် ပြောင်းလဲသွားပါမည်
၆	ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း	ကောင်းမွန်ပါသည်	မရှိပါ
၇	ဂေဟစနစ်	လူသံများကြောင့် အနည်းငယ်ထိခိုက်	ထိခိုက်မှု အသင့်အတင့်
၈	လူမှုဝန်းကျင်ထိခိုက်မှု	(၅) မိုင်ခန့်ဝေးကွာ၍ ထိခိုက်မှု မရှိပါ	ဖြစ်ရန်ခက်ခဲ
၉	ကျန်းမာရေးထိခိုက်မှု	ဝန်ထမ်းများသာ ဖျားနာမှု ရှိနိုင်ပါသည်	တခါတရံဖြစ်
၁၀	ဇီဝမျိုးစုံမျိုးကွဲထိခိုက်နိုင်မှု	လူသံများကြောင့် ထိခိုက်နိုင်ပါသည်	အသင့်အတင့် ရှိနိုင်ပါသည်

၇.၃။ လုပ်ငန်းလည်ပတ်တူးဖော်ထုတ်လုပ်ခြင်း (Production) ကာလ ထိခိုက်မှုများကို ဆန်းစစ်ခြင်း

ထုတ်လုပ်ခြင်းကာလ Production တွင် မြေများရှင်းလင်းခြင်း၊ စက်ယန္တယားများ သွားလာခြင်း၊ ခဲသတ္တုများ တူးဖော်ခြင်း၊ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ဝန်ထမ်းလုပ်သားများ သွားလာနေထိုင် လုပ်ကိုင်ခြင်းတို့ကြောင့် ဒေသပတ်ဝန်းကျင်အပေါ် ထိခိုက်မှု (Impact) များ ရှိနိုင်ပါသည်။ ထိခိုက်မှုအမျိုးအစားများ၊ အဆင့်အတန်းများအား ဇယားဖြင့် ပြသရှင်းလင်းထားပါသည်။

စဉ်	ထိခိုက်မှုအမျိုးအစား	ထိခိုက်နိုင်မှုအဆင့်အတန်း	ထိခိုက်နိုင်မှုပမာဏ
၁	ဆူညံသံ	မီးစက်နှင့်အင်ဂျင်များ မောင်းနှင်ခြင်းကြောင့် အနည်းငယ်ထိခိုက်	အသင့်အတင့်
၂	ရေအရည်အသွေး	ချောင်းရေအား အနည်းငယ်ထိခိုက်	အနည်းငယ်
၃	လေအရည်အသွေး	ဖုန်မှုန့်များရှိနိုင်၍ ထိခိုက်နိုင်	အနည်းငယ်သာ
၄	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	ကောင်းမွန်သည်	အနည်းငယ်သာ
၅	မြေထုညစ်ညမ်းမှု	လုပ်ကွက်ဧရိယာအတွင်း ကောင်းမွန်ပါသည်	မြေထုအနည်းငယ် ပြောင်းလဲသွားပါမည်
၆	ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း	ကောင်းမွန်ပါသည်	မရှိပါ
၇	ဂေဟစနစ်	လူသံများကြောင့် အနည်းငယ်ထိခိုက်	အသစ်ပြန်လည် တည်ဆောက်ရန် အဆင့်
၈	လူမှုဝန်းကျင်ထိခိုက်မှု	(၅) မိုင်ခန့်ဝေးကွာ၍ ထိခိုက်မှု မရှိပါ	ဖြစ်ရန်ခက်ခဲ
၉	ကျန်းမာရေးထိခိုက်မှု	ဝန်ထမ်းများသာ ဖျားနာမှု ရှိနိုင်ပါသည်	တခါတရံဖြစ်
၁၀	ဇီဝမျိုးစုံမျိုးကွဲထိခိုက်နိုင်မှု	လူသံများကြောင့် ထိခိုက်နိုင်ပါသည်	အသစ်ပြန်လည် တည်ဆောက်ရန် အဆင့်

တူးဖော်ရရှိသော ခဲနှင့်ရောရာသတ္တုရိုင်းပါ ဖြုံးများကို လုပ်ကွက်အတွင်း စုပုံရာတွင် အလျား ၃၀၀ ပေနှင့် အနံ ၁၅၀ ပေရှိသော စုပုံကွင်း (Dumping Site) ကို စနစ်တကျ တည်ဆောက်သွားမည် ဖြစ်ပါသည်။ စုပုံရာတွင်လည်း သတ္တုရိုင်းပုံ၏ အမြင့်အား ၁၀ ပေအမြင့်အထိသာ စုပုံပါမည်။ ထို့ကြောင့် ဘေးအန္တရာယ် မဖြစ်စေနိုင်ပါ။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီသည် လုပ်ငန်းများဆောင်ရွက်မှုကြောင့် အဆင့်တိုင်းတွင် ဖြစ်ပေါ်ခဲ့သော ထိခိုက်မှု (Impact) များကို ပြန်လည်ကုစားနိုင်ရန်အတွက် အခြေခံတန်ဘိုး (Background Value) များကို ရယူခဲ့ပြီး ၎င်းတို့နှင့်နှိုင်းယှဉ်၍ ပြန်လည်ကုစားသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ထိုသို့ ပြန်လည်ကုစားရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၇.၄။ ခဲသတ္တုတူးဖော်မှုကြောင့် ထိခိုက်မှုများသက်ရောက်နိုင်မှု

ခဲသတ္တုတူးဖော်ထုတ်လုပ်မှု စီမံကိန်းကြောင့် စီမံကိန်းနှင့်ပတ်ဝန်းကျင်တွင် ထိခိုက်မှုများ အသင့်အတင့် ရှိလာနိုင်ပါသည်။ စီမံကိန်းဝန်းကျင် (၀.၅) စတုရန်းကီလိုမီတာခန့်တွင် ထိခိုက်မှု အသင့်အတင့်ရှိနိုင်ပြီး (၄.၀) စတုရန်းကီလိုမီတာခန့်တွင် အနည်းငယ်ထိခိုက်မှု ရှိနိုင်ပါသည်။ သို့သော် စီမံကိန်းဝန်းကျင် (၈.၀) စတုရန်းကီလိုမီတာခန့်အတွင်း လူနေထိုင်မှုမရှိသည့်အတွက် လူမှုပတ်ဝန်းကျင်ထိခိုက်မှုများ ရှိမလာနိုင်ကြောင်း တင်ပြအပ်ပါသည်။

(စီမံကိန်းကြောင့် ထိခိုက်မှုများ သက်ရောက်မှုရှိနိုင်သည့် ဧရိယာပြမြေပုံအား ပုံ (၈) တွင် တင်ပြထားပါသည်။)

၇.၅။ စီမံကိန်းဆောင်ရွက်မှုကြောင့် ဒေသအပေါ်သက်ရောက်မှုများနှင့် ထိခိုက်မှုများကို လျှော့ချမည့် နည်းလမ်းများ

စဉ်	ထိခိုက်မှုအမျိုးအစား	ထွက်ရှိမည့်အရင်းအမြစ်	လျှော့ချမည့်နည်းလမ်း
၁	**ဆူညံသံ**		
	-ဆူညံသံနှင့်တုန်ခါမှု	မီးစက်မောင်ခြင်းကြောင့် အနည်းငယ်ဖြစ်ပေါ်နိုင်	အသံလုံစနစ်များ တပ်ဆင်အသုံးပြုပါသည်။
၂	**ရေအရည်အသွေး**		
	-မြေပေါ်ရေ အရည်အသွေးထိခိုက်မှု	Tailing များ ထွက်ရှိမှုအား ကာကွယ်ထားခြင်းကြောင့် ထိခိုက်မှုမရှိနိုင်ပါ။	ထိခိုက်မှုမရှိနိုင်ပါ။

	-မြေအောက်ရေအရည်အသွေး ထိခိုက်မှု	ထုံးကျောက်များ၊ နှမ်းဖတ်ကျောက်များ အောက်ခံဖြစ်၍ မြေအောက်ရေရရှိရန် ခက်ခဲပါသည်။	ထိခိုက်မှု မရှိနိုင်ပါ။ လစဉ်ရေအရည်အသွေး စစ်ဆေးသွားပါမည်။ လိုအပ်ပါက Treatment ပြုလုပ်သွားပါမည်။
၃	**လေအရည်အသွေး**		
	-အမှုန်အမွှား	ဖုန်မှုန့်များထွက်ရှိနိုင်	ယန္တယားများ အရှိန်လျှော့မောင်းနှင်ခြင်းနှင့် လမ်းအားရေဖြန်းခြင်းဖြင့် ကာကွယ်မည်။
	-အန္ဓံ	မရှိပါ။	မရှိပါ။
၄	**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**		
	-အစိုင်အခဲ	Top Soil & Tailing	Dumping Site များ တည်ဆောက်စုပုံထားပါသည်။
	-အရည်	အနည်းငယ်ရှိ	Waste Water Pond များ တည်ဆောက်ထိန်းသိမ်းပါမည်။
	-အခိုးအငွေ့	မရှိပါ။	မရှိပါ။
၅	**မြေထုညစ်ညမ်းမှု**		
	-အပေါ်ယံမြေဖယ်ရှားခြင်း	Top Soil များထွက်ရှိ	Dumping Site တွင် စနစ်တကျစုပုံပါမည်။
	-မြေစာပုံထားရှိမှု	Tailing ထွက်ရှိ	Dumping Site တွင် စနစ်တကျစုပုံပါမည်။
၆	**ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု**		
	-စွန့်ပစ်မည့်အစီအစဉ်	မရှိပါ။	မရှိပါ။
	-သိမ်းဆည်းမည့်အစီအစဉ်	Top Soil & Tailing ရှိပါသည်။	Dumping Site တွင် စုပုံသိမ်းဆည်းသွားပါမည်။
	-ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေး	ဆောင်ရွက်မှုရှိပါမည်။	လစဉ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးပါမည်။
	-ဓါတုပစ္စည်းသုံးစွဲမှုနှင့်ထွက်ရှိမှု	မရှိပါ။	မရှိပါ။
	-ဓါတ်ငွေ့များသုံးစွဲမှုနှင့်ထွက်ရှိမှု	မရှိပါ။	မြေအောက်လိုဏ်ဂူအတွင်းတွင် ယမ်းကို လိုအပ်သလောက်သာ အကန့်အသတ်ဖြင့် အသုံးပြုသွားပါမည်။
၇	**ဂေဟစနစ်**		
	-တောတောင်အခြေအနေထိခိုက်မှု	ထိခိုက်မှုရှိပါသည်။	ပြန်လည်ပြုစုပျိုးထောင်စိုက်ပျိုးသွားပါမည်။
	-ဇီဝမျိုးစုံမျိုးကွဲများ အခြေအနေနှင့် ထိခိုက်မှု	ထိခိုက်နိုင်ပါသည်။	လုပ်ကွက်တူးဖော်ပြီးစီးသွားပါက သင့်တော်သောနေရာတွင် Eco – systerm တစ်ခု တည်ထောင်ထားပါမည်။
၈	**လူမှုဝန်းကျင်ထိခိုက်မှု**	မရှိနိုင်ပါ။	လူမှုဝန်းကျင်နှင့် (၅) မိုင်ခန့် ဝေးကွာပါသည်။
၉	**ဒေသတွင်းကျန်းမာရေးထိခိုက်မှု**	မရှိနိုင်ပါ။	ချောင်းရေဓါတ်ခွဲစစ်ဆေးမှုအား လစဉ် ပြုလုပ်ပေးသွားပါမည်။

၇.၆။ ထိခိုက်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခဲသတ္တုလုပ်ကွက် (၁) အား ချပေးထားသော အခြားမြေအတွင်းတွင် အဖိုးတန်သစ်တောသစ်ပင်များ အသင့်အတင့်ရှိသော်လည်း ရှားပါးမျိုးစိတ်များ မရှိခြင်း၊ အမျိုးသားအဆင့် တိုင်းနှင့်ပြည်နယ်အဆင့် သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ အများပြည်သူဆိုင်ရာသစ်တော၊ သိပ္ပံပညာရပ်ဆိုင်ရာ ထိန်းသိမ်းထားသောနယ်မြေ၊ ဘူမိရူပဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရနေရာများ၊ ဝန်ကြီးဌာနမှ ကြေငြာထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ ပါဝင်မှုမရှိခြင်း၊ ကျေးရွာမြေ၊ လယ်မြေ၊ သုသာန်မြေများဖြင့် လွတ်ကင်းခြင်းတို့ကြောင့် ခဲသတ္တုလုပ်ကွက်အဖြစ် ခွင့်ပြုထားခြင်းဖြစ်ပါသည်။ လုပ်ကွက်အတွင်း ခဲသတ္တုတူးဖော်သည့် လုပ်ငန်းအဆင့်နှင့် သန့်စင်သည့်အဆင့်ကို ဆောင်ရွက်ပြီး ခဲသတ္တုရိုင်းအား စီမံကိန်းရှိ စုပုံကွင်းမှတဆင့် ဈေးကွက်ရှိရာသို့ ပေးပို့မည်ဖြစ်ပါသည်။ ခဲသတ္တုရိုင်းတူးဖော်မှုလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် လျော့နည်းစေရေးဆောင်ရွက်မည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၇.၆.၁။ ဆူညံသံနှင့် တုန်ခါမှု

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ဒေသရှိ ခဲနှင့်ရောရာသတ္တု လုပ်ကွက် (၁) တွင် တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်မည့် ဆူညံသံနှင့်တုန်ခါမှု ထွက်ရှိမည့် အရင်းအမြစ်နှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များမှာ -

(က) ထွက်ရှိမည့်အရင်းအမြစ်

ဆူညံသံထွက်ရှိမည့် အရင်းအမြစ်များမှာ ရေစက်၊ မီးစက်၊ ယာဉ်ယန္တယားများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ ဆူညံသံတိုင်းတာစစ်ဆေးခြင်းအား ခဲသတ္တုလုပ်ကွက်အတွင်း Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် တိုင်းတာစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ စီမံကိန်းဧရိယာတစ်ခုလုံးအား လွှမ်းခြုံမိသောနေရာတွင် တိုင်းတာခဲ့ခြင်းဖြစ်ပါသည်။ ဆူညံသံနှင့်တုန်ခါမှုမှာ နေ့အချိန်ပျမ်းမျှ 48.93 dBA နှင့် ညအချိန်ပျမ်းမျှ 35.20 dBA ရှိပါသည်။ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြုပြီး လိုဏ်ဂူတူးဖော်ပါမည်။ ခဲသတ္တုရိုင်းများကို Dumping Site သို့ ပေးပို့ရန် သတ္တုသယ်ယာဉ်ပေါ်သို့ တင်ရန်အတွက် Excavator (၁) စီးအား အသုံးပြု၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်မှာ နေ့အချိန်တွင်သာ ဆောင်ရွက်ခြင်း၊ လူနေကျေးရွာများဖြင့် ကွာဝေးခြင်း၊ မြေအောက်တူးဖော်မှုဖြစ်ခြင်း စသည်တို့ကြောင့် မီးစက်၊ ရေတင်စက်နှင့် စက်ယန္တယားများမှ ဆူညံသံထွက်ရှိမည် ဖြစ်သော်လည်း ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုမရှိနိုင်ကြောင်း တွေ့ရ

ပါသည်။ လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဆူညံသံဖြစ်ပေါ်မှုမှာ စီမံကိန်းတွင် နေ့/ည 70 dBA ထက်များပါက ဝန်ထမ်းများ အကြားအာရုံကို ထိခိုက်စေမည် ဖြစ်ပါသည်။

(ခ) လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်

ခဲသတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆူညံသံနှင့် တုန်ခါမှု သက်ရောက်မှု မရှိစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များမှာ -

- လုပ်ကွက်အတွင်း တူးဖော်မှုလုပ်ငန်းများအား နေ့ဆိုင်းတစ်ဆိုင်းတည်းဖြင့် ဆောင်ရွက်ပါမည်။ ညအချိန် ယာဉ်၊ ယန္တယားများ သုံးစွဲမှုမပြုလုပ်ရန် တားမြစ်ဆောင်ရွက်မည် ဖြစ်ပါသည်။ မီးစက်အား ည (၉း၀၀) အချိန်တွင် ရပ်နားပါမည်။ ရေတင်စက်အား နေ့အချိန်တွင်သာ အသုံးပြုပါမည်။
- လမ်းခွဲခြင်းလုပ်ငန်းများကို လိုဏ်ဂူအတွင်းတွင်သာ ပြုလုပ်မည်ဖြစ်ပါသည်။
- ယာဉ်နှင့်ယန္တယားများ ဝယ်ယူသုံးစွဲရာတွင် ဆူညံသံထွက်ပေါ်မှုအား စစ်ဆေး၍ အသက်သာဆုံးအား ဝယ်ယူသုံးစွဲပါမည်။
- ခဲသတ္တုသယ်ယာဉ်များအား (၈) တန်ဆန့်ယာဉ် အသေးစားကို ဝယ်ယူအသုံးပြုမည် ဖြစ်ပါသည်။
- ဖြုံးကြိတ်ခွဲစက်ရှိ ပေါက်ကွဲအင်ဂျင်များနှင့် မီးစက်အင်ဂျင်ရှိ အင်ဂျင်သုံးလေအဝင်နှင့် ပေါက်ကွဲပြီး အင်ဂျင်လေအထွက်တို့တွင် အသံထိန်းကိရိယာများ တပ်ဆင်ထားမည် ဖြစ်ပါသည်။
- ခဲသတ္တုတူးဖော်သည့် လိုဏ်ဂူတည်ရှိရာပတ်လည်တွင် သစ်ပင်ကြီးများအား ဆူညံသံအကာအရံ (Sound Barrier) အဖြစ် စိုက်ပျိုးထားပါမည်။
- တည်ဆောက်ရေးကာလတွင် ဆူညံသံနှင့်တုန်ခါမှုတို့၏ Baseline Data များကို ရယူထားပါမည်။
- လုပ်ငန်းလည်ပတ်ဆောင်ရွက်နေစဉ် စီမံကိန်းနှင့် စီမံကိန်းဝန်းကျင်ရှိ ဆူညံသံနှင့် တုန်ခါမှုများအား တည်နေရာ Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင် ဆူညံသံတိုင်းတာစက် Sound Level Meter (Renetech) ဖြင့် သုံးလလျှင်တစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ တိုင်းတာရရှိသော ဆူညံသံအား လိုက်နာကျင့်သုံးရမည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ဆူညံသံအား အောက်ပါစံချိန်စံညွှန်းအတွင်း ရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Recepto	One Hour LAeq(dBA)	
	Day time 0700Hr – 2200Hr (1000Hr – 2200Hr for Public holidays)	Night time 2200Hr – 0700Hr (2200Hr – 1000Hr for Public holidays
Residential, institutional, educational	55	45
Industrial, commercial	70	70

၇.၆.၂။ ရေအရည်အသွေး

ခဲသတ္တုလုပ်ကွက်တွင် လုပ်ငန်းများဆောင်ရွက်မှုကြောင့် စွန့်ပစ်ရေထွက်ရှိမည့် ရေအရင်းအမြစ်များနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များမှာ -

(က) ထွက်ရှိမည့်အရင်းအမြစ်

ခဲသတ္တုတူးဖော်ရေးစီမံကိန်းမှ ထွက်ရှိမည့် စွန့်ပစ်ရေများမှာ ချိုးရေသုံးရေအဖြစ် အသုံးပြုသည့် အထွေထွေသုံး စွန့်ပစ်ရေများဖြစ်ပါသည်။ လုပ်ကွက်အတွင်း မြေအောက်ရေ မထွက်ရှိနိုင်ပါ။ တူးဖော်ရေးလိုဏ်ဂူအတွင်းမှ စိမ့်ရေအနည်းငယ် ထွက်ရှိနိုင်ပါသည်။

(ခ) လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်

မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များမှာ -

- မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက အပတ်စဉ် ချဉ်ဖန်ဓါတ် (pH) တိုင်းတာစစ်ဆေးခြင်း၊ (၆) လ တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စွန့်ထုတ်ရည် အရည်အသွေးပါ Parameter များ၊ (pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Manganese, Iron, Arsenic, Cu, Pb, Zn) များအား ဓါတ်ခွဲစမ်းသပ်ပါမည်။

- မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက မြေအောက်ရေများအား အနည်ထိုင်ကန် (12'x12'x5') အတွင်း ဖြတ်သန်းစေပြီး အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုသယ်ယူရာလမ်းများအား ရေဖြန်းရာတွင် အသုံးပြုပါမည်။
- လုပ်ကွက်အတွင်း မိုးရာသီတွင်စီးဆင်းသော တောင်ကျချောင်းရေ အရည်အသွေးအား ပုံမှန်စစ်ဆေးသွားမည် ဖြစ်ပါသည်။ အထွေထွေသုံးစွန့်ပစ်ရေနှင့် မိုးရာသီလုပ်ငန်းဆောင်ရွက်နေသည့် မြေနေရာအတွင်း ဖြတ်သန်းစီးဆင်းသော ရေများအား မြောင်းများသွယ်၍ အစားထိုးစိုက်ခင်းများဆီသို့ ပေးပို့မည်ဖြစ်ပါသည်။
- လုပ်ကွက်အတွင်းရှိ တောင်ကျချောင်းရေအတွင်း စွန့်ပစ်မြေစာပုံမှ မြေစာများ ကျရောက်ခြင်းမရှိစေရန် စွန့်ပစ်မြေစာပုံအောက်ခြေတွင် အကျယ် ၃ ပေ၊ အနက် ၄ ပေရှိ မြောင်းများ တူးဖော်ထားမည် ဖြစ်ပါသည်။
- မိုးရေနှင့် စီးဆင်းရေများအတွက် ကြိုတင်ကာကွယ်ရန် ခဲသတ္တုရိုင်းစုပုံကွင်း (Ore Dumping Site) နေရာတွင် အောက်ခံအဖြစ် ရွံ့ (Clay Layer) ကို (300'x150') ဧရိယာ အခင်းခင်းပါမည်။ မြေစေးကိုဖိသိပ်၍ ရေမစိမ့်စေရန် ပြုလုပ်ထားပါမည်။ Clay Layer ပေါ်တွင် ပလတ်စတစ်အထူခင်း၍ သတ္တုရိုင်းကို စုပုံစေပါမည်။ Dumping Site အောက်ဘက်တွင် မိုးရေကြောင့်လည်းကောင်း၊ စုပုံပစ္စည်းများမှ လည်းကောင်း Waste Water များ စိမ့်ထွက်ပါက Waste Water Pond (ရေစစ်ကန်) ပြုလုပ်၍ စုဆောင်းထားပါမည်။ ၎င်းရေစစ်ကန်အား အဆင့်ဆင့်ထား ရေစစ်ယူ၍ နောက်ဆုံးကန်ရှိရေအား Recycle ပြန်လည်အသုံးပြုပါမည်။ အကယ်၍ ပိုလျှံပါက ၎င်းရေအား ဓါတ်ခွဲစမ်းသပ်ပြီးမှ လိုအပ်သလို ဓါတ်တိုး/ဓါတ်လျှော့ ပြုလုပ်မည် ဖြစ်ပါသည်။

အောက်ဖော်ပြပါ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်(၂-၇-၂)ပါ သတ္တုရိုင်းနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်အတိုင်းရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)

Parameter	Unit	Guideline Value
Arsenic	mg/l	0.1
Cadmium	mg/l	0.05
Chemical oxygen demand	mg/l	150
Chromium (hexavalent)	mg/l	0.1
Copper	mg/l	0.3
Cyanide	mg/l	1
Cyanide (free)	mg/l	0.1
Cyanide (weak acid dissociable)	mg/l	0.5
Iron (total)	mg/l	2
Lead	mg/l	0.2
Mercury	mg/l	0.002
Nickel	mg/l	0.5
pH	S.U.[a]	6-9
Temperature	°C	<3 degree differential
Total suspended solids	mg/l	50
Zinc	mg/l	0.5

[a] Standard unit

၇.၆.၃။ လေအရည်အသွေး

ခဲသတ္တုတူးဖော်ခြင်း၊ သယ်ယူခြင်း၊ စုပုံခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သည့်အတွက် ထွက်ရှိသည့်အရင်းအမြစ်များနှင့် လျော့ပါးစေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) လေထုညစ်ညမ်းမှုထွက်ရှိသည့်အရင်းအမြစ်

လေထုညစ်ညမ်းစေနိုင်သည့် အရင်းအမြစ်များမှာ သတ္တုရိုင်းများ စုပုံခြင်း၊ သယ်ယူမည့် ယာဉ်ပေါ်သို့ တင်ပေးခြင်း၊ သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ အမှုန်အမွှားများ ထွက်ရှိမှုတို့ကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အတူ ယာဉ်၊ ယန္တယားများနှင့် မီးစက်များ အသုံးပြုရာမှ အင်ဂျင်များမှထွက်ရှိသော အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းစေခြင်းတို့ ဖြစ်ပါသည်။

(ခ) လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ

လေထုညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- တူးဖော်ရရှိသည့် ခဲသတ္တုရိုင်းများအား စုပုံကွင်းတွင် စနစ်တကျစုပုံပါမည်။
- ခဲသတ္တုရိုင်းများအား သယ်ယူမည့်ယာဉ်ပေါ်သို့ တင်ရာတွင် လေတိုက်နှုန်းများသော အချိန်များတွင် ဆောင်ရွက်ခြင်းမှ ရှောင်ရှားပါမည်။
- သတ္တုရိုင်းသယ်ယူပို့ဆောင်သည့် လမ်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှု မရှိစေရေးအတွက် ရေဖြန်းခြင်း၊ လမ်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှု နည်းပါးစေရေးအတွက် ကျောက်ခင်းလမ်းများ ပြုလုပ်ပါမည်။
- လုပ်ကွက်အတွင်း သတ္တုရိုင်းသယ်ယူသည့် လမ်းကြောင်းနှင့် စုပုံကွင်းတွင် အမှုန်အမွှားများ ထွက်ရှိမှုအား ပုံမှန်တိုင်းတာစစ်ဆေးသွားပါမည်။

အောက်ဖော်ပြပါအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါသတ်မှတ်ချက်အတိုင်းရှိစေရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေအရည်အသွေးစံနှုန်းသတ်မှတ်ချက်များ

Parameter	Averaging Period	Guideline Value µg/m^3
Nitrogen dioxide	1-year 1-hour	40 200
Ozone	8-hour daily maximum	100
Particulate matter PM_{10}[a]	1-year 24-hour	20 50
Particulate matter $PM_{2.5}$[b]	1-year 24-hour	10 25
Sulfur dioxide	24-hour 10-minute	20 500

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

၇.၆.၄။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

ခဲသတ္တုရိုင်းတူးဖော်သည့် စီမံကိန်းဧရိယာတွင် သတ္တုရိုင်းများအား မြေအောက်တူးဖော်မှုစနစ် (Underground Mining Method) ဖြင့် လူအင်အားကို အသုံးပြုတူးဖော်မည်ဖြစ်ပြီး ခဲသတ္တုရိုင်းလုပ်ကွက်မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှာ ခဲသတ္တုကြောသို့ မရောက်မီ ထွက်ရှိသည့် စွန့်ပစ်မြေစာများနှင့် အထွေထွေသုံးစွန့်ပစ်ပစ္စည်းများ ဖြစ်ပါသည်။ စွန့်ပစ်မြေစာများမှာ ရွှံ့ကျောက်၊ သဲကျောက်များပါသော သက်ရင့်နုံးမြေများဖြစ်ပြီး (Pyrrohotite) ကဲ့သို့ အက်ဆစ်ယိုစီးသောကျောက် (Acid Drainage Rocks) များ ပါဝင်မှုမရှိသဖြင့် ဓါတုဖြစ်စဉ်အရ မြေဆီလွှာ၊ မြေပေါ်မြေအောက်ရေများအား ညစ်ညမ်းစေနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ စွန့်ပစ်မြေစာများ စနစ်တကျစုပုံစွန့်ပစ်ခြင်း မပြုလုပ်ပါက မိုးကာလတွင် မိုးရေတိုက်စား၍ နွံအနည်အနှစ်များ စီးဆင်းပြီး လုပ်ကွက်အနီးရှိ ချောင်းရေစီးရေလာအား ပိတ်ဆို့စေနိုင်ပါသည်။ လုပ်ကွက်အတွင်း ထွက်ရှိသော အထွေထွေသုံး စွန့်ပစ်ပစ္စည်းများမှာ မီးဖိုချောင်သုံးနှင့် လူသုံးကုန်ပစ္စည်းများ ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုနှင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် လျှော့ချမည့်နည်းလမ်းများမှာ -

(က) စွန့်ပစ်မြေစာများထွက်ရှိမည့်အရင်းအမြစ်

ခဲသတ္တုရိုင်းတူးဖော်ရာမှ ထွက်ရှိမည့် စွန့်ပစ်မြေစာများမှာ ခဲသတ္တုကြောသို့ မရောက်မီ လိုဏ်ဂူတူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများနှင့် သတ္တုကြောအား မျက်နှာပြင်ဖွင့်တူးဖော်စဉ် ထွက်ရှိသော စွန့်ပစ်မြေစာများ ဖြစ်ပါသည်။ လိုဏ်ဂူမှထွက်ရှိမည့် စွန့်ပစ်မြေစာပမာဏမှာ တစ်နေ့လျှင် (၂၀) တန်ခန့် ဖြစ်ပါသည်။ သတ္တုတူးဖော်ရင်း ထွက်ရှိသည့် စွန့်ပစ်မြေစာများအား တူးဖော်ပြီးခေါင်းသားများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် Back filling ပြုလုပ်ပြီး တူးဖော်သွားပါမည်။ စွန့်ပစ်မြေစာများအား လုပ်ကွက်အတွင်းတွင် နေရာသတ်မှတ်၍ စနစ်တကျစုပုံထားပါမည်။ စွန့်ပစ်မြေစာများအား သတ္တုတွင်းပိတ်သိမ်းချိန်တွင် တွင်းများ၊ ချိုင့်များအား ပြန်လည်ဖြည့်ရန် အသုံးပြုမည်ဖြစ်ပါသည်။ စွန့်ပစ်မြေစာများမှာ အက်ဆစ်ယိုစီးသောကျောက် (Acid Drianage Rock) များ ပါဝင်ခြင်းမရှိသဖြင့် မြေဆီလွှာ၊ မြေပေါ်ရေနှင့် မြေအောက်ရေများအား ညစ်ညမ်းစေနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ မိုးကာလစွန့်ပစ်မြေစာပုံများအား မိုးရေတိုက်စား၍ ပြင်ပသို့ရောက်ရှိ ပျံ့နှံ့ခြင်း မရှိစေရေးအတွက် စီမံဆောင်ရွက်ထားမည် ဖြစ်ပါသည်။

(ခ) စွန့်ပစ်ရေထွက်ရှိမှုအရင်းအမြစ်

လိုအပ်ပါက ခဲသတ္တုရိုင်းပါ ဗြုံးများအား ရေဖြင့်သန့်စင်ဆေးကြောခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ခဲသတ္တုရိုင်းများ သန့်စင်ရာတွင် ချောင်းရေကို အသုံးပြုမည်ဖြစ်ပါ

သည်။ ထိုအခါ စွန့်ပစ်ရေများ ရေစီးနှင့်အတူ မျောပါခြင်း၊ တိုက်စားခြင်း၊ ချောင်းအတွင်း ကျောက်ခြင်းများ မရှိအောင် အောက်ပါအတိုင်း အဆင့်ဆင့် စီမံဆောင်ရွက်ထားပါသည်။

(ဂ) လျှော့ချမည့်နည်းလမ်း

စွန့်ပစ်မြေစာများမှ နုန်း၊ အနည်အနှစ်များ ထွက်ရှိ၍ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသရှိ ရေစီးချောင်းများ ပိတ်ဆို့ခြင်းမရှိစေရန် လျှော့ချမည့်နည်းလမ်းများမှာ -

- လုပ်ငန်းစတင်စဉ် ထွက်ရှိသော စွန့်ပစ်မြေစာများအား လိုဏ်ဂူအနီး Latitude 27° 23' 52.704" N, Longitude 98° 24' 40.342" E နေရာတွင် စွန့်ပစ်မြေစာပုံအား အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေ၊ အမြင့် ၁၀ ပေ သတ်မှတ်စုပုံမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာပုံ ပြိုကျတိုက်စားခြင်း မရှိစေရေးအတွက် စွန်ပစ်မြေစာပုံအား အမြင့် (၁၀) ပေ သတ်မှတ်၍ စွန်ပစ်မြေစာပုံ ဘေးနံရံများအား ၃၅° လျှောစောက်များ ပြုလုပ်ထားမည်ဖြစ်ပါသည်။
- လိုဏ်ဂူအတွင်း တူးဖော်ခြင်းမှ ရရှိလာသော သတ္တုပါဖြိုးများနှင့် ကျောက်စကျောက်နများ မြေစာများအား လုပ်ကွက်အနီးတွင် စနစ်တကျစုပုံစေပါမည်။ ၎င်းစုပုံကွင်းအား အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေ ကျယ်သော စုပုံကွင်းအဖြစ် တည်ဆောက်ပါမည်။ စုပုံကွင်း၏ အောက်ခြေမျက်နှာပြင်အား ရွံ့စေးမံခြင်း (Clay Coating) ပြုလုပ်ပါမည်။
- စုပုံကွင်း၏ ဘေးပတ်လည်တွင် အကျယ် (၃) ပေ၊ အနက် (၄) ပေ ရှိသော ရေနုတ်မြောင်းများ ထားရှိပါမည်။ ၎င်းရေနုတ်မြောင်းများမှ ကျသောစွန့်ပစ်ရေကို ရေစစ်ကန် (Water Pond) များသို့ စီးဝင်စေပါမည်။ Water Pond များအား အလျား ၁၂ ပေ၊ အနံ ၁၂ ပေနှင့် အနက် ၅ ပေ ထားရှိပြီး ကွန်ကရစ်ဖြင့် တည်ဆောက်ထားမည် ဖြစ်ပါသည်။
- စွန့်ပစ်ရေဆိုးများကို စုပုံကွင်းဘေးရှိ ရေနုတ်မြောင်းများအတွင်းသို့ စီးဝင်စေပါမည်။ ရေနုတ်မြောင်းများမှတဆင့် ရေစစ်ကန်များအတွင်းသို့ စီးဝင်စေပါမည်။ ရေစစ်ကန် (၃) ကန်မှ ထွက်လာသော စစ်ပြီးရေများအား မီးသွေးခဲများအား ဖြတ်၍ စီးဆင်းစေခြင်းဖြင့် စွန့်ပစ်ရေများအား သန့်စင်စေမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စွန့်ပစ်ရေများအား EQ(E)G ပါ သတ်မှတ်စံချိန်စံညွှန်းများအတွင်း ရှိစေနိုင်မည် ဖြစ်ပါသည်။
- စွန့်ပစ်မြေစာပုံမှ စွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းချိန်တွင် ပင်မဆင်းတွင်း အတွင်း ပြန်လည်ဖြည့်မည် ဖြစ်ပါသည်။

- တူးဖော်စဉ်ကာလထွက်ရှိသော စွန့်ပစ်မြေစာများအား မြေအောက်လိုဏ်ခေါင်းများ ပြုကျ၍ လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် တူးဖော်ပြီးခေါင်းသားများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့မည်ဖြစ်ပါသည်။
- မိုင်းပိတ်သိမ်းချိန်တွင် အသုံးပြုပြီးကျန်ရှိသည့် စွန့်ပစ်မြေစာပုံများအား မြင်ကွင်းကောင်းစေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်းမှု ကောင်းမွန်စေရေးအတွက် အပေါ်ယံမျက်နှာပြင်ညှိ၍ မြေဆွေးဖုံးအုပ်ပြီး ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။ စွန့်ပစ်မြေစာပုံ ဘေးနံရံများတွင် ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။
- စွန့်ပစ်မြေစာပုံ ဖယ်ရှားထားသည့် နေရာများအားလည်း မြေညှိ၍ မြေဆွေးဖုံးအုပ်၍ အစားထိုးစိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်ထားပါမည်။
- အောက်ဖော်ပြပါ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်ပါ သတ်မှတ်ချက်အတိုင်းရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းဆိုင်ရာစံနှုန်းသတ်မှတ်ချက်များ (Effluent Level for landfill)

Parameter	Unit	Guideline Value			
		Hazardous Waste Landfills		Municipal Solid Waste Landfills	
		Daily Max.	Monthly Average	Daily Max	Monthly Average
5-day Biochemical oxygen demand	mg/l	220	56	140	37
Ammonia	mg/l	10	4.9	10	4.9
Aniline	mg/l	0.024	0.015	-	-
Arsenic	mg/l	1.1	0.54	-	-
α-Terpineol	mg/l	0.042	0.019	0.033	0.016
Benzoic acid	mg/l	0.119	0.073	0.12	0.071
Chromium (total)	mg/l	1.1	0.46	-	-
Naphthalene	mg/l	0.059	0.022	-	-
p-Cresol	mg/l	0.024	0.015	0.025	0.014
pH	S.U.[a]	6-9	6-9	6-9	6-9
Phenol	mg/l	0.048	0.029	0.026	0.015
Pyridine	mg/l	0.072	0.025	-	-
Total suspended solids	mg/l	88	27	88	27
Zinc	mg/l	0.535	0.296	0.2	0.11

[a] Standard unit

၇.၆.၅။ မြေထုညစ်ညမ်းမှု

ဒါဘန်လုပ်ကွက် (၁) ခဲနှင့်ရောရာသတ္တုတူးဖော်ရေး စီမံကိန်းတွင် ခဲသတ္တုရိုင်း တူးဖော်မှု လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် မြေထုညစ်ညမ်းစေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေရေး ဆောင်ရွက်မည့်နည်းလမ်းများမှာ -

(က) ထွက်ရှိမည့်အရင်းအမြစ်များ

မြေထုညစ်ညမ်းစေနိုင်သည့်အချက်များမှာ စွန့်ပစ်မြေစာထွက်ရှိခြင်း၊ မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိခြင်းနှင့် မြေယာအသုံးချမှုများခြင်းတို့ကြောင့် ဖြစ်ပါသည်။ လုပ်ကွက်

တွင် ခဲသတ္တုကြောသို့ရောက်ရှိရန် တူးဖော်စဉ် လိုဏ်ဂူမှထွက်ရှိမည့် စွန့်ပစ်မြေစာပမာဏမှာ တစ်နေ့လျှင် (၂၀) တန်ခန့် ထွက်ရှိမည်ဖြစ်ပါသည်။ သတ္တုတူးဖော်စဉ် ထွက်ရှိမည့်စွန့်ပစ်မြေစာအချိုးမှာ (၀.၆ : ၁) ဖြစ်ပါသည်။ လုပ်ကွက်အတွင်း စမ်းသပ်တိုင်းတာကာလတွင် လွန်ကျင်းများနှင့် အစမ်းကျင်းများ တူးဖော်ခဲ့မှုအရ စွန့်ပစ်မြေစာများမှာ နှမ်းဖတ်ကျောက်၊ ကျောက်စကျောက်နများ၊ မြေကြီးများဖြစ်ပြီး အက်ဆစ်ယိုစီးသောကျောက် (Acid Drainage Rock) များ ပါဝင်မှုမရှိသဖြင့် မြေဆီလွှာ၊ မြေပေါ်ရေနှင့် မြေအောက်ရေများအား ညစ်ညမ်းစေနိုင်ခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

မြေယာအသုံးချမှု နည်းပါးစေရေးအတွက် ခဲသတ္တုရိုင်းတူးဖော်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ် (Underground Mining Method) ဖြင့် အသုံးပြုတူးဖော်သွားမည် ဖြစ်ပါသည်။

လုပ်ကွက်အတွင်း မြေယာအသုံးချမှုနည်းပါးစေရေးအတွက် ဝန်ထမ်းအိပ်ဆောင်၊ အုပ်ချုပ်မှုအဆောင်၊ စားဖိုဆောင်နှင့် စွန့်ပစ်မြေစာပုံ တည်ဆောက်ရန်သာ မြေယာအသုံးပြုမည် ဖြစ်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း

မြေထုညစ်ညမ်းမှု မရှိစေရေးအတွက် လျော့ချမည့်နည်းလမ်းများမှာ -

- မြေထုညစ်ညမ်းမှု မရှိစေရေးအတွက် မြေယာအသုံးချမှုအနည်းဆုံး ဖြစ်စေရန် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ လေးပေကျင်းဖြင့် ခဲသတ္တုရိုင်းတူးဖော်မှုလုပ်ငန်းများအား ဆောင်ရွက်ပါမည်။
- ခဲသတ္တုကြောသို့ မရောက်ရှိမီ ထွက်ရှိသည့် စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာထွက်ရှိသည့် လိုဏ်ဂူအနီးတွင် နေရာသတ်မှတ်၍ စနစ်တကျစုပုံထားမည် ဖြစ်ပါသည်။
- လိုဏ်ဂူတူးဖော်စဉ်ထွက်ရှိသည့် စွန့်ပစ်မြေစာအချို့အား လိုဏ်ဂူပြင်ပသို့ ထုတ်ယူခြင်း မပြုဘဲ တူးဖော်ပြီးခေါင်းသားများအတွင်း မြေပြန်လည်ဖို့မည် ဖြစ်ပါသည်။
- မိုးကာလ မိုးရေတိုက်စား၍ စွန့်ပစ်မြေစာပုံမှ နုံးအနည်အနှစ်များ ပျံ့နှံ့၍ မြေထုညစ်ညမ်းမှု မရှိစေရေးအတွက် စွန့်ပစ်မြေစာပုံပတ်လည်တွင် ရေနုတ်မြောင်းများ

တူးဖော်ခြင်း၊ စွန့်ပစ်မြေစာပုံ အပေါ်မျက်နှာပြင်အား မြေညှိ၍ မြေသိပ်သည်းစေရန် ပြုပြင်ထားခြင်း၊ ဘေးနံရံများအား လျောစောက်ပုံပြုလုပ်၍ မြက်များ စိုက်ပျိုးခြင်းတို့ ပြုလုပ်ထားပါမည်။

- မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာများအား ပင်မဆင်းတွင်းအတွင်း ဖြည့်ပြီး စွန့်ပစ်မြေစာပုံ စုပုံထားသည့်နေရာအား မြေညှိရှင်းလင်းခြင်း၊ မြေဆွေးများဖုံးအုပ်၍ ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးထားပါမည်။
- လိုဏ်ဂူများနှင့်ကျင်းများမှ မြေအောက်စိမ့်ထွက်ရေ ထွက်ရှိပါက ၎င်းရေများအား အနည်ထိုင်ကန်မှတဆင့် အစားထိုးစိုက်ခင်းများ ရေလောင်းရာတွင် အသုံးပြုပါမည်။ မြေအောက်စိမ့်ထွက်ရေ pH အား အပတ်စဉ် တိုင်းတာစစ်ဆေးမည် ဖြစ်ပါသည်။ ၆ လ တစ်ကြိမ် (pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Manganese, Iron, Arsenic, Cu, Pb, Zn) ပါဝင်မှုတို့အား တိုင်းတာစစ်ဆေးမည် ဖြစ်ပါသည်။
- လုပ်ကွက်အတွင်း မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေးအတွက် ဝန်ထမ်းအိပ်ဆောင်၊ စားဖိုဆောင်၊ အုပ်ချုပ်မှုအဆောင်၊ စွန့်ပစ်မြေစာပုံ၊ စွန့်ပစ်ရေ အနည်ထိုင်ကန်နှင့် အနည်းဆုံးလိုအပ်သည့် လမ်းများသာ တည်ဆောက်မည်ဖြစ်ပါသည်။ မြေယာအသုံးပြုမှုမှာ (၂) ဧကခန့်သာ အသုံးပြုမည် ဖြစ်ပါသည်။
- မြေယာအသုံးပြုခြင်းမရှိသော နေရာများမှ သဘာဝပေါက်ပင်များအား ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၇.၆.၆။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း

ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်သည် စီမံကိန်းမှအသုံးပြုပြီးသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ စွန့်ထုတ်ခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် သိုလှောင်ခြင်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ လိုဏ်ဂူများအတွင်း ယမ်းဖောက်ခွဲမှုကို အနည်းဆုံးသာ အသုံးပြုပါမည်။ ဓါတုပစ္စည်းဖြစ်သော ယမ်းသုံးစွဲခြင်းကို စနစ်တကျ ကိုင်တွယ်သုံးစွဲပါမည်။ အခြားထွက်ရှိသည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများမှာ စက်ဆီချောဆီ အဟောင်းများသာဖြစ်ပြီး ၎င်း စက်ဆီချော

ဆီ အဟောင်းများကို စွန့်ပစ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများမှာ -

- အမဲဆီ၊ စက်ဆီချောဆီအဟောင်းများအား စွန့်ပစ်ရာတွင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာရမည့် လုပ်ဆောင်နည်းများအတိုင်း လိုက်နာဆောင်ရွက်ပါမည်။
- အတင်/အချဲရိယာ၊ ပြုပြင်ထိန်းသိမ်းရေးဧရိယာများမှ စက်ဆီချောဆီများ၊ အမဲဆီများနှင့် ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သော ပစ္စည်းများဖြစ်သည့် လွှစာမှုန့်၊ သဲ အစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပစ်ပါမည်။
- စွန့်ပစ်စက်ဆီချောဆီများကို သီးသန့်ပေပါများတွင်ထည့်ပြီး မြေကတုတ်နှင့် ကုန်စည်တင်ရန် အခင်းပြားကို အမာခံပြုလုပ်ထားသောနေရာတွင် ထားသို၍ ဒုတိယအဆင့် ထိန်းချုပ်နိုင်သော ကိရိယာများတပ်ဆင်၍ ရာသီဥတုဒဏ်ခံနိုင်အောင် ပြင်ဆင်ပြီး ပေပါများကို ထားရှိမည်ဖြစ်ပါသည်။
- ပေပါများတွင် ထည့်ထားသော ပစ္စည်းများအမည်စာရင်းကို မြင်သာအောင် ပေပါတွင် ကပ်ထားပါမည်။
- စက်ဆီချောဆီများ ပြန်သုံးရန်မသင့်တော်ပါက မီးရှို့ဖျက်ဆီးပစ်ပါမည်။
- ယိုဖိတ်မှုရှင်းလင်းသည့် ကိရိယာများနှင့် မီးသတ်ကိရိယာများကို အလွယ်တကူ ရရှိအောင် ဆောင်ရွက်ထားပါမည်။
- ဝန်ထမ်းများကိုလည်း ၎င်းပစ္စည်းများအသုံးပြုပုံကို သင်တန်းပို့ချပေးထားရပါမည်။
- စွန့်ပစ် စက်ဆီချောဆီများကို စီမံကိန်းဒေသအတွင်းရှိ မည်သည့်မြေဆီလွှာနှင့် ရေကန်များပေါ်တွင် လုံးဝစွန့်ထုတ်ခြင်း မပြုရန် သတ်မှတ်ဆောင်ရွက်မည် ဖြစ်ပါသည်။

၇.၆.၇။ ဓါတုပစ္စည်း

ခဲသတ္တုတူးဖော်မှုလုပ်ငန်းများတွင် ဓါတုဗေဒပစ္စည်းဖြစ်သော ယမ်း (အမိုနီယမ်နိုက်တြိတ်) သာ အသုံးပြုသွားပါမည်။ မြေအောက်တူးဖော်မှုတွင် ယမ်းအသုံးပြု၍ ဖောက်ခွဲမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။

(က) ယမ်းအသုံးပြုမှုနှင့် သိုလှောင်ထားရှိမှုအစီအစဉ်

လုပ်ကွက်တွင် လိုဏ်ဂူတူး၍ မြေအောက်တူးဖော်မှု လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ခဲသတ္တုကြောသို့ ရောက်ရှိပါက (5'x6') အကျယ် မျက်နှာပြင် (၂) ခုဖွင့်၍ တူးဖော်မည် ဖြစ်ပါသည်။ ထွက်ရှိမည့် စွန့်ပစ်မြေစာများမှာ သတ္တုကြောသို့ ရောက်ရှိရန် တူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများနှင့် သတ္တုတူးဖော်စဉ် ထွက်ရှိသော စွန့်ပစ်မြေစာများ ဖြစ်ပါသည်။ လိုဏ်ဂူမှ ခဲသတ္တုကြောသို့ ရောက်ရှိရန်တူးဖော်စဉ် ထွက်ရှိသည့် စွန့်ပစ်စာပမာဏမှာ တစ်ရက်လျှင် (၂၀) တန်ခန့် ဖြစ်ပါသည်။ စွန့်ပစ်မြေစာများမှာ ကျောက်စကျောက်နများ၊ ထုံးကျောက်၊ နှမ်းဖတ်ကျောက်နှင့် ရွှံ့စေးမြေများ ဖြစ်ပါသည်။ စွန့်ပစ်မြေစာများအား (300'x150') အကျယ်နေရာ သတ်မှတ်ထားသော စွန့်ပစ်မြေစာပုံတွင် စနစ်တကျစုပုံထားပါမည်။ မိုးရေတိုက်စားပြီး နုန်းအနည်အနှစ်များ ထွက်ရှိမှုမရှိစေရန် စွန့်ပစ်မြေစာပုံပတ်လည်တွင် မြောင်းများတူးဖော်ထားပါမည်။ ခဲသတ္တုတူးဖော်စဉ် (5'x6') အကျယ်ရှိ ခေါင်းသားမှ တစ်ရက်လျှင် စွန့်ပစ်မြေစာ (၂၀) တန်ခန့် ထွက်ရှိမည်ဖြစ်ပါသည်။ စွန့်ပစ်စာများအား တူးဖော်စဉ်ကာလမှာပင် ခဲသတ္တုတူးဖော်ပြီး ခေါင်းသားများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့မည် ဖြစ်ပါသည်။

၁၀.၃.၃။ သတ္တုတွင်းစိမ့်ထွက်ရေများ

ဒါဘန်ဒေသ၊ လုပ်ကွက် (၁) အတွင်း ခဲသတ္တုတူးဖော်မှုအား လိုဏ်ဂူဖြင့် တူးဖော်မည် ဖြစ်ပြီး မြေအောက်ရေထွက်ရှိမှုမှာ နည်းပါးပါသည်။ လုပ်ကွက်အတွင်း မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက မြေအောက်စိမ့်ထွက်ရေများအား အနည်ထိုင်ကန်များ တည်ဆောက်၍ အနည်ထိုင်စေပြီး ရေကြည်များအား အစားထိုးအပင်များ ရေလောင်းခြင်းနှင့် လမ်းများ ရေဖြန်းရာတွင် အသုံးပြုမည်ဖြစ်ပါသည်။

၁၀.၃.၄။ ကျင်းများအား မြေပြန်လည်ဖို့မည့်အစီအစဉ်

လိုဏ်ဂူတူးဖော်ရန် မြေနေရာရှင်းလင်းစဉ်နှင့် ခဲသတ္တုတူးဖော်စဉ် ထွက်ရှိသည့် စွန့်ပစ်မြေစာများအား လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလမှပင် တူးဖော်ပြီး ခေါင်းသားများအတွင်း မြေပြန်လည်ဖို့မည် ဖြစ်ပါသည်။ လုပ်ကွက်အတွင်း တူးဖော်ထားသော ကျင်းများ၊ ချိုင့်များအား မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာပုံတွင် စုပုံထားသော စွန့်ပစ်မြေစာများဖြင့် ပြန်လည်ဖို့မည် ဖြစ်ပါသည်။

၁၀.၃.၅။ အနည်ထိုင်ကန်များ မြေပြန်ဖို့မည့်အစီအစဉ်

မိုင်းပိတ်သိမ်းသည့်အခါတွင် စွန့်ပစ်ရေအနည်ထိုင်ကန်များမှ ရေများအား စုပ်ယူ၍ အစားထိုး စိုက်ခင်းများသို့ ရေလောင်းရာတွင် အသုံးပြုပြီး အနည်ထိုင်ကန်အား စွန့်ပစ်မြေစာ ပြန်လည်ဖြည့်မည် ဖြစ်ပါသည်။

၁၀.၃.၆။ ရေနှင့်မြေဆီလွှာ အရည်အသွေးစစ်ဆေးခြင်း

လုပ်ကွက်အတွင်း မိုးကာလစီးဆင်းသော တောင်ကျချောင်းရေနှင့် အနည်ထိုင်ကန်အတွင်းမှ မြေအောက်စိမ့်ထွက်ရေများအား မိုင်းပိတ်သိမ်းသည့်ကာလ၊ ပိတ်သိမ်းပြီးကာလများတွင် ရေနမူနာကောက်ယူ စစ်ဆေးပါမည်။ လုပ်ကွက်အတွင်း မြေယာအသုံးပြုထားသော မြေနေရာများမှ အပေါ်ယံမြေများအား ကိုယ်စားပြုနမူနာ ကောက်ယူ၍ စစ်ဆေးမည် ဖြစ်ပါသည်။ ရေနမူနာများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စွန့်ထုတ်ရည် အရည်အသွေးပါ Parameter များအား စစ်ဆေးမည် ဖြစ်ပါသည်။ အပေါ်ယံမြေစာများအား As, Pb, Cr, Zn, Hg, Cd, Mo, Cu, pH ပါဝင်မှုတို့အား တိုင်းတာစစ်ဆေးပါမည်။

၁၀.၃.၇။ မြေပေါ်ရေ (ချောင်းရေ) အား ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်များ

ချောင်းရေအား ထိခိုက်မှုမရှိစေရန်အတွက် လုပ်ငန်းနှင့် လုပ်ကွက်များမှ မျက်နှာဖွင့်ခြင်း လုပ်ငန်းတို့မှ ထွက်ပေါ်လာမည့် အပေါ်ယံမြေ Top Soil (Tailing) စွန့်ပစ်မြေစာများကို ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး ဆောင်ရွက်ရာတွင် ပြန်လည်အသုံးပြုရန်အတွက် စုပုံကွင်း (Dumping Site) တွင် စနစ်တကျ စုပုံထိန်းသိမ်းထားပါမည်။ တူးဖော်ရရှိသည့် ခဲသတ္တုရိုင်းများကို (Ore Dumping Site) များ စနစ်တကျပြုလုပ် ထားရှိပါမည်။ Dumping Site များပြုလုပ်ရာတွင် အောက်ခံအဖြစ် ရွှံစေး (Clay) မျက်နှာပြင် ပြုလုပ်ပါမည်။ ၎င်းရွှံစေးအပေါ်

တွင် ခဲသတ္တုရိုင်းများကို စုပုံသွားပါမည်။ သတ္တုများကို စုပုံရာတွင်လည်း ၁၈ ပေအမြင့်အထိ သာ စုပုံမည် ဖြစ်ပါသည်။

စုပုံကွင်းတွင် မိုးရေကြောင့်လည်းကောင်း၊ ဖြိုးရေကြောင့်လည်းကောင်း စွန့်ပစ်ရေ (Waste Water) များ ထွက်လာတတ်ပါသည်။ ထို့အတွက် (Tailing Pond) စွန့်ပစ်ရေစစ်ကန် ပြုလုပ်၍ စွန့်ပစ်ရေကို စုဆောင်းစစ်ထားပါမည်။ ရေစစ်ကန်များအား အဆင့်ဆင့်ထား၍ ရေ စစ်ယူပြီး နောက်ဆုံးရေကန်အား Recycle ပြန်လည်အသုံးပြုပါမည်။ ကျန်ရှိသည့် ရေများ အား ထုံးရေဖြင့် ဓါတ်တိုးဓါတ်လျှော့ပြုလုပ်ကာ Recycle ပြန် အသုံးပြုပါမည်။

ခဲသတ္တုရိုင်းစုပုံကွင်း (Ore Dumping Site) နှင့် စုပုံမြေစာပစ်ကွင်း (Waste Dumping Site) များကို ပိုမိုခိုင်ခန့်စေရန်အတွက် ၎င်းတို့ဘေးရှိ နံရံကမ်းပါးများအား အုတ်၊ ကျောက်ခဲ တို့ကို အသုံးပြု၍လည်းကောင်း၊ သစ်သားတိုင်များ အသုံးပြု၍လည်းကောင်း မြေထိန်းမြေ တားနံရံများ ပြုလုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းများ ချောင်းရေအတွင်းသို့ တိုက်ရိုက်မကျရောက် စေရန် ကာကွယ်သွားမည် ဖြစ်ပါသည်။

၁၀.၃.၈။ အက်ဆစ်ရေများဖြစ်သွားပါက ကာကွယ်တားဆီးမည့်အစီအစဉ်

ခဲသတ္တုတူးဖော်ခြင်းမှ CO_2, NO_2 နှင့် SO_2 စသော ဓါတ်ငွေ့များ အလွန်နည်းပါးစွာ ထွက်နိုင်ပါသည်။ လူကို အန္တရာယ်ဖြစ်စေနိုင်လောက်သော အဆင့်မရှိပါ။ ၎င်းဓါတ်ငွေ့အ နည်းငယ်သည် လေထုထဲတွင် ရှိနေသော ရေငွေ့နှင့်ထိတွေ့ပါက အန္တရာယ်မရှိသော အက် ဆစ်ပျော့များဖြစ်မည့် အလားအလာအနည်းငယ်သာ ရှိပါသည်။ ခဲသတ္တုတူးဖော်သည့် လိုဏ် ဂူအတွင်း ရေများဖြန်းပေးခြင်း၊ လိုဏ်ဂူမှ ထွက်ရှိလာသော ရေများကို မြောင်းငယ်များနှင့် စနစ်တကျ စီးဆင်းစေပြီး ရေစစ်ကန်ငယ်များတွင် စုဆောင်းပြီး ထုံးထည့်ပေး၍ ဓါတ်တိုး ဓါတ်လျှော့လုပ်ခြင်းဖြင့် လုံးဝဓါတ်ပြယ်စေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ လိုအပ်ပါက ဟိုက်ဒြိုက္ဂျင်ပါရောက်ဆိုဒ် ထည့်၍ ဓါတ်ပြယ်စေပြီး ရေကို Recycle လုပ်၍ ပြန်လည်အသုံး ပြုမည် ဖြစ်ပါသည်။

၁၀.၃.၉။ အဆောက်အဦနှင့် စက်ပစ္စည်းများ ဖယ်ရှားမည့်အစီအစဉ်

လုပ်ကွက်အတွင်း စက်ပစ္စည်းများ ရှင်းလင်းခြင်း၊ တည်ဆောက်ထားသော အ ဆောက်အဦများ၊ လုပ်ငန်းဆိုင်ရာ မြေယာအသုံးချထားသော မြေနေရာများအား ရှင်းလင်း ခြင်း လုပ်ငန်းများအား မိုင်းပိတ်သိမ်းသည့်ကာလတွင် ဖယ်ရှားရှင်းလင်းပါမည်။

၁၀.၃.၁၀။ ဒေသခံအလုပ်သမားများ ပြောင်းရွှေ့ခန့်ထားရေး

ဒေသခံအလုပ်သမားများအား ၎င်းတို့၏ ဆန္ဒအရ ဆက်လက်လုပ်ကိုင် ဆောင်ရွက်လိုပါက ကုမ္ပဏီ၏ အခြားလုပ်ငန်းများတွင် ပြောင်းရွှေ့တာဝန်ပေးအပ်မည်ဖြစ်ပြီး မိုင်းပိတ်သိမ်းသည့် ကာလတွင် ဆောင်ရွက်ပါမည်။

၁၀.၃.၁၁။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ဒါဘန်ဒေသ ခဲသတ္တုတူးဖော်ရေးလုပ်ကွက် (၁) တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် အဆောက်အဦတည်ဆောက်ထားသည့် မြေနေရာများ၊ စွန့်ပစ်မြေစာများ ရှင်းလင်းထားသည့် မြေနေရာများ၊ စွန့်ပစ်ရေ အနည်ထိုင်ကန် မြေပြန်လည်ဖို့ထားသည့် မြေနေရာများ၊ တူးဖော်ထားသည့် မြေနေရာများအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသုံးပြုထားသော မြေနေရာများတွင် အစားထိုးပေါက်ရောက်နေသော အခြားမျိုးရင်းမျိုးစိတ်များအား ရှင်းလင်းခြင်း၊ မြေမျက်နှာပြင်များ ညှိခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ အသုံးချထားသော မြေနေရာများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသပေါက်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ သင့်တော်သော မြေယာအသုံးချမှု လုပ်ငန်းများ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး မိုင်းပိတ်သိမ်းသည့်ကာလအတွင်းနှင့် မိုင်းပိတ်သိမ်းပြီးကာလများတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀.၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် (၆၃)၊ အပိုဒ်ခွဲ (၈)၊ အပိုဒ်ခွဲငယ် (၆) အရ ပါဝင်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Management Sub-plan) များ တင်ပြခြင်း

၁။ လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Air Quality Management Sub-plan)

ရည်ရွယ်ချက်	စီမံကိန်းဧရိယာအတွင်း ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ခြင်းကြောင့် လည်းကောင်း၊ ယာဉ်ယန္တယားများ၊ စက်များ မောင်းနှင်မှုကြောင့်လည်းကောင်း၊ စီမံကိန်း၏ လေအရည်အသွေးအပေါ် ထိခိုက်မှုများ၊ သက်ရောက်မှုများ ရှိ/မရှိ စစ်ဆေးနိုင်ရန်နှင့် လုပ်ကွက်၏ လေအရည်အသွေး Baseline Data နှိုင်းယှဉ်စစ်ဆေးပြီး ထိခိုက်မှုများ လျှော့ချ နိုင်ရန်အတွက် လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဥပဒေဆိုင်ရာလိုအပ်ချက်များ

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် ၁.၁

Parameter	Averaging Period	Guideline Value µg/m^3
Nitrogen dioxide	1-year 1-hour	40 200
Ozone	8-hour daily maximum	100
Particulate matter PM_{10}[a]	1-year 24-hour	20 50
Particulate matter $PM_{2.5}$[b]	1-year 24-hour	10 25
Sulfur dioxide	24-hour 10-minute	20 500

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

ထို့အပြင် လေအရည်အသွေးနှင့် ပတ်သက်၍ ပြည်တွင်း၌ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

အကြိုတည်ဆောက်ခြင်းကာလ

တည်ဆောက်ခြင်းကာလ

လုပ်ငန်းလည်ပတ်ခြင်းကာလ လုပ်ငန်းပိတ်သိမ်းခြင်းကာလ

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ	စီမံကိန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် ကျောက်မှုန်၊ သဲမှုန်၊ သတ္တုမှုန်များ ထွက်ရှိမှုသည် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ ရှိလာနိုင်ပါသည်။ စီမံကိန်းမှ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များမှာ အသုံးပြုနေသော မြေသားလမ်းများအား နံနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် ရေကားဖြင့် တစ်ရက်လျှင် (၂) ကြိမ် ရေဖြန်းပါမည်။ အသုံး ပြုသော ယာဉ်များ၊ ကားများအား ရေဆေးခြင်းနှင့် ယာဉ်နှင့်ကားများကို တစ်နာရီလျှင် မိုင် (၂၀) နှုန်းအောက်သာ မောင်းနှင်စေမည်ဖြစ်ပါသည်။ စမ်းသပ်တိုင်းတာရေးမှ ထွက်ရှိသည့် မြေစာပုံသည့်နေရာ ဝင်း/ခြံအကာအရံ (Fencing and Green Belts) များ ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါမည်။
စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ	စီမံကိန်းတွင် လေထုအား စောင့်ကြပ်ကြည့်ရှုမည့် တည်နေရာမှာ - Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင်ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ - SO_2, NO_2, PM_{10}, $PM_{2.5}$, O_2 တို့ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေ - (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ တင်ပြမည့်အစီအစဉ် - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံပါမည်။
ရန်ပုံငွေလျာထားချက်	လေအရည်အသွေးတိုင်းတာခြင်း = ၅ သိန်း ကျပ် အလုပ်သမားခအတွက် ကုန်ကျစရိတ် = ၄ သိန်း ကျပ် အခြားဆက်စပ်ကုန်ကျစရိတ် = ၁ သိန်း ကျပ် စုစုပေါင်း = ၁၀ သိန်းကျပ် ခန့်ဖြစ်ပါသည်။
တာဝန်များ	လေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား အောက်ပါအဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (၁) ဦးဆန်ဒေါင်းကျိုး (လုပ်ကွက်မန်နေဂျာ) - အဖွဲ့ခေါင်းဆောင်

	(၂) ဦးအောင်ဖြိုးပိုင်ဦး (ဘူမိဗေဒပညာရှင်) - အဖွဲ့ဝင် (၃) ဦးဝင်းကြိုင် (စိုက်ပျိုးရေးပညာရှင်) - အဖွဲ့ဝင် (၄) ဒေါက်တာစိုင်းစံတင့် (ဆရာဝန်) - အဖွဲ့ဝင် (၅) ဦးရမ်ဆယ်ယုံရမ် (ကျေးရွာအုပ်ချုပ်ရေးမှူး) - အဖွဲ့ဝင် (၆) ဒေါက်တာရန်မျိုးနိုင် (ဇီဝဗေဒပညာရှင်) - အဖွဲ့ဝင် တို့ ပါဝင်ပြီး စုစုပေါင်း (၆) ဦး ဖြစ်ပါသည်။ လုပ်ကွက်တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျုံ သည် အဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။ ဦးအောင်ဖြိုးပိုင်ဦးမှာ လေအရည်အသွေး စစ်ဆေးတိုင်းတာခြင်း ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေး ပညာရှင် ဦးဝင်းကြိုင်မှာ လေအရည်အသွေး ထိခိုက်ပါက သစ်ပင်သစ်တောများ ထိခိုက်မှု လေ့လာ စောင့်ကြည့်မည် ဖြစ်ပါသည်။ ဒေါက်တာစိုင်းစံတင့်မှာ ကျန်းမာရေးဘက်ဆိုင်ရာ တာဝန်ယူမည်ဖြစ်ပြီး ဒေါက်တာရန်မျိုးနိုင်မှာ Biodiversity ကို တာဝန်ယူ စောင့်ကြည့် လေ့လာမည် ဖြစ်ပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးရမ်ဆယ်ယုံရမ်မှာ ဒေသနှင့်သက်ဆိုင်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ ဆူညံသံတုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Noise Management Sub-plan)

ရည်ရွယ်ချက်	စီမံကိန်းဧရိယာအတွင်း ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ခြင်းကြောင့် လည်းကောင်း၊ ယာဉ်ယန္တယားများ၊ စက်များ မောင်းနှင်မှုကြောင့်လည်းကောင်း ထွက်ပေါ်လာ သည့် ဆူညံသံများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ထိခိုက်မှုများ ရှိ/မရှိ သိရှိနိုင်ရန်၊ Baseline Data များ သိရှိနိုင်ရန်နှင့် ထိခိုက်မှုများ ရှိလာပါက အမြင့်ဆုံးလက်ခံနိုင်သည့် ဆူညံသံ အဆင့် (Noise Level) လမ်းညွှန်ချက်ထက် ကျော်လွန်နေပါက ဆူညံသံတားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်း ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ပြီး ဆူညံသံတုန်ခါမှု စီမံခန့်ခွဲခြင်းအစီအစဉ်အား ရေးဆွဲ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဥပဒေဆိုင်ရာလိုအပ်ချက်များ

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ ဆူညံသံ စံချိန်စံညွှန်း ဖော်ပြသည့်ဇယား

Receptor	One Hour LAeq(dBA)[a]	
	Daytime 07:00 - 22:00 (10:00 - 22:00 for Public holidays)	Nighttime 22:00 - 07:00 (22:00 - 10:00 for Public holidays
Residential, institutional, educational	55	45
Industrial, commercial	70	70

[a] Equivalent continuous sound level in decibels

ထို့အပြင် လေအရည်အသွေးနှင့် ပတ်သက်၍ ပြည်တွင်းခွဲ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်

အကြိုတည်ဆောက်ခြင်းကာလ

တည်ဆောက်ခြင်းကာလ

လုပ်ငန်းလည်ပတ်ခြင်းကာလ လုပ်ငန်းပိတ်သိမ်းခြင်းကာလ

စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ	စီမံကိန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် ကျောက်မှုန်၊ သဲမှုန်၊ သတ္တုမှုန်များ ထွက်ရှိမှုသည် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ ရှိလာနိုင်ပါသည်။ စီမံကိန်းမှ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များမှာ အသုံးပြုနေသော မြေသားလမ်းများအား နံနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် ရေကားဖြင့် တစ်ရက်လျှင် (၂) ကြိမ် ရေဖြန်းပါမည်။ အသုံး ပြုသော ယာဉ်များ၊ ကားများအား ရေဆေးခြင်းနှင့် ယာဉ်နှင့်ကားများကို တစ်နာရီလျှင် မိုင် (၂၀) နှုန်းအောက်သာ မောင်းနှင်စေမည်ဖြစ်ပါသည်။ စမ်းသပ်တိုင်းတာရေးမှ ထွက်ရှိသည့် မြေစာပုံသည့်နေရာ ဝင်း/ခြံ အကာအရံ (Fencing and Green Belts) များ ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါမည်။
စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ	စီမံကိန်းအတွင်း ဆူညံသံအား စောင့်ကြပ်ကြည့်ရှုတိုင်းတာမည့် တည်နေရာမှာ - Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E တွင်ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ - dBA (Equivalent continuous sound level in decibels) ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေ - (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ တင်ပြမည့်အစီအစဉ် - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံပါမည်။
ရန်ပုံငွေလျာထားချက်	ဆူညံသံတိုင်းတာခြင်း = ၂ သိန်း ကျပ် အလုပ်သမားခအတွက် ကုန်ကျစရိတ် = ၂ သိန်း ကျပ် အခြားဆက်စပ်ကုန်ကျစရိတ် = ၁ သိန်း ကျပ် စုစုပေါင်း = ၅ သိန်းကျပ် ခန့်ဖြစ်ပါသည်။

တာဝန်များ	ဆူညံသံ/တုန်ခါမှုစောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား အောက်ပါအဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (၁) ဦးဆန်ဒေါင်းဂျူ (တာဝန်ခံမန်နေဂျာ) - အဖွဲ့ခေါင်းဆောင် (၂) ဦးအောင်ဖြိုးပိုင်ဦး (ဘူမိဗေဒပညာရှင်) - အဖွဲ့ဝင် (၃) ဦးဝင်းကြိုင် (စိုက်ပျိုးရေးပညာရှင်) - အဖွဲ့ဝင် (၄) ဒေါက်တာစိုင်းစံတင့် (ဆရာဝန်) - အဖွဲ့ဝင် (၅) ဦးရန်ဆယ်ယုံရမ် (ကျေးရွာအုပ်ချုပ်ရေးမှူး) - အဖွဲ့ဝင် (၆) ဒေါက်တာရန်မျိုးနိုင် (ဇီဝဗေဒပညာရှင်) - အဖွဲ့ဝင် တို့ ပါဝင်ပြီး စုစုပေါင်း (၆) ဦးဖြစ်ပါသည်။ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ သည် အဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။ ဦးအောင်ဖြိုးပိုင်ဦးမှာ ဆူညံသံ/တုန်ခါမှု စစ်ဆေးတိုင်းတာခြင်း ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေး ပညာရှင် ဦးဝင်းကြိုင်မှာ သစ်ပင်သစ်တောများ ထိခိုက်မှုကို လေ့လာ စောင့်ကြည့်မည် ဖြစ်ပါသည်။ ဒေါက်တာစိုင်းစံတင့်မှာ ကျန်းမာရေးဘက်ဆိုင်ရာ တာဝန်ယူမည်ဖြစ်ပြီး ဒေါက်တာရန်မျိုးနိုင်မှာ Biodiversity ကို တာဝန်ယူ စောင့်ကြည့် လေ့လာမည် ဖြစ်ပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးရန်ဆယ်ယုံရန် မှာ ဒေသနှင့်သက်ဆိုင်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ ရေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Water Quality Management Sub-plan)

ရည်ရွယ်ချက်	စီမံကိန်းဧရိယာအတွင်းရှိ မြေပေါ်မြေအောက်အရည်အသွေးကို သိရှိထားရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်စဉ် ရေအရည်အသွေးများအပေါ် သက်ရောက်မှုများ ရှိ/မရှိ စစ်ဆေးတိုင်းတာရန်နှင့် ထိခိုက်မှုများ ရှိလာပါက Baseline Data များနှင့် နှိုင်းယှဉ်စစ်ဆေးပြီး ထိခိုက်မှု များလျော့ချနိုင်ရန် ရေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါ သည်။
ဥပဒေဆိုင်ရာလိုအပ်ချက်များ	အောက်ဖော်ပြပါ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်း ညွှန်ချက် (၂.၇.၂) ပါ သတ္တုရှိုင်းနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း စွန့်ထုတ် အရည်အဆင့် သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels)

Parameter	Unit	Guideline Value
Arsenic	mg/l	0.1
Cadmium	mg/l	0.05
Chemical oxygen demand	mg/l	150
Chromium (hexavalent)	mg/l	0.1
Copper	mg/l	0.3
Cyanide	mg/l	1
Cyanide (free)	mg/l	0.1
Cyanide (weak acid dissociable)	mg/l	0.5
Iron (total)	mg/l	2
Lead	mg/l	0.2
Mercury	mg/l	0.002
Nickel	mg/l	0.5
pH	S.U.[a]	6-9
Temperature	°C	<3 degree differential
Total suspended solids	mg/l	50
Zinc	mg/l	0.5

[a] Standard unit

အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်	အကြိုတည်ဆောက်ခြင်းကာလ တည်ဆောက်ခြင်းကာလ လုပ်ငန်းလည်ပတ်ခြင်းကာလ လုပ်ငန်းပိတ်သိမ်းခြင်းကာလ
စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ	စီမံကိန်းလုပ်ငန်းမှထွက်ရှိလာမည့်အစိုင်အခဲ၊ စွန့်ပစ်ပစ္စည်းနှင့်သတ္တုဓါတ်ပြုခြင်း များကြောင့် မူလရေလမ်းကြောင်းမှတဆင့် လူတို့အသုံးပြုသောချောင်း၊ ကန်၊ ရေတွင်းများသို့ ရောက်ရှိပြီး ရေအရည်အသွေးနိမ့်ကျမှု၊ လူနှင့်ရေနေသတ္တဝါများအား ထိခိုက်မှု၊ pH level နိမ့်ကျလာနိုင်မှုကြောင့် လူ/လူနေအိမ်နှင့် သီးနှံစိုက်ခင်းများ အပေါ်ထိခိုက်မှုများ ရှိလာနိုင်ပြီး လျော့ချရေးနည်းလမ်းအဖြစ် လုပ်ကွက်နှင့် ရေသွားလမ်း ချောင်း/မြောင်းတို့အကြား ကြားခံ နယ်မြေ(Buffer Zone)များ ဆောင်ရွက်ခြင်း၊ ရေလွှဲမြောင်း/ ရေနူတ်မြောင်း စနစ် (drainage system) များထားရှိခြင်း၊ ရေပြုပြင် သန့်စင်ခြင်းလုပ်ငန်းများမှ (Dense Plantation & Wet land Area) များ တည်ဆောက်ခြင်း (Acid Drainage) များကို လျှော့ချရန် ဓာတ်ပြယ်မှုစနစ်များမှ (Lime Neutralization) များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို ရေသွားလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှုအား ရှောင်ကြဉ်ခြင်းနှင့် တိုက်စားမှု/ အနည်နှစ်ကျမှု (erosion and sedimentation) မဖြစ်စေရန် လုပ်ငန်းအသုံးပြု ဆက်သွယ်ရေးလမ်းများမှအစ ချောင်းနှင့်ရေသွားလမ်းတို့အား ရှောင်ကြဉ် စေပါမည်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ	စီမံကိန်းဧရိယာအတွင်း - Latitude 27° 23' 55.831" N, Longitude 98° 24' 43.811" E တွင်ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ - Arsenic, Cadmium, Chemical Oxygen demand, Chromium (hexavalent), Copper, Cyanide, Cyanide (free), Cyanide (weak acid dissociable), Iron, Mercury, Nickel, pH, Temperature, Total Suspnended Solids, Zinc တို့ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေ - (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ တင်ပြမည့်အစီအစဉ် - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံပါမည်။
ရန်ပုံငွေလျာထားချက်	ရေအရည်အသွေးတိုင်းတာခြင်း = ၅ သိန်း ကျပ် အလုပ်သမားခအတွက် ကုန်ကျစရိတ် = ၄ သိန်း ကျပ် အခြားဆက်စပ်ကုန်ကျစရိတ် = ၁ သိန်း ကျပ် စုစုပေါင်း = ၁၀ သိန်းကျပ် ခန့်ဖြစ်ပါသည်။
တာဝန်များ	ရေအရည်အသွေးစောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား အောက်ပါအဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (၁) ဦးဆန်ဒေါင်းဂျူ (တာဝန်ခံမန်နေဂျာ) - အဖွဲ့ခေါင်းဆောင် (၂) ဦးအောင်ဖြိုးပိုင်ဦး (ဘူမိဗေဒပညာရှင်) - အဖွဲ့ဝင် (၃) ဦးဝင်းကြိုင် (စိုက်ပျိုးရေးပညာရှင်) - အဖွဲ့ဝင် (၄) ဒေါက်တာစိုင်းစံတင့် (ဆရာဝန်) - အဖွဲ့ဝင် (၅) ဦးရန်ဆယ်ယုံရမ် (ကျေးရွာအုပ်ချုပ်ရေးမှူး) - အဖွဲ့ဝင်

	(၆) ဒေါက်တာရန်မျိုးနိုင် (ဇီဝဗေဒပညာရှင်) - အဖွဲ့ဝင် တို့ ပါဝင်ပြီး စုစုပေါင်း (၆) ဦးဖြစ်ပါသည်။ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ သည် အဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။ ဦးအောင်ဖြိုးပိုင်ဦးမှာ ရေအရည်အသွေး စစ်ဆေးတိုင်းတာခြင်း ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေးပညာရှင် ဦးဝင်းကြိုင်မှာ ရေအရည်အသွေး ထိခိုက်ပါက သစ်ပင်သစ်တောများ ထိခိုက်မှု လေ့လာ စောင့်ကြည့်မည် ဖြစ်ပါသည်။ ဒေါက်တာစိုင်းစံတင့်မှာ ကျန်းမာရေးဘက်ဆိုင်ရာ တာဝန်ယူမည်ဖြစ်ပြီး ဒေါက်တာရန်မျိုးနိုင်မှာ Biodiversity ကို တာဝန်ယူ စောင့်ကြည့် လေ့လာမည် ဖြစ်ပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးရန်ဆယ်ယုံရန် မှာ ဒေသနှင့်သက်ဆိုင်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ မြေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Ground Quality Management Sub-plan)

ရည်ရွယ်ချက်	စီမံကိန်းဧရိယာအတွင်း ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ခြင်းကြောင့် လည်းကောင်း၊ ထွက်ရှိမည့် စွန့်ပစ်မြေစာများကြောင့်လည်းကောင်း၊ မြေထုအရည်အသွေး ထိခိုက်မှု ရှိ/မရှိ သိရှိနိုင်ရန်နှင့် ထိခိုက်မှုများ ရှိလာပါက ထိခိုက်မှုများ လျှော့ချနိုင်ရန်နှင့် Baseline Data များအတိုင်း ပြန်လည် ပြုပြင်သွားနိုင်ရန်အတွက် မြေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။
ဥပဒေဆိုင်ရာလိုအပ်ချက်များ	မြေထုအရည်အသွေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။
အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်	လုပ်ငန်းလည်ပတ်ခြင်းကာလ လုပ်ငန်းပိတ်သိမ်းခြင်းကာလ
စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ	စွန့်ပစ်မြေစာပုံများ တိုက်စားပြိုကျမှုမရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေး နှင့် ဘေးနံရံများ တည်တံ့ခိုင်မြဲမှုရှိစေရေးအတွက် စိုက်ပျိုးထားရှိမှုအခြေအနေများ၊ မြေစာများ၏ ဘူမိဆိုင်ရာ အချက်အလက်များ၊ အသုံးပြုပြီးသော မြေနေရာများ အစားထိုးစိုက်ပျိုးမှု အခြေ အနေများအား စစ်ဆေးမည် ဖြစ်ပါသည်။

စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များ	မြေထုအား စောင့်ကြပ်ကြည့်ရှုမည့် တည်နေရာမှာ - Latitude 27° 23' 55.703" N, Longitude 98° 24' 40.899" E တွင်ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ - As, Pb, Cr, Zn, Hg, Cd, Mo, Cu, pH တို့ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေ - (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ တင်ပြမည့်အစီအစဉ် - အုပ်ချုပ်မှုဒါရိုက်တာနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၆) လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံပါမည်။
ရန်ပုံငွေလျာထားချက်	မြေအရည်အသွေးစမ်းသပ်စစ်ဆေးခြင်း = ၂ သိန်း ကျပ် အလုပ်သမားခအတွက် ကုန်ကျစရိတ် = ၂ သိန်း ကျပ် အခြားဆက်စပ်ကုန်ကျစရိတ် = ၁ သိန်း ကျပ် စုစုပေါင်း = ၅ သိန်းကျပ် ခန့်ဖြစ်ပါသည်။

တာဝန်များ	မြေထုအရည်အသွေးစောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်များအား အောက်ပါအဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (၁) MANG JA TANG DEE (ဒါရိုက်တာ) - အဖွဲ့ခေါင်းဆောင် (၂) ဦးအောင်ဖြိုးပိုင်ဦး (ဘူမိဗေဒပညာရှင်) - အဖွဲ့ဝင် (၃) ဦးဝင်းကြိုင် (စိုက်ပျိုးရေးပညာရှင်) - အဖွဲ့ဝင် (၄) ဒေါက်တာစိုင်းစံတင့် (ဆရာဝန်) - အဖွဲ့ဝင် (၅) ဦးရန်ဆယ်ယုံရမ် (ကျေးရွာအုပ်ချုပ်ရေးမှူး) - အဖွဲ့ဝင် (၆) ဒေါက်တာရန်မျိုးနိုင် (ဇီဝဗေဒပညာရှင်) - အဖွဲ့ဝင် တို့ ပါဝင်ပြီး စုစုပေါင်း (၆) ဦးဖြစ်ပါသည်။ ကုမ္ပဏီဒါရိုက်တာ MANG JA TANG DEE သည် အဖွဲ့ခေါင်းဆောင် ဖြစ်ပါသည်။ ဦးအောင်ဖြိုးပိုင်ဦးမှာ မြေထုအရည်အသွေး စစ်ဆေးတိုင်းတာခြင်း ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေးပညာရှင် ဦးဝင်းကြိုင်မှာ မြေထုအရည်အသွေး ထိခိုက်ပါက သစ်ပင်သစ်တောများ ထိခိုက်မှု လေ့လာ စောင့်ကြည့်မည် ဖြစ်ပါသည်။ ဒေါက်တာစိုင်းစံတင့်မှာ ကျန်းမာရေးဘက်ဆိုင်ရာ တာဝန်ယူမည်ဖြစ်ပြီး ဒေါက်တာရန်မျိုးနိုင်မှာ Biodiversity ကို တာဝန်ယူ စောင့်ကြည့် လေ့လာမည် ဖြစ်ပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးရန်ဆယ်ယုံရန် မှာ ဒေသနှင့်သက်ဆိုင်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၀.၅။ လုပ်ငန်းဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

စီမံကိန်းဧရိယာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကော်မတီဖွဲ့စသည်း ဆောင်ရွက်ထားပြီး အသိပညာပေးခြင်း၊ သင်တန်းပို့ချခြင်း၊ လုပ်ငန်းခွင်အတွင်း သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် Helmet, Safety Boot, Face Mask, Glasses များ ဝတ်ဆင်စေခြင်း၊ လုပ်ငန်းခွင်အသုံးပြုမည့် ပစ္စည်းများအား အန္တရာယ်ဖြစ်မှု ရှိ/မရှိ စစ်ဆေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

Health Impact အတွက် ဝန်ထမ်းများ၏ ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပေးနိုင်ရန် သူနာပြုဆရာမတစ်ဦး ထားရှိပါမည်။ အရေးပေါ်လူနာများအတွက်လည်း ဝန်ထမ်းများအား ရေးဦးသူနာပြုစုခြင်း သင်တန်းများ သင်ကြားပို့ချထားပါမည်။ လုပ်သားများနှင့် မှီခိုသူ မိသားစုများ၊ ဒေသခံပြည်သူများအား စီမံကိန်းရှိဆေးခန်းတွင် အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးပေါ်လူနာများနှင့် စိုးရိမ်ရသော လူနာများအား အနီးဆုံးရှိ ခေါင်လန်ဖူးနှင့် ပူတာအိုမြို့များရှိ ဆေးရုံသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၁၀.၆။ အလုပ်အကိုင်လေ့ကျင့်သင်ကြားပေးမှုနှင့် အရေးပေါ်တုန့်ပြန်မှုများ

သတ္တုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်သားများ ရရှိစေရေးအတွက် သတ္တုတွင်းအင်ဂျင်နီယာများဖြင့်လည်းကောင်း၊ ဘူမိဗေဒပညာရှင်များဖြင့်လည်းကောင်း၊ လုပ်ငန်းခွင် လုပ်ငန်းအဆင့်ဆင့်အား သင်တန်းပေးခြင်း၊ လက်တွေ့ပြသ လုပ်ကိုင်စေခြင်းများအား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

သတ္တုတူးဖော်ခြင်းလုပ်ငန်းများတွင် အဓိကဘေးအန္တရာယ်ဖြစ်စေသော အရာသည် မီးလောင်ကျွမ်းခြင်း ဖြစ်ပါသည်။ မီးလောင်ကျွမ်းခြင်းတွင် (၂) မျိုးဖြစ်နိုင်ပြီး တောမီးလောင်ကျွမ်းခြင်းနှင့် ပေါ့ဆမှုကြောင့် လုပ်ငန်းခွင်ရှိ ဆီသိုလှောင်ရုံ၊ ဝန်ထမ်းအိမ်ယာ၊ ရုံးအဆောက်အဦများ မီးလောင်ကျွမ်းမှုများ ဖြစ်စေနိုင်ပါသည်။ ဒုတိယဘေးအန္တရာယ်သည် လုပ်ငန်းခွင်တွင် မတော်တဆဖြစ်ခြင်း၊ မြေပြိုခြင်းများ ရှိနိုင်ပါသည်။

၁၀.၇။ မြေအောက်မိုင်းလုပ်သားများ အလုပ်လုပ်ကိုင်စဉ် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့် စည်းကမ်းများ

(၁) လုပ်သားများ မြေအောက်လုပ်ကွက်အတွင်းသို့ ဝင်ရောက်သည့်အခါ အန္တရာယ်ကာကွယ်ရေးအတွက် အမာခံဦးထုပ်၊ ရာဘာဖိနပ်၊ ဓါတ်မီး စသည်တို့ကို မဖြစ်မနေ ဝတ်ဆင်ယူဆောင်ရန်

(၂) လုပ်သားများ တွင်းမဆင်းမီ ဝင့်၊ ဝင့်ကြိုးများ ခိုင်ခန့်မှု ကောင်းမကောင်း နေ့စဉ်စစ်ဆေးရန်

(၃) တွင်းဆင်းရာတွင် သတ်မှတ်ထားသော လူစီးကြိုး၊ Safety ခါးပတ်ဖြင့် စနစ်တကျ အဆင်း/အတက် ပြုလုပ်ရန်

(၄) မြေအောက်လုပ်ကွက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများအား ပေါက်ပြဲ ဓါတ်လိုက်မှု မဖြစ်စေရန် ဝါယာကြိုးများအား နေ့စဉ်စစ်ဆေးရန်

(၅) လျှပ်စစ်ဝါယာကြိုးများအား ယမ်းခွဲကြိုးများနှင့် ရောနှောသွယ်တန်းခြင်း မပြုလုပ်ရန်၊ ဂရုတစိုက် လုပ်ဆောင်ရန်

(၆) တွင်းလုပ်သားများအား မြေအောက်လုပ်ကွက်သို့ မဝင်ရောက်မီ လေလုံလောက်စွာ ရရှိစေရန် လေမှုတ်စက်အား ဦးစွာမောင်းနှင်ထားရန်

(၇) မြေအောက်လုပ်ကွက်တွင် ဂန်းထိုးခြင်း၊ ယမ်းဖောက်ခွဲခြင်း လုပ်ငန်းများအား တွင်းဆရာများကိုယ်တိုင် ဦးဆောင်၍ လုပ်ဆောင်ရန်

(၈) ယမ်းဖောက်ခွဲမည့် ဝါယာကြိုးအား (၂) နေရာ ဖြတ်တောက်ပြီးမှသာလျှင် ယမ်းတွဲကြိုးများ ဆက်ရန်

(၉) ယမ်းဖောက်ခွဲခြင်း မလုပ်ဆောင်မီ မိမိလုပ်ကွက်နှင့် နီးစပ်သော လုပ်ကွက်များအား သတိပေးခြင်း၊ မိမိလုပ်ကွက်ရှိ နောက်လိုက်လုပ်သားများ လူစုံမစုံ စစ်ဆေးပြီးမှသာလျှင် တွင်းဆရာများကိုယ်တိုင် ယမ်းဖောက်ခွဲရန်

(၁၀) ယမ်းဖောက်ခွဲပြီး မိနစ် (၂၀) ခန့်ကြာအောင် လေမှုတ်သွင်းပြီးမှသာလျှင် တွင်းဆရာနှင့် နောက်လိုက်တွင်းသား တစ်ဦးတို့ ဝင်ရောက်စစ်ဆေးခြင်း ပြုလုပ်ရန်

(၁၁) ယမ်းဖောက်ခွဲရာတွင် မအောင်မြင်သော ယမ်းတွင်းများ စစ်ဆေးတွေ့ရှိခဲ့လျှင် ရေနှင့် လေတို့ဖြင့် ချူထုတ်ရန် - သံချောင်းဖြင့် မချူရ

(၁၂) မြေအောက်လုပ်ကွက်အတွင်းရှိ ခေါင်းစားများ Shaft နံရံများရှိ ကျန်ဖက်ခဲများ ရှိ/မရှိ တွင်းဆရာများမှ စစ်ဆေးရှင်းလင်းပြီးမှသာလျှင် နောက်လိုက်လုပ်သားများ ဝင်ရောက်လုပ်ကိုင်စေရန်

(၁၃) မြေအောက်လုပ်ကွက်အတွင်းသို့ ဝင်ရောက်သည့်အခါနှင့် ပြန်ထွက်လာသည့်အခါတိုင်း တွင်းလုပ်သားအားလုံးမှ မြေအောက်လုပ်ကွက် အခြေအနေကို အမြဲမပြတ် ကြည့်ရှုစစ်ဆေးရန်၊ ချွတ်ယွင်းနေသော အနေအထားရှိပါက တွင်းကြီးကြပ် (သို့) တွင်းဆရာများအား အကြောင်းကြားရန်

(၁၄) မြေအောက်လုပ်ကွက်အတွင်းရှိ သစ်သားထောက်တိုင်များ ကြံ့ခိုင်မှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ကြံ့ခိုင်မှုအားနည်းပါက ပြန်လည်းအစားထိုး သစ်သားထောက်များ ချက်ခြင်းထည့်ရန် စသည့် စည်းကမ်းများနှင့် အစီအစဉ်များအား ဝန်ထမ်းအားလုံး လိုက်နာစေမည် ဖြစ်ပါသည်။

၁၀.၈။ မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်

သတ္တုတွင်းစီမံကိန်းများတွင် တောမီးများ လောင်ကျွမ်းတတ်ပါသည်။ ထို့အပြင် ဝန်ထမ်း၊ လုပ်သားများ၏ ပေါ့ဆမှုကြောင့်လည်း မီးလောင်မှုများ ဖြစ်ပွားတတ်ပါသည်။

စီမံကိန်းဧရိယာတွင် အဓိကမီးဘေးအန္တရာယ်တစ်ခုမှာ တောမီးမှ ကူးစက်လောင်ကျွမ်းနိုင်သော အခြေအနေဖြစ်၍ စက်သုံးဆီသိုလှောင်ရုံများ၊ ရုံးအဆောက်အဦများ၊ ဂိုဒေါင်များ၊ ဝန်ထမ်းအိမ်ယာများ ဝန်းကျင်တွင် တောမီးကူးစက်လောင်ကျွမ်းမှုကို ကာကွယ်နိုင်ရန် မီးတားလမ်းများ ဆောင်ရွက်ထားရှိပါမည်။ စီမံကိန်းဧရိယာဝန်းကျင်ရှိ သစ်ပင်ငယ်၊ ခြုံနွယ်များနှင့် အမှိုက်များမှ တဆင့်လည်း ကူးစက်လောင်ကျွမ်းနိုင်ပါသဖြင့် ရှင်းလင်းခုတ်ထွင်၍ မီးတားလမ်းများ ပြုလုပ်ထားရှိပါမည်။ အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် စီမံကိန်းအတွင်း ဆောင်ရွက်ထားရှိမည့် ရေစုကန်မှရေအား သွယ်ယူပက်ဖြန်းနိုင်ရန် ရေစုပ်စက်နှင့် ပိုက်များ စီစဉ်ထားရှိပါမည်။ ရုံးအဆောက်အဦ၊ ဝန်ထမ်းအိမ်ယာများတွင် အရေးပေါ် မီးလောင်ကျွမ်းမှုအား ဖြေရှင်းနိုင်ရန် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ ရေကန်နှင့် သဲပုံးများအား (၃) နေရာခန့် အဆင်သင့် ထားရှိပါမည်။ ဝန်ထမ်းများကြောင့်

တောမီးလောင်စေနိုင်သော အကြောင်းအရာများအား စနစ်တကျ ပညာပေး ထိန်းသိမ်းကာကွယ် ထားပါမည်။

စီမံကိန်းအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေး စောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဝန်ထမ်းနှင့် လုပ်သားများပါဝင်သော အရေးပေါ် မီးငြိမ်းသတ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပါမည်။ ဝန် ထမ်းများအား ခေါင်လန်ဖူးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်း၍ မီးငြိမ်းသတ်ရေး သင်တန်းများ သင်ကြားပို့ချသွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားပါမည်။ မီးဘေးကာကွယ်ရေး အစီအစဉ်အရ ကြို တင် စီမံဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နိုင်ရန် မီးဘေးကာကွယ်ရေးအဖွဲ့ အား အောက်ပါအတိုင်း ဖွဲ့စည်းထားပါမည်။

(၁) မန်နေဂျာ - အဖွဲ့ခေါင်းဆောင်

(၂) ဘူမိဗေဒပညာရှင် - ဒု-အဖွဲ့ခေါင်းဆောင်

(၃) သတ္တုတွင်းအင်ဂျင်နီယာ - အဖွဲ့ဝင်

(၄) ရုံးအဖွဲ့မှူး - အဖွဲ့ဝင်

(၅) လုပ်သားခေါင်းဆောင် - အဖွဲ့ဝင်

(၆) လုံခြုံရေးမှူး - အဖွဲ့ဝင်

မီးဘေးကြိုတင်ကာကွယ်ရေး အဖွဲ့ဝင်များ၏ တာဝန်နှင့် ဝတ္တရားများမှာ တောမီးလောင် ကျွမ်းမှုများအား သတိထားစောင့်ကြည့်ရန်နှင့် မီးတားလမ်းများ ဆောင်ရွက်ထားရန်၊ လျှပ်စစ်မီးကြိုး များ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်း သုံးစွဲမှုများကို စစ်ဆေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်ရန်၊ စီမံကိန်း၏ အဆောက်အဦများအား နံနက်၊ နေ့လည်၊ ညနေတွင် မီးဘေးအန္တရာယ် ကြိုတင်စစ်ဆေး မှု၊ သတိပေးမှုများ ဆောင်ရွက်၍ မှတ်တမ်းများ ထားရှိရန်၊ ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှု မဖြစ် ပွားစေရန် နွေရာသီတွင် မီးသတိပေးမှုများအား နေ့စဉ်ပြုလုပ်ပေးရန်၊ လောင်စာသိုလှောင်ရုံများ အား နေ့စဉ် စစ်ဆေးမှုမှတ်တမ်းများ ထားရှိရန်နှင့် ဆီသိုလှောင်ရုံ ဇရိယာတွင် ဆေးလိပ်သောက်သုံး ခြင်းအား တင်းကြပ်စွာ တားမြစ်ရန် စသည်တို့ ဖြစ်ပါသည်။

<u>မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း</u>

ကုမ္ပဏီအတွင် မည်သည့်နေရာမဆို မီးလောင်မှုဖြစ်ပွားလာပါက စနစ်တကျ အမြန်ဆုံး ငြိမ်း သတ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

- လုပ်ကွက်အတွင်း မီးလောင်မှု ဖြစ်ပွားကြောင်းသိလျှင်သိခြင်း အခြားဝန်ထမ်းများအား အော်ဟစ်အသိပေးခြင်း၊ အချက်ပေးသံချောင်းခေါက်၍ အသိပေးခြင်း၊ ဆက်သားစေလွှတ်၍ အသိပေးခြင်း၊ လက်ကိုင်ဖုန်း၊ ဆက်သွယ်ရေးစက်၊ ခရာများ စသည့်ဖြင့် အမြန်ဆုံးအသိပေး ဆက်သွယ်ရမည်။
- မြို့နယ်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း ငြိမ်းသတ်ခြင်း၊ မီးသတ်ကိရိယာများ ယူဆောင်၍ မီးလောင်မှုဖြစ်ပွားသည့် နေရာသို့ အမြန်ဆုံးရောက်ရှိပြီး ငြိမ်းသတ်ပါမည်။
- မီးလောင်မှုဖြစ်ပွားပါက ချမှတ်ထားသော တာဝန်အသီးသီးအလိုက် မီးငြိမ်းသတ်အဖွဲ့၊ နေရာပြောင်းရွှေ့ပေးရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များ ကိုယ့်တာဝန်ကိုယ် အသီးသီးကျေပွန်စွာ ထမ်းရွက်ရမည်။

၁၀.၉။ မြေအောက်လေပြတ်တောက်ခြင်း

တူးဖော်ရေးကျင်းနှင့် မြေအောက်လိုဏ်ခေါင်းများအတွင်း ခဲသတ္တုများ တူးဖော်နေစဉ် မြေအောက်လေပြတ်တောက်ခြင်းကြောင့် ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များမှာ -

(က) ထိခိုက်နိုင်မှုများ

ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်းအား မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍ လိုဏ်ခေါင်းဖြင့် တူးဖော်မည်ဖြစ်ပါ၍ မြေအောက်လေ ပြတ်တောက်ပါက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်သားများ မူးမေ့ခြင်းနှင့် အသက်ဆုံးရှုံးနိုင်ခြင်း စသည်ဖြင့် ဘေးအန္တရာယ်များ ကြုံတွေ့ရနိုင်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း

မြေအောက်လေ ပြတ်တောက်ခြင်း မရှိစေရေးနှင့် ထိခိုက်မှုများ လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများမှာ -

-မြေအောက်လိုဏ်ခေါင်းများအတွင် သတ္တုတူးဖော်ရာတွင် လုပ်သားများ မြေအောက်လေ ရရှိရေးအတွက် (Air Compressor) များ တပ်ဆင်အသုံးပြုပါမည်။

- ရောက်ရှိမည့် အနက်ပေအထိ (၂) လက်မ သံပိုက်လိုင်းဖြင့် သွယ်ယူတပ်ဆင်ထားမည် ဖြစ်ပါသည်။ ထို့အပြင် မြေအောက်လေပေးရန်အတွက် အရန်အဖြစ် လေမှုတ်စက် (2 KW Blower) တပ်ဆင်၍ (၆) လက်မ ပိုက်လိုင်း တပ်ဆင်ထားပါမည်။

- လေဝင်လေထွက်ကောင်းမွန်မှု အခြေအနေများအား လုပ်သားခေါင်းဆောင်မှ စကားပြောစက်များဖြင့် (၁၅) မိနစ် တစ်ကြိမ် စက်မှုတာဝန်ခံနှင့် အဆိုင်းကျ တာဝန်ကျ စက်မှုကျွမ်းကျင်ထံ ဆက်သွယ်သတင်းပို့ရပါမည်။ အရေးပေါ်လိုအပ်ပါက ဆက်သားများ စေလွှတ်၍ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အား ဆက်သွယ်ဆောင်ရွက်ပါမည်။ ပင်မဆက်သွယ်ရေး ဝန်ထမ်းမှလည်း သက်ဆိုင်ရာသို့ အရေးပေါ်အခြေအနေများအား သတင်းပို့ရမည် ဖြစ်ပါသည်။

- မြေအောက်လိုဏ်ခေါင်းများအတွင် နေရာသတ်မှတ်၍ လေပြတ်တောက်ခြင်း ဖြစ်ပေါ်ပါက အသုံးပြုနိုင်ရန် အသက်ရှူရန် ပစ္စည်းကိရိယာများနှင့် အောက်စီဂျင်ဘူးများ ထားရှိပေးမည်ဖြစ်ပြီး ၎င်းပစ္စည်းများ အသုံးပြုရန် လုပ်သားခေါင်းဆောင်များနှင့် လက်ထောက်များအား လေ့ကျင့်သင်ကြားပေးထားမည် ဖြစ်ပါသည်။

၁၀.၁၀။ အရေးပေါ်ထိခိုက်မှုများ ဆောင်ရွက်ပေးရေးအစီအစဉ်

သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းတို့နှင့် man-made errors လူကြောင့် မှားယွင်းသော ပျက်စီးမှုများ ရုတ်တရက်အရေးပေါ် ကြုံတွေ့လာရပါက အောက်ပါအတိုင်း စီမံဆောင်ရွက်သွားပါမည်။

- အရေးပေါ်အခြေအနေ ကြုံလာပါက အားလုံးကြားနိုင်ရန် အချက်ပေးသံချောင်းခေါက်၍ အရေးပေါ် အချက်ပေးပါမည်။
- သက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို ဖုန်းဆက်ပြီး အမြန်ဆုံး သတင်းပို့ပါမည်။
- အရေးပေါ်ကယ်ဆယ်ရေးများ ဆောင်ရွက်ပါမည်။
- အရေးပေါ် အခြေအနေအတွက် ကြိုတင်ဇတ်တိုက် ပြင်ဆင်မှုများအား ပြုလုပ်လေ့ကျင့်သွားမည် ဖြစ်ပါသည်။

တူးဖော်ထုတ်လုပ်မည့် ကာလများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ခြင်းအား ကာကွယ်နိုင်ရန် ဝန်ထမ်းများနှင့် လုပ်သားများသည် Helmet, Safety Boot, Face Mask, Glasses များ ဝတ်ဆင်ဆောင်ရွက် လုပ်ကိုင်နိုင်ရ် စီစဉ် ဆောင်ရွက်သွားပါမည်။

လူကိုအကာအကွယ်ပေးသောပစ္စည်းများ(Personal Protective Equipment)



Fig (10.1) Personal Protective Equipment)

အရေးပေါ်ထိခိုက်မှုများ ရှိလာပါက လုပ်ငန်းခွင်ရှိ ရှေးဦးသူနာပြုစုခြင်း နည်းစဉ်များဖြင့် လည်းကောင်း၊ လုပ်ငန်းခွင်တွင် ယာယီဖွင့်လှစ်ထားမည့် ဆေးခန်းမှ ဆေးဝန်ထမ်းများဖြင့်လည်း ကောင်း ကုသပေးမည်ဖြစ်ပြီး စိုးရိမ်ရသော အခြေအနေရှိပါက ခေါင်လန်ဖူးမြို့နှင့် ပူတာအိုမြို့များရှိ ဆေးရုံသို့ တင်ပို့ကုသပေးသွားမည် ဖြစ်ပါသည်။

အရေးပေါ်အခြေအနေ တုန့်ပြန်ရေးအစီအစဉ်အတွက် ဝန်ထမ်းလုပ်သားများအား ကြိုတင် ဇတ်တိုက်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ကုမ္ပဏီဒါရိုက်တာ Mang Ja Tang Dee ဦးစီးသော အောက်ဖော်ပြပါ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

1. MANG JA TANG DEE	- ဒါရိုက်တာ	- အဖွဲ့ခေါင်းဆောင်
2. ဦးအောင်ဖြုံးပိုင်ဦး	- ဘူမိဗေဒပညာရှင်	- အဖွဲ့ဝင်
3. ဒေါက်တာစိုင်းစံတင့်	- ဆရာဝန်	- အဖွဲ့ဝင်
4. ဦးရမ်ဆယ်ယုံရမ်	- ကျေးရွာအုပ်ချုပ်ရေးမှူး	- အဖွဲ့ဝင်
5. ဦးရင်ထန်ယံခ	- လုံခြုံရေး	- အဖွဲ့ဝင်

၁၀.၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်

ခဲသတ္တု တူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှု (Impact) များအား ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ပြုပြင်ခြင်း၊ သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးခြင်း၊ စောင့်ကြည့်ခြင်း လုပ်ငန်းများအတွက် ကျပ်သိန်း (၂၄၀) အား ရန်ပုံငွေအဖြစ် ထည့်ဝင်ဆောင်ရွက်သွားပါမည်။ လိုအပ်ပါက ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ဒါဘန်ဒေသ လုပ်ကွက် (၁) အတွက် ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်း ကျပ်သိန်း (၃၀၀၀) ခန့် ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကနဦး မတည်ငွေ သိန်း (၂၄၀) ခန့် ရှိနိုင်ပြီး လိုအပ်ပါက ထပ်မံဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရန်ပုံငွေလျာထားချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်နေသော Impact အသီးသီးအတွက် ရရှိမည့် လျာထားငွေ ကျပ်သိန်း (၂၄၀) မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချမည့်လုပ်ငန်းအစီအစဉ် ၁၀၀ သိန်း

(၂) Mine Closure Plan အတွက် လျာထားချက်ပါ ရန်ပုံငွေ ၄၀ သိန်း

(၃) Monitoring ဆောင်ရွက်ရန်အတွက် လျာထားချက်ပါရန်ပုံငွေ ၅၀ သိန်း

(၄) လူမှုကူညီရေး (CSR) လုပ်ငန်းများအတွက် လျာထားငွေ ၅၀ သိန်း

စီမံကိန်းအမှန်တကယ် ဆောင်ရွက်သည့်အချိန်တွင် ရန်ပုံငွေများ လိုအပ်ပါက လိုအပ်သလို ထပ်မံ၍ ဖြည့်တင်းထည့်ဝင်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချမည့်လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေလျာထားချက်

စဉ်	စောင့်ကြည့်မည်ထိခိုက်မှု	လျော့ချမည့်နည်းလမ်း	စစ်ဆေးကြည့်ကြပ်မှုများ		ရန်ပုံငွေ
			Parameter	အကြိမ်ရေ	
၁	ဆူညံသံ	အသံလုံစနစ်များ တပ်ဆင်အသုံးပြုပါမည်။	dBA (တုန်ခါနှုန်း)	(၆) လ (၁) ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၂	မြေပေါ်ရေ မြေအောက်ရေ	Tailing များ ထွက်ရှိမှုအား ကာကွယ်ပါမည်။ ပုံမှန်စစ်ဆေးသွားပါမည်။ လိုအပ်ပါက Treatment ပြုလုပ်သွားပါမည်။	pH, Total Hardness, Iron, Chloride, Sulphate, Total Solid, Dissolved Solids, Manganese, Fluoride, Lead, Cyanide, Zinc, Copper	(၆) လ (၁) ကြိမ်	၂,၀၀၀,၀၀၀ ကျပ်
၃	လေအရည်အသွေး	ယန္တယားများအရှိန်လျော့မောင်းခြင်း၊ လမ်းများ ရေဖြန်းခြင်း၊ ပုံမှန်စစ်ဆေးခြင်း	CO, NO, NO_2, SO_2, PM_{10}, $PM_{2.5}$, RH%	(၆) လ (၁) ကြိမ်	၂,၀၀၀,၀၀၀ ကျပ်
၄	မြေထုအရည်အသွေး	Dumping Site များ စနစ်တကျ စုပုံပါမည်။ Dumping Site များ၏ အောက်ခံအား ရွှံ့များမံ၍ ကာကွယ်ပါမည်။ Dumping Site ၏ ဘေးတွင် ရေနုတ်မြောင်းများတူး၍ စနစ်တကျ တည်ဆောက်ပါမည်။ မြေအရည်အသွေးအား ပုံမှန်စစ်ဆေးပါ မည်။	SiO_2, Fe_2O_3, Al_2O_3, Pb, Cu, Zn	(၆) လ (၁) ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၅	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု - အစိုင်အခဲ - အရည် - - အခိုးအငွေ့ (ဓါတ်ငွေ့)	-Dumping Site များ စနစ်တကျတည်ဆောက်ပါမည်။ -Waste Water ကန်များ တည်ဆောက်၍ အဆင့်ဆင့် သန့်စင် ပြီး Recycle ပြန်အသုံးပြုပါမည်။ -ရေဖြန်းခြင်း၊ လေမှုတ်ထည့်ခြင်းတို့ ဆောင်ရွက်ပါမည်။ အက်ဆစ်ရေဖြစ်သွားပါက ထုံးထည့်၍ ဓါတ်တိုးဓါတ်လျော့ ပြုလုပ်ပါမည်။ လိုအပ်ပါက ဟိုက်ဒရိုက်ပါရောက်ဆိုဒ်ထည့်၍ ဓါတ်ပြယ်စေပါမည်။	-SiO_2, Fe_2O_3, Al_2O_3, Pb, Cu, Zn -pH, Total Dissolved, Solids, MnO_2, CaF_2, Pb, CN, Zn, Cu -CO, NO, NO_2, SO_2, PM_{10}, $PM_{2.5}$, RH%	(၆) လ (၁) ကြိမ်	၁,၅၀၀,၀၀၀ ကျပ် ၁,၅၀၀,၀၀၀ ကျပ် ၁,၀၀၀,၀၀၀ ကျပ်
				Total	၁၀,၀၀၀,၀၀၀ ကျပ်

ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချမည့် လုပ်ငန်းစဉ်များကို ကျပ်သိန်း (၁၀၀) အကုန်အကျခံ ဆောင်ရွက်သွားပါမည်။ လိုအပ်ပါက ထပ်မံထည့်ဝင်သုံးစွဲသွားမည် ဖြစ်ပါသည်။

အခန်း (၁၁)

၁၁။ စောင့်ကြပ်ကြည့်ရှုမည့် အသေးစိပ်အစီစဉ်များ

စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုအစီအစဉ်များကို စီမံကိန်းဆောင်ရွက်မှု အဆင့်တိုင်းရှိ လုပ်ငန်းအားလုံး၏ ဖြစ်လာနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ သက်ရောက်နိုင်မည့်နေရာများ၊ သက်ရောက်နိုင်မှုအဆင့်၊ လျှော့ချနိုင်မည့်နည်းလမ်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှု (Monitoring Plan) အကောင်အထည်ဖော် ဆောင်ရွက်ရန် ယေဘုယျအသုံးစရိတ် (Estimated Budget) များကို အောက်ပါအတိုင်း ထားရှိဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၁၁.၁။ စောင့်ကြပ်ကြည့်ရှုခြင်းအဖွဲ့ဖွဲ့စည်းခြင်း

စောင့်ကြပ်ကြည့်ရှုခြင်းအဖွဲ့အား အောက်ပါဖော်ပြပါအတိုင်းဖွဲ့စည်းတာဝန်ပေးသွားပါမည်-

(၁)	လုပ်ကွက်တာဝန်ခံ - ဦးဆန်ဒေါင်းဂျူ	အဖွဲ့ခေါင်းဆောင်
(၂)	ဘူမိဗေဒပညာရှင် - ဦးအောင်ဖြိုးပိုင်ဦး	အဖွဲ့ဝင်
(၃)	စိုက်ပျိုးရေးပညာရှင် - ဦးဝင်းကြိုင်	အဖွဲ့ဝင်
(၄)	ကျန်းမာရေးကျွမ်းကျင်သူ - ဒေါက်တာစိုင်းစံတင့်	အဖွဲ့ဝင်
(၅)	ဇီဝဗေဒပညာရှင် - ဒေါက်တာရန်မျိုးနိုင်	အဖွဲ့ဝင်
(၆)	ကျေးရွာအုပ်ချုပ်ရေးမှူး - ဦးရန်ဆယ်ယုံရမ်	အဖွဲ့ဝင်

၁၁.၂။ စောင့်ကြပ်ကြည့်ရှုမည့်ရန်ပုံငွေလျာထားချက်

ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့ချမည့် လုပ်ငန်းစဉ်များနှင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအပေါ် စောင့်ကြပ်ကြည့်ရှုနိုင်ရန်အတွက် ကျပ်သိန်း (၅၀) အားရန်ပုံငွေလျာထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်စွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၁.၃။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်

ခဲသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုလျော့ချမည့်လုပ်ငန်းစဉ်များနှင့် ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများအပေါ် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စနစ်တကျစောင့်ကြပ် ကြည့်ရှုသွားမည် ဖြစ်ပါသည်။

၁၁.၃.၁။ ရေအရင်းအမြစ်သုံးစွဲမှု

စီမံကိန်းအတွက် ရေလိုအပ်ချက်မှာ ဝန်ထမ်းများ ချိုးရေ၊ သုံးရေအဖြစ် အသုံးပြုနေသည့် အထွေထွေသုံးရေ ဖြစ်ပါသည်။ ရယူသုံးစွဲသည့် ရေအရင်းအမြစ်မှာ လုပ်ကွက်အနီး စီးဆင်းနေသော ချောင်းမှရေအား သုံးစွဲမည်ဖြစ်ပြီး တစ်ရက်လျှင် (၁၃၈၉) ဂါလံခန့် သုံးစွဲမည် ဖြစ်ပါသည်။ သောက်သုံးရေအဖြစ် ရေသန့်အား သုံးစွဲခြင်းဖြစ်ပြီး တစ်ရက်လျှင် (၂၀) လီတာဆန့် ရေ သန့်ဘူး (၄) ဘူးခန့် သောက်သုံးမည်ဖြစ်ပါသည်။ ရေအရည်အသွေးနှင့် သုံးစွဲမှုပမာဏအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်း ချောင်းရေနမူနာ ကောက်ယူ စစ်ဆေးခဲ့သောနေရာမှာ (Latitude 27° 23' 53.925" N, Longitude 98° 24' 40.899" E) တွင် ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်း ပိတ်သိမ်းပြီးသည့်ကာလ
နေရာ	လုပ်ကွက်အတွင်းရှိချောင်းရေ (Latitude 27° 23' 53.925" N, Longitude 98° 24' 40.899" E)
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	(၆) လတစ်ကြိမ် - pH - Iron (mg/l), Copper (mg/l), Lead (mg/l), Zinc (mg/l), Total Suspended Solid (mg/l), Sulphate (SO4) (mg/l), Arsenic (mg/l)
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	(၆) လတစ်ကြိမ် စမ်းသပ်မှုအား ISO လက်မှတ်ရ (ISO Tech Laboratory) ဓါတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်ပါမည်။

၁၁.၃.၂။ ဆူညံသံ

ခဲနှင့်ရောရာသတ္တု ထုတ်လုပ်ရေးလုပ်ကွက်အတွင်း စက်ယန္တယားများ သုံးစွဲမှုမှ ဖြစ်ပေါ်လာသည့် ဆူညံသံများကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည်ဖြစ်ပါသည်။ တူးဖော်ရာတွင် လိုဏ်ဂူအတွင်းတွင်သာ ယမ်းခွဲမှုလုပ်ငန်း ဆောင်ရွက်မှုရှိခြင်း၊ လုပ်ကွက်ဝန်းကျင်တွင် ကျေးရွာမရှိခြင်းတို့ကြောင့် ဆူညံသံမှာ လူမှုဝန်းကျင်အပေါ် သက်ရောက်မှု မရှိပါ။ တိုင်းတာစစ်ဆေးမှု တည်နေရာမှာ (Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E) တွင် ဖြစ်ပါသည်။ လုပ်ငန်းချိန်သည် နေ့ခင်းတစ်ချိန်သာဖြစ်ပြီး ညအချိန်တွင် လုပ်ငန်းများ လုပ်ဆောင်မည် မဟုတ်ပါ။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
နေရာ	လုပ်ကွက်အတွင်း (Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E)
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	ဆူညံသံများအား လုပ်ငန်းဆောင်ရွက်သည့် နေ့အချိန်များတွင်သာ တိုင်းတာစစ်ဆေးမည်ဖြစ်ပြီး (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ ဝန်ထမ်းအိပ်ဆောင်အနီး ဆူညံသံ (50 dBA) နှင့် လိုဏ်ဂူအနီးတွင် ဆူညံသံ (70 dBA) သတ်မှတ် ဆောင်ရွက်ပါမည်။
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	နေ့အချိန်

၁၁.၃.၃. စွန့်ပစ်ရေ စောင့်ကြည့်မည့်အစီအစဉ်

သန့်စင်စက်ရုံအတွင်းမှ ထွက်ရှိသော စွန့်ပစ်ရေများကို အနည်ထိုင်ကန်တည်ဆောက်သိုလှောင်ပြီး အသုံးပြုမည်ဖြစ်ပါသည်။ လုပ်ကွက်တွင်းနှင့် အစားထိုး စိုက်ခင်းများ ရေလောင်းရန်နှင့် လမ်းရေဖြန်းရာတွင် အသုံးပြုပါမည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
နေရာ	စွန့်ပစ်ရေ စတင်စွန့်ပစ်မည့်နေရာ (Latitude 27° 23' 55.831" N, Longitude 98° 24' 43.811" E)
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	(၆) လတစ်ကြိမ် - Arsenic, Cadmium, Chemical oxygen demand, Chromium (hexavalent), Copper, Cyanide, Cyanide (free), Cyanide (weak acid dissociable), Iron (total), Lead, Mercury, Nickel, pH, Temperature, Total suspended solids and Zinc.
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ စွန့်ထုတ်အရည် အရည်အသွေးများအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

၁၁.၃.၄။ လေထုအရည်အသွေး

လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းအား လုပ်ကွက်အတွင်းရှိ တည်နေရာ (Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E) တွင် ဖြစ်ပါသည်။ လုပ်ကွက်အတွင်း လေထုအရည်အသွေးမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်းတွင်သာ ရှိပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
နေရာ	လုပ်ကွက်အတွင်း (Latitude 27° 23' 50.113" N, Longitude 98° 24' 38.672" E)
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	(၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးမည် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် Parameter များမှာ Carbon Monoxide, Nitrogen Dioxide, Nitrous Oxide, PM_{10}, $PM_{2.5}$ နှင့် SO_2 တို့အား တိုင်းတာစစ်ဆေးပါမည်။
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် National Ambient Air Quality Standards များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပါမည်။

၁၁.၃.၅။ မြေထုအရည်အသွေး

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလိတက်၏ ခဲနှင့်ရောရာသတ္တု တူးဖော်ခြင်းလုပ်ငန်းကို လိုဏ်ဂူဖြင့် တူးဖော်မည်ဖြစ်ပြီး ထွက်ရှိမည့်စွန့်ပစ်မြေစာများမှာ အက်ဆစ်ယိုစီးသောကျောက် (Pyrrohite – $Fe_{x-1}S_2$) များ ပါဝင်ခြင်းမရှိခြင်း၊ လိုဏ်ဂူပြင်ပသို့ ထုတ်ယူမည့် စွန့်ပစ်မြေစာပမာဏ နည်းပါးခြင်း၊ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု၍ တူးဖော်မည်ဖြစ်ခြင်း၊ ဓါတုဆေးအသုံးပြုမှု မရှိခြင်း၊ မြေယာအသုံးပြုမှုနည်းခြင်း တို့ကြောင့် မြေထုညစ်ညမ်းမှု နည်းပါးမည်ဖြစ်ပါသည်။ စွန့်ပစ်မြေစာများ၏ ဘူမိဆိုင်ရာအချက်အလက်များ၊ စွန့်ပစ်မှုအခြေအနေ၊ Back filling ပြုလုပ်မည့်အခြေအနေနှင့် မြေယာအသုံးပြုမှုများကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာစတင်စွန့်ထုတ်မည့်နေရာ လိုက်နာမှတ်များမှာ (Latitude 27° 23' 55.703" N, Longitude 98° 24' 40.899" E) တွင် ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
နေရာ	လုပ်ကွက်အတွင်း (Latitude 27° 23' 55.703" N, Longitude 98° 24' 40.899" E)
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	(၆) လတစ်ကြိမ် ကိုယ်စားပြုနမူနာကောက်ယူမည် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် Parameter များမှာ pH, Organic Carbon, Total Nitrogen, Ca^{++}, Mg^{++}, Na^{+}, K^{+}, P, K_2O
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	စွန့်ပစ်မြေစာပုံများ တိုက်စားပြိုကျမှုမရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေးနှင့် ဘေးနံရံများ တည်တံ့ခိုင်မြဲမှုရှိစေရေးအတွက် စိုက်ပျိုးထားရှိမှုအခြေအနေများ၊ မြေစာများ၏ ဘူမိဆိုင်ရာအချက်အလက်များ၊ အသုံးပြုပြီးသော မြေနေရာများ အစားထိုးစိုက်ပျိုးမှု အခြေအနေများအား စစ်ဆေးမည် ဖြစ်ပါသည်။

၁၁.၃.၆။ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှု

ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်သည် စီမံကိန်းမှအသုံးပြုပြီးသော ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် ပစ္စည်းများ သိုလှောင်ခြင်းနှင့် စွန့်ထုတ်ခြင်းများကို စနစ်တကျ စီမံ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘေး အန္တရာယ်ရှိပစ္စည်းများကြောင့် ဝန်ထမ်းများအန္တရာယ်ဖြစ်စေခြင်း၊ မြေထု၊ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းခြင်း၊ ပတ်ဝန်းကျင်ရှိ ဒေသခံများအား အန္တရာယ်ဖြစ်စေခြင်း၊ သတ္တဝါနှင့်အပင်မျိုးရင်း ဖြစ်ထွန်းမှုများအား ထိခိုက်စေခြင်း စသည်ဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တို့အား ထိခိုက်စေမည်ဖြစ်ပါသည်။ လုပ်ကွက်တွင် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများအနေဖြင့် ယာဉ်နှင့်စက်ပစ္စည်းများ အသုံးပြုသည့်စက်ဆီ၊ ချောဆီအဟောင်းများ ထွက်ရှိခြင်းတို့ ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်း ပိတ်သိမ်းပြီးသည့်ကာလ
နေရာ	လုပ်ကွက်အတွင်း (Latitude 27° 23' 45.381" N, Longitude 98° 24' 40.621" E)
အကြိမ်ရေ၊ တိုင်းတာ စစ်ဆေးမည့် Parameters	အပတ်စဉ်စစ်ဆေးပါမည်။ စက်သုံးဆီများ ထားသို၊ သုံးစွဲ၊ စွန့်ပစ်မှုအခြေအနေများ၊ ဖိတ်စင်မှု အခြေအနေများနှင့် မီးဘေးအန္တရာယ် ကာကွယ်ထားရှိမှု အခြေအနေ များကို စစ်ဆေးပါမည်။
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက် မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အုပ်ချုပ်မှု ဒါရိုက်တာထံ တင်ပြရန်၊ အရေးပေါ် အခြေအနေရှိပါက ချက်ချင်း တင်ပြရန်
သတ်မှတ်ချက်	စက်ဆီချောဆီ သုံးစွဲမှုအခြေအနေများကြောင့် မြေဆီလွှာ၊ မြေပေါ်ရေ မြေအောက်ရေများ ညစ်ညမ်းမှုမရှိစေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်း မှုအား ထိခိုက်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်ပါမည်။

၁၁.၃.၇။ ဂေဟစနစ်

ဂေဟစနစ်ဖြစ်ထွန်းမှုမှာ ၎င်းဒေသ၏ မြေဆီလွှာအရည်အသွေး၊ ရာသီဥတုနှင့် ပင်လယ်ရေမျက်နှာပြင်အမြင့်များအပေါ်တွင် မူတည်၍ ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ဂေဟစနစ်ဖြစ်ထွန်းမှုအပေါ် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ထိခိုက်မှုများအား ဖြစ်ပေါ်စေနိုင်ပါသည်။ စီမံကိန်းဧရိယာသည် ရှားပါးသော တိရိစ္ဆာန်များ၊ မျိုးတုန်းပျောက် ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေးအဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များ မရှိကြောင်း တွေ့ရှိရပါသည်။ ဂေဟစနစ်အား အဓိက ထိခိုက်မှုဖြစ်စေသည့် အချက်များမှာ မြေယာအသုံးချမှုများ၊ သစ်ပင်သစ်တောပြုန်းတီးမှုများ၊ ဒေသပေါက်ပင်များအစား အခြားဒေသမှသစ်ပင်များ ဝင်ရောက်အစားထိုးပေါက်ရောက်စေခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေးများ ပြောင်းလဲစေခြင်း၊ ဆူညံသံများဖြစ်ပေါ်စေခြင်း စသည့်အချက်များ ဖြစ်ပါသည်။ အချို့သောထိခိုက်မှုများမှာ ရေတိုကာလအတွင်း ထိခိုက်စေခြင်းဖြစ်ပြီး အချို့မှာ ဂေဟစနစ်အပေါ် ရေရှည်ထိခိုက်စေနိုင်ပါသည်။ စီမံကိန်းနယ်မြေအတွင်း ဂေဟစနစ်ထိခိုက် မှုမရှိစေရေးအတွက် လျှော့ချမည့်အစီအစဉ်များအဖြစ် မြေယာအသုံးချမှုများ အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း၊ သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ မျိုးရင်းမျိုးစိတ်အပင်များ ထိန်းသိမ်းခြင်း၊ မျက်နှာပြင်ရေ အရည်အသွေးထိန်းသိမ်းခြင်း စသည်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ထိရောက်မှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည် ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
နေရာ	ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ ပေါက်ရောက်နေသော ဧရိယာများ၊ အစားထိုးစိုက်ပျိုးထားသော မြေနေရာများ
အကြိမ်ရေ၊ တိုင်းတာစစ်ဆေးမည့် Parameters	လစဉ်စစ်ဆေးပါမည်။ ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ၊ ရေအရည်အသွေးများ၊ မြေယာအသုံးချမှုနှင့် ပြန်လည်ထူထောင်မှုအခြေအနေ၊ အခြားသော မျိုးစိတ်များ အစားထိုးပေါက်ရောက်မှု အခြေအနေများ
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့

အစီရင်ခံခြင်း	(၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန်
သတ်မှတ်ချက်	တောတောင်ပြုန်းတီးမှု မရှိစေရေးနှင့် ရေစီးချောင်းများ ညစ်ညမ်းမှု မရှိစေရန်၊ တိမ်ကောမှုမရှိစေရန် စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

၁၁.၃.၈။ လူမှုပတ်ဝန်းကျင်အခြေအနေ

စီမံကိန်းတည်နေရာသည် လူမှုပတ်ဝန်းကျင်မရှိသောမြေ (အခြားမြေ) အတွင်းတည်ရှိ နေပြီး အနီးပတ်ဝန်းကျင်တွင် ကျေးရွာမရှိပါ။ လုပ်ကွက်မှ ကားများသွားလာသည့် လမ်းကြောင်း မှာ (၆၀) မိုင်ခန့်ရှိပြီး လမ်းဘေးတွင် ကျေးရွာများ တည်ရှိနေပါသည်။ လုပ်ကွက်ဝန်းကျင်တွင်မူ စိုက်ပျိုးမြေများမရှိခြင်းတို့ကြောင့် ဒေသခံများအနေဖြင့် နေရာပြောင်းရွှေ့ခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးခြင်း စသည့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်မှုမရှိပါ။ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စိန်လွန်တူးဖော်မှုဖြစ်၍ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်ခြင်း နည်းပါးသည့်အတွက် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုမရှိပါ။ သို့သော် လုပ်ငန်းသုံးပစ္စည်းများအား မော်တော်ယာဉ်များပေါ်တင်ခြင်း၊ သယ်ယူခြင်းတို့မှ ဖုန်မှုန့်များထွက်ရှိပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ခဲနှင့်ရောရာသတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဒေသရှိ လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှု အခြေအနေများနှင့် ပစ္စည်းများသယ်ယူပို့ဆောင်မှုလုပ်ငန်းမှ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည် ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ၊ လုပ်ငန်းပိတ်သိမ်းသည့်ကာလ၊ လုပ်ငန်းပိတ်သိမ်းပြီးသည့်ကာလ
စစ်ဆေးမည့်နယ်ပယ်	ကျန်းမာရေးဆိုင်ရာထိခိုက်မှု (ဆူညံသံ၊ တုန်ခါမှု၊ ဖုန်မှုန့်ပျံ့လွင့်မှု၊ လေထုအရည်အသွေး) များအား စစ်ဆေးပါမည်။ လုပ်ကွက်အတွင်းရှိ ချောင်းရေအရည်အသွေးများနှင့် အနည်အနှစ်ပါဝင်မှုအခြေအနေများ စစ်ဆေးပါမည်။ ဒေသခံအလုပ်သမားခန့်ထားရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ဒါဘန်ကျေးရွာ အုပ်ချုပ်မှု တာဝန်ရှိသူများအပြင် ရပ်မိရပ်ဖများနှင့် ဆွေးနွေးစီမံ ဆောင်ရွက်မည့် ကိစ္စရပ်များ

စစ်ဆေးမည့်အကြိမ်	ဆူညံသံများအား လုပ်ငန်းဆောင်ရွက်သည့် အချိန်များတွင်သာ တိုင်းတာစစ်ဆေးမည် ဖြစ်ပြီး (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ ဝန်ထမ်းအိပ်ဆောင်အနီး ဆူညံသံ (50 dBA)၊ လိုဏ်ဂူအနီးတွင် ဆူညံသံ (70 dBA) သတ်မှတ်ဆောင်ရွက်ပါမည်။ (၆) လတစ်ကြိမ် လေအရည်အသွေးအား စစ်ဆေးမည်ဖြစ်ပါသည်။ စစ်ဆေးမည့် Parameter များမှာ Carbon Monoxide, Nitrogen Dioxide, Nitrous Oxide, PM_{10}, $PM_{2.5}$ နှင့် SO_2 တို့ဖြစ်ပါသည်။ ရေအရည် အသွေးစစ်ဆေးမည့်အကြိမ်နှင့် Parameter များမှာ - (၆) လ တစ်ကြိမ် - pH, Iron (mg/l), Copper (mg/l), Lead (mg/l), Zinc (mg/l), Total Suspended Solid (mg/l), Sulphate (SO_4) (mg/l), Arsenic (mg/l)
တာဝန်ယူမည့်အဖွဲ့	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ အုပ်ချုပ်ရေး
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် မော်တော်ယာဉ်ဌာနခွဲ
အစီရင်ခံခြင်း	လစဉ် ဒါရိုက်တာအဖွဲ့ထံ တင်ပြရန်နှင့် (၆) လတစ်ကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
